
www.burmeseclassic.com

အချစ်-ဟာသ-ရသစုံလင်(လုံးချင်းဝတ္ထုရှည်)

# နေဒံ့ဝေါင်

## မုန်တိုင်းထဲကတေးသံ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေအုံခေါင်

# မုန်တိုင်းထဲကတေးသံ

www.burmeseclassic.com

www.burmeseclassic.com

# နေဘုံခေါင်

## မုန်တိုင်းထဲကတေးသံ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၀၁၀၆၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၃၄၀၉၀၇

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၀၈၊ ဇန်နဝါရီလ။

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)

ရွှေဥစ္စာပေတိုက်

တိုက် ၄၊ အခန်း ၁၀၊

ပြည်တော်သစ်ရိပ်သာ၊

ပုဇွန်တောင်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)

အတွင်းပုံနှိပ်သူ - ရွှေပဒေသာအော့ဖ်ဆက်

အမှတ် ၃၁/၃၃၊ ၅၃ လမ်း၊

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

တန်ဖိုး - ၉၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

## အခန်း ( ၁ )

ကျွန်တော့်အခန်းမှာ ပြတင်းနှစ်ပေါက် ရှိပါသည်။ တစ်ခုသော ပြတင်းပေါက်သည် အနောက်ဘက် မိုးကောင်းကင်ကို မြင်ရပြီး တစ်ခုသောပြတင်းမှ မြောက်ဘက် မိုးကောင်းကင်ကို ရှင်းလင်းပီပြင်စွာ မြင်တွေ့ရပါသည်။

ကျွန်တော့်အခန်းလေးထဲမှာ နံရံကပ် ဝေါရှီ(လ်)ပို့စတာ အမျိုးမျိုးနှင့် စာတန်းအမျိုးမျိုးတို့ ကပ်ဆင်ရေးထိုးထားပြီး ခုတင်တစ်လုံး၊ စာရေးစားပွဲတစ်ခုမှအပ တခြားအဖိုးတန်သည့် အဆောင်အယောင်များ ထားရှိတာမျိုး မရှိပါ။

ကျွန်တော့်အခန်းလေးထဲမှာ နာရီပေါင်းများစွာ အိပ်စင်



www.burmeseclassic.com

www.burmeseclassic.com



၍ ကျွန်တော်အနားယူတတ်ပါသည်။ လေတဟူးဟူး ဝင်နေသောကြောင့် အအေးကြိုက်သော ကျွန်တော့်အတွက် အလွန် အိပ်စက်အနားယူ၍ ကောင်းနေစဉ်. . .

ကျွန်တော့်ခန္ဓာကိုယ်ပေါ်ကို ခေါင်းအုံးတစ်လုံး ပစ်ကျလာ၏။ အိပ်စက်ချိန်မှာ အနှောက်အယှက်ဝင်လာ၍ အလွန်စိတ်တိုသွားမိသည်။ မျက်လုံးကို အတင်းဖြဲ ကြည့်လိုက်သော အခါ. . .

"ဟော့ကောင်. . . ထွန်းထွန်း. . . ထတော့လေကွာ။ နေမြင့်နေပြီ ဟကောင်ရ"

ကိုဇိုင်း ဖြစ်နေ၍ ဒေါသတွေ အတန်သင့် ပြန်လျှော့ကျသွားရ၏။ ကျွန်တော်နှင့် ကိုဇိုင်းမှာ ညီအစ်ကို တစ်ဝမ်းကွဲ တော်စပ်သည်။ ကိုဇိုင်းက ကျွန်တော့်ထက် သုံးနှစ်လောက်ကြီးပြီး ကျွန်တော်နှင့် ရွယ်တူသဘောမျိုး သူငယ်ချင်းပေါင်း ပေါင်းနေခဲ့သူ။ ညီအစ်ကို တစ်ဝမ်းကွဲပင်ဖြစ်ငြား တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်း ချစ်ခင်ကြရာတွင် ညီအစ်ကိုအရင်းတွေထက် ဆယ်ဆမျှ သာလောက်သည်။

"ဘယ်နှနာရီ ထိုးနေလို့လဲ"

ကျွန်တော်က ပျင်းကြောဆန့်ပြီး သန်းဝေလျက်မှ ဗလုံးဗထွေး မေးလိုက်ခြင်းပင်။ ကိုဇိုင်းက လက်မှနာရီကို ထောက်ပြရင်း. . .





"ဆယ်နာရီထိုးဖို့ ဆယ့်ငါးမိနစ်လောက်ပဲ လိုတော့တယ်"

ကျွန်တော် အိပ်ရာထဲမှ လူးလဲထလိုက်၏။ အဝတ်အစားသစ်တွေနှင့် စမတ်ကျကျဖြစ်နေသော ကိုဇိုင်းကို ကြည့်မိပြီး. . .

"ဘယ်သွားစရာရှိလို့လဲ"

"ငါ့သူငယ်ချင်းတစ်ယောက်ရဲ့ ကေ့စ်ကို. . . ငါတို့ ကူညီဖို့ လိုက်ပေးရမှာကွ"

"ဘာကေ့စ်လဲ"

"သွားစမ်းပါကွာ. . . မျက်နှာသစ်၊ သွားတိုက်၊ ရေတစ်ခါတည်းချိုး၊ ပြီးရင်. . . အဝတ်အစားလဲ။ ဘရိတ်ဖတ်စ်ကို အပြင်မှာ လွေးမယ်. . . မြန်မြန်လုပ်. . . အချိန်သိပ်မရှုဘူးနော်"

"ကိုဇိုင်းကတော့ လုပ်ပြီ. . .။ ဖြစ်လာရင် အသည်းအသန်ချည်းပဲ။ နောက်ပြီး ဘာမှလည်း မဟုတ်ဘူး"

ပြောပြီး ကျွန်တော် ရေချိုးခန်းဘက် ထွက်လာလိုက်၏။ နာရီဝက်အတွင်းမှာပင် ကိုဇိုင်း ခိုင်းစေသလို ပြင်ဆင်ပြီးဆုံးလိုက်၏။

ကျွန်တော့်မိခင်က မင်္ဂလာဈေးမှာ အထည်ဆိုင် ဖွင့်ထား၍ ဈေးရောက်နေ၏။ အဖေက အစုစပ်ရှယ်ယာ ပါထားသော ရေသန့်ထုတ်လုပ်သည့်စက်ရုံမှာ အထွေထွေမန်နေဂျာရာထူးဖြင့် အလုပ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေ၍ စက်ရုံရောက်နေ၏။

တစ်ဦးတည်သောသားဖြစ်သည့် ကျွန်တော့်မှာ အိမ်ဖော် အဒေါ်ကြီးတစ်ယောက်၊ ခြံစောင့်အဖိုးကြီးတစ်ယောက်နှင့် အိမ်စောင့်ချင် စောင့်၊ မစောင့်ချင်၍ လျှောက်လည်ပတ်ချင် လည်ပတ်၊ ကိုယ့်ဘာသာ နေတတ်သလို နှပ်နေနိုင်၏။

ကျောင်းပြီးထားပြီး သတ္တဗေဒအဓိကဖြင့် ဘွဲ့တစ်ခုရဖို့ စောင့်နေရသည်မှာ ကျွန်တော့်အလုပ်။

အမျိုးအဆွေတွေရှိသော ပြင်သစ်မှာ အလုပ်သွားလုပ်ဖို့ လိုအင်သော စာရွက်စာတမ်းတွေ လိုက်လံဆောင်ရွက်နေရသည်မှာ ကျွန်တော့်အလုပ်။

ပြင်သစ်စာနှင့် ကျောင်းဝင်ခွင့်တွေ တတ်မြောက် ဖြေဆို အောင်မြင်နိုင်ဖို့ လေ့လာကျက်မှတ် ဆည်းပူး သင်ယူနေရသည်မှာလည်း ကျွန်တော့်အလုပ်။

ထိုအလုပ်တွေအတွက် အချိန်ဖဲ့ပေးရခြင်းမှ လွဲလျှင် ကျွန် သည့်အချိန်တွေမှာ ကျွန်တော့်ကိုယ်ပိုင်။ ကျွန်တော် သွားချင်ရာ သွားပြီး နေချင်သလို နေနိုင်၏။ လောလောဆယ်အားဖြင့် ကျွန် တော် သုံးစွဲဖို့ လိုသမျှကို မိဘများကပင် ပေးကမ်း ထောက်ပံ့ထား ကြ၏။





ဒီနေ့ သင်တန်းမရှိ. . .။

ပြည်ပခရီးအတွက် လုပ်ဆောင်စရာ စာရွက်စာတမ်းတွေ ထဲမှာ ဖြည့်ဆည်းစရာတွေ လုပ်စရာမရှိ. . .။

အချိန်အားနေ၍ ကိုဖိုင်းခေါ်ရာကို လိုက်သွားနိုင်သည်။

ကျွန်တော်တို့ အပြင်ထွက်ဖို့ အောက်ထပ် ဆင်းလာသော အခါ အိမ်အောက်ထပ် ဧည့်ခန်းမှာ ဧည့်သည်တစ်ယောက် ထိုင် နေတာကို တွေ့ရ၏။ ဒေါ်အေးမိ လာတွေ့ ဧည့်ဝတ်ပြုထားခဲ့သော အချိုရည်တစ်ခွက်နှင့် ဆိုဖာပေါ်မှာ မတ်မတ်ထိုင်ပြီး သတင်းစာ ဖတ်နေသော ဧည့်သည်။

ကျွန်တော်တို့နှင့် မတိမ်းမယိမ်းအရွယ်လောက်ပင် ရှိပုံရ ၏။ သပ်ရပ်သော ဝတ်စားဆင်ယင်မှုနဲ့ သန့်ပြန့်စွာနေတတ်၊ ထိုင် တတ်ဟန်ပေါ်၏။ ကျွန်တော်တို့ ထိုသူ့အနား ရောက်သွားသော အခါ. . .

"ဒါ. . . ငါ့သူငယ်ချင်း ဇော်ဒင်ဇော်တဲ့. . .။ တစ်နေ့ကမှ စင်္ကာပူက ပြန်လာတာ. . .။ အခု သူ့ရဲ့ကေ့စ်အတွက် သွားရမှာ။ ကေ့စ်ကတော့ အတော်လေးကို ကြီးကျယ်တယ်. . . ဟဲ. . . ဟဲ. . .။ ဇော်ဒင်ဇော်ရဲ့ ကောင်မလေးဆီကို သွားတွေ့ရမှာ။ ကောင်မ လေးရဲ့နာမည်က 'ထိန်ထိန်သာ' တဲ့. . .။ အဲ့ဒီကောင်မလေးကို



www.burmeseclassic.com

www.burmeseclassic.com



ပိုးပန်းနေတဲ့ကောင်တွေ အများကြီးပဲ။ ကောင်မလေးအနားကို ကပ်ရင် အပြတ်ကစ်မယ်လို့ ကြိမ်းဝါးထားတဲ့ ခပ်မိုက်မိုက်နှစ်ကောင်လောက်ရှိတယ်. . .။ အဲဒီကောင်နှစ်ကောင်ရဲ့ အန္တရာယ်ကို လိုရမယ်ရ ကာကွယ်လို့ရအောင်လို့ ကာရာတေး ခါးပတ်နက်ရထားတဲ့ငါ့ကို လူကူလာခေါ်တာလေ။ ငါကလည်း ခါးပတ်နက် ဆိုပေမယ့် ပိုပြီးလုံခြုံစိတ်ချရအောင် ဝူရှူးသမားဖြစ်တဲ့ မင်းကို အားဖြည့်လာခေါ်တာ"

ကျွန်တော် ဝူရှူးသင်တန်း တက်ခဲ့ဖူးတာကို ကိုဇိုင်း သိနေ၍ ခေါင်းခံသင့် ခံရမည့်နေရာမှာ အဖော်လာတွဲခြင်း သက်သက်ဖြစ်နေသည်။

"တရားဥပဒေ ရှိနေတဲ့ နိုင်ငံပါဗျာ. . .။ အဲဒီကောင်တွေ ထင်သလို လုပ်လို့မရပါဘူး. . .။ ကာယကံရှင် ထိန်ထိန်သာက သူတို့ကို လက်ခံရင် ကိုဇော်ဒင်ဇော နောက်ဆုတ်ပေါ့. . .။ လက်မခံရင် ရှေ့တိုးပေါ့. . .။ ဒါနဲ့ ထိန်ထိန်သာနဲ့ ကိုဇော်ဒင်ဇောရဲ့ အခြေအနေက ဘယ်အတိုင်းအတာထိ ရောက်နေပြီလဲ"

ဇော်ဒင်ဇောက ရှက်အမ်းအမ်း ဖြစ်နေရာမှ အပြုံးနှင့် ပြန်ဖြေလာသည်။

"လွန်ခဲ့တဲ့ နှစ်နှစ်လောက်က အဖြေတောင်းထားခဲ့တယ်





ခြင်္သေ့မြို့တော်က အလုပ်လုပ်ပြီး ပြန်လာတဲ့အခါကျရင် အဖြေပေးမယ်လို့ ခိုင်ခိုင်မာမာ တုံ့ပြန်ခဲ့တယ်။ အဲဒါ. . . ဒီကိုပြန်မရောက်ခင် တစ်ပတ်လောက်က ထိန်ထိန့်ဆီ ဖုန်းဆက်လိုက်သေးတယ်။ သူ့ဘက်က အဖြေပေးဖို့ အသင့်စောင့်နေပါ့မယ်လို့ ပြန်ပြောတယ်။ အဖြေတောင်းမယ့်နေ့ကို ဒီနေ့အဖြစ်. . . သတ်မှတ်လိုက်တယ်။ အဖြေပေးမယ့်နေရာနဲ့ နာရီပါ အတိအကျပေါ့"

"ဒါဆိုရင် အခြေအနေ အရမ်းကောင်းတာပဲ"

ကျွန်တော်က ထောက်ပင့်ပြောလိုက်သည်။ ကိုဇိုင်းက. . .

"ဒါ. . . ငါ့ညီ ထွန်းထွန်းတဲ့. . .။ မင်း ဘာမှမပူနဲ့. . .။ ထိန်ထိန်သာ့ဆီကသာ အဖြေကောင်းကောင်းရအောင် ကြိုးစား၊ ဟုတ်လား"

ကျွန်တော်က. . .

"ကိုဇိုင်းနဲ့ ထိန်ထိန်သာနဲ့က မသိဘူးလား. . .၊ မခင်ဘူးလား"

"အခုမှ စတွေ့ဖူးရမှာ. . .။ ငါနဲ့ ဇော်ဒင်က ကျောင်းသားဘဝထဲက တွဲဖြစ်ကြပေမယ့်. . . ဒီကောင် သိပ်လျှို့တာကွ လိုအပ်လာမှ ပြောတာကိုပဲ ကြည့်ပါလား. . ."

"မဟုတ်ပါဘူး ဇိုင်းရာ. . .။ ငါ့တစ်သက်မှာ အမြတ်နိုးရ



www.burmeseclassic.com

www.burmeseclassic.com

ဆုံးသော မိန်းကလေးမို့ မဖြစ်သာလို့ လျှိုထားရတာပါ. . .။ မင်းက မိန်းကလေးတွေဆို ဆွဲဆောင်နည်းအမျိုးမျိုး တတ်တဲ့ကောင်ဆိုတော့ ငါ့ဆီက ဆွဲခေါ်သွားမှာ လန့်နေလို့ပါ. . ."

"ဒါဆို အခု ဘာလို့ လာခေါ်တာလဲ။ ပါသွားမှာ မစိုးရိမ်ဘူးလား"

"အန္တရာယ်တွေရှိရင်. . . မင်းက ရှင်းတတ်လင်းတတ်တယ်။ ငါ့ဘော်ဒါတွေထဲမှာ မင်းက အားကိုးလောက်လို့ပေါ့ကွာ"

"ဒီမှာ ဇော်ဒင်. . . ငါက ပိုက်ကွန်ကို ရေထဲမှာ ချထားတာ။ ကွန်ပစ်သလို လိုက်ပစ်ပြီး ငါးတွေကို ဖမ်းနေတာမဟုတ်ဘူး။ ငါ့ဘာသာ ချထားတဲ့ပိုက်ကို. . . သူ့အလိုလို တိုးဝင်လာတဲ့ငါးမှန်သမျှတော့. . . အလွတ်ပေးရိုးထုံးစံ မရှိဘူး။ ငါ ပိုက်ချထားတဲ့ ရေလမ်းကြောင်းထဲ မင်းရဲ့ငါးရံ့ကိုယ်လေး ရောက်မလာအောင် မင်းဘာသာမင်း ဖန်တီးယူ. . .။ ငါပြောတာ အိုကေရဲ့လား"

မိန်းမနှင့် ပက်သက်လာရင် ကိုယ့်ကိုကိုယ် အထင်ကြီးတတ်လွန်းသော ကိုဂိုင်းကို ဇော်ဒင်ဇောပင် မပြောနှင့်၊ ညီအစ်ကို ဝမ်းကွဲဖြစ်သော ကျွန်တော်ပင် စိတ်အချဉ်ပေါက်လာမိ၏။

"ငါးမန်းနဲ့ တိုးမှ အဲ့ဒီပိုက် စုတ်ပြတ်သတ်သွားလိမ့်မယ်"

ကျွန်တော် ထောက်လိုက်သောစကားကြောင့် ဇော်ဒင်ဇော





သဘောကျပြီး တဟားဟား ထရယ်၏။ ကိုဂိုင်းက အရှက်ပြေလိုက်ရယ်ရင်းမှ. . .

"ငါးမန်း အတိုးခံနိုင်တဲ့ပိုက်. . . ငါးမန်း ဖမ်းတဲ့ပိုက်ကို ချထားမှာကွ"

ကျွန်တော် ကျွတ်စုပ်သတ်ပြီး ခေါင်းယမ်းခါ၍ ပြောလိုက်၏။

"ငါးမန်းဖမ်းတဲ့ပိုက်နဲ့ ငါးရံ့ကို ဖမ်းလို့မရနိုင်ဘူးလေ"

"ရတယ်ကွာ. . . ရကိုရရမယ်"

"ဘယ်လိုဖမ်းမလဲ"

"ပိုက်နှစ်ထပ်ချမယ်. . . ပိုက်သေးရော၊ ပိုက်ကြီးရော အိုကွာ. . . လိုအပ်ရင် လေးထပ်ချမယ်. . . ကဲ"

ဇော်ဒင်ဇော ဝင်ပြောလာ၏။

"ကဲ. . . မင်းတို့ညီအစ်ကိုတွေ အခုတင်စား ပြင်းချက်ထုတ်နေတဲ့ ငါ့လုပ်ငန်းအကြောင်း ပြောကြမှာလား. . .။ ငါ့ကောင်မလေး ချိန်းထားတဲ့ နေရာရောက်အောင် ငါတို့ အချိန်မီ သွားတွေ့ရမှာလား"

"ဟုတ်သားပဲ. . . ထ. . . မြန်မြန်သွားကြစို့"

သုံးယောက်သား အိမ်ထဲမှ တက်ကြွ သွက်လက်စွာ လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြီး ကိုဗိုင်းရဲ့ခဲသားရောင် ဇိမ်ခံကားပေါ် တက်လိုက်ကြသည်။

ရန်ပွဲနှင့် တိုးမှာစိုး၍ ဘုရားတပြီး လိုက်ရမည်လား။

"ထိန်ထိန်သာ"

တဲ့။

နာမည်လေး ကြားရရုံဖြင့် လူကို တွေ့ချင်လာ၏။

ဘီလူးနှစ်ကောင် စောင့်ကြပ်ခံရလောက်အောင် ဘယ်လောက်တောင်များ ထိန်ထိန်သာသာ လင်းနွဲ့လှပနေလို့ များလဲ။

ခဲသားရောင် ဇိမ်ခံကားလေးကတော့ လေဟုန်ကိုခွဲ၊ ပြေးနေဆဲ။

❦ ❦ ❦



## အခန်း ( ၂ )

ဗဟန်းမြို့နယ်ထဲမှ လမ်းသွယ်လမ်းမြွာထဲကို ကားမောင်းဝင်လိုက်၏။ အိမ်ကြီးအိမ်ကောင်းတွေကို ကွေ့ပတ်မောင်းနှင်လာပြီးသည်နှင့် အိမ်ငယ်လေးတွေ ကြားညှပ် ပြွတ်သိပ်နေသော လမ်းမြွာထိပ်မှာ ကားကို ရပ်လိုက်၏။

ထိုစဉ်မှာပင် ခေတ်မီ လှပသော ဝတ်စားဆင်ယင်မှုဖြင့် မိန်းကလေးတစ်ယောက် ကားရှိရာသို့ လျှောက်လာ၏။ နောက်ခန်းမှာ ထိုင်နေသော ဇော်ဒင်ဇောက ကားတံခါးကို ဖွင့်၍ စောင့်ကြိုနေ၏။ ယာဉ်မောင်းနေရာမှ ကိုဗိုင်းက မျက်မှန်ကို နှာတံအောက်သို့လျှောလိုက်ပြီး မိန်းကလေးကို လှမ်းကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း အကဲခတ်သလို လှမ်းကြည့်လိုက်၏။

မိန်းကလေးရဲ့ အသားအရေက တမင်ဂရုစိုက် မြူပြင်ထား သလို ဝင်းနှစ် ဝါရွှေနေ၏။

ဒါ ထိန်ထိန်သာပဲ ဖြစ်မယ်။

နီယောင်သန်းသော ဆံပင်စုကြီးကို စုစည်းပြီး ကျောမှာ ချထား၏။ သေးမျှင် ကျစ်လစ်သော ဆွဲကြိုး၊ ဆွဲသီးလေးမှာ ရွှေ ရောင် တလက်လက်။ ဆေးတင်ထားသော နှုတ်ခမ်းလေးက ရဲရဲ စွေးနေ၏။ မျက်နှာအရေပြား တင်းရင်း ချောမွတ်ပြီး မျက်တောင် ကော့ကြီးတွေ တဖျတ်ဖျတ်ခတ်၍ ကြည်လဲ့မျက်ဝန်းနှင့် ကားထဲ ကို လှမ်းကြည့်၏။

ဇော်ဒင်ဇောက လက်ကမ်းပေးလိုက်သောအခါ ကမ်း လက်ကို လှမ်းကိုင်ပြီး ကားထဲဝင်ထိုင်၏။ ကားတံခါး ပိတ်လိုက် သည်နှင့် ရန့်ပြင်းသော ရေမွှေးနံ့ကို စတင်ရှူရှိုက်လိုက်ရ၏။

ကားအတွင်း အနံ့သင်းစေသော ရေမွှေးနံ့ကို မိန်းကလေး ရဲ့ရေမွှေးနံ့က လွှမ်းခြုံသွား၏။ ကားမောင်းထွက်လာစဉ်မှာ ဇော်ဒင်ဇောက. . .

"ကိုယ်တို့ ဘယ်ကို သွားကြမလဲ"

"စကားပြောလို့ကောင်းမယ့် တစ်နေရာရာပေါ့"





"ကဲ. . . ကိုဇိုင်း. . . ကြားတဲ့အတိုင်းပဲ"

ရေကူးကန်နှင့် တွဲဖွင့်ထားသော ကတ်ကြေးကိုက်၊ မြီးရှည်၊ အသားကင်နှင့် အခြားစားသောက်ဖွယ်ရာတွေ ရောင်းချသော တိုင်းရင်းသားတွေ ဖွင့်ထားသည့် စားမြိန်ဆိုင်ဝင်းလေးထဲကို မောင်းချလာခဲ့သည်။

မြင်ကွင်းလှသော စားပွဲမှာ နေရာယူဖြစ်ကြပြီးသောအခါ မှ ဇော်ဒင်ဇောက နှစ်ဖက်စလုံးကို မိတ်ဆက်ပေးလာ၏။ ကျွန်တော် က စားသောက်ဖွယ်ရာတွေ မှာကြားပေးရင်းမှ အလိုက်သင့် ခေါင်း ညိတ်ပြုံးပြလိုက်ရ၏။

ဇော်ဒင်ဇောက တက်ကြွ လန်းဆန်းစွာဖြင့် ကိုဇိုင်းကို လှမ်း ပြီး စကားပြောနေစဉ် ထိန်ထိန်သာရဲ့မျက်လုံးတွေက ကိုဇိုင်းထံ မှာ သက်ရောက်နေ၏။ အားကောင်းသော သက်ရောက်မှု၊ အားကြီး သော သံလိုက်အဖိုဓာတ်ရဲ့ ဆွဲငင်စက်ဝန်းမှ အမဓာတ်ရဲ့ ငြိစွန်း ယွန်းချဉ်းလာသော ကြည့်မြင်ခနမှု။

ဇော်ဒင်ဇောက ပြည်ပအတွေ့အကြုံတွေ ကရားရေလွှတ် သလို ပြောနေရ၍ ထိန်ထိန်သာကို ဂရုမထားနိုင်။ ဇော်ဒင်ဇော ရဲ့စကားတွေကို ပြုံးလိုက်၊ တည်လိုက်၊ ခေါင်းညိတ်လိုက်၊ အံ့ဩ လိုက်နှင့် နားထောင်ပေးနေသော ကိုဇိုင်းက ထိန်ထိန်သာရဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြည့်ကို ရိပ်စားမိနေဟန်တူ၏။

စားသောက်ဖွယ်ရာတွေ ရောက်လာ၍ ကျွန်တော်က အစီအစဉ်တကျ ခင်းတည်ပေးလိုက်၏။

အလို. . . ရဲတင်းစူးရှသည့် ထိန်ထိန်သာရဲ့ အကြည့်တွေက ကိုဖိုင်းမျက်နှာပေါ်မှ မခွာသိမ်းပေ။ ကျွန်တော့်ကိုမူ ရှိတယ်၍မျှ သဘောထားပုံမရ။

ဇော်ဒင်ဇောကလည်း အဖြေရရှိတော့မည့် မိန်းမတစ်ယောက်ရဲ့ရှေ့မှာ ကြွားလုံး၊ ဟိတ်ဟန်လုံးတွေ တဝုန်းဝုန်း ဖောက်ခွဲနင်းပြောနေ၏။ သားကောင်ဖမ်းခြင်းပညာကို တတ်လွန်း ကုံလုံနေသော ကေသရာဇာခြင်္သေ့မင်းတို့ရဲ့ ဣန္ဒြေရရ စောင့်ကြည့်မှုမျိုးနဲ့ ကိုဖိုင်း အာရုံနှစ်ခွ ထိန်းထားနိုင်နေ၏။

ကျွန်တော်က သူတို့သုံးယောက်ကို တစ်လှည့်စီ မသိမသာ အကဲခတ်နေမိ၏။

အားစမ်းချင်သည်လား။ အားနွဲ့ချင်သည်လားရယ်ဖြင့် တိတိကျကျ မသိရသော်ငြား အားပြုချင်နေသည်မှာ ပီပြင်ပေါ်လွင်နေသော ထိန်ထိန်သာရဲ့ညို့မျက်ဝန်းတွေ တလဲ့လဲ့ လက်ပနေလေဆဲ။

"ကဲ. . . ဒါဆို တို့တစ်တွေ မှာထားတာ စားလိုက်ကြအောင်"

"ရှောင်ပေးမှာပါ. . . ဇော်ဒင်ရာ။ သိပ်လောကြီးမနေစမ်းပါနဲ့. . .။ ထိန်ထိန်သာက ထွက်ပြေးသွားမယ့်သူမျှား ထင်နေသလား။ သိလား. . . ထိန်ထိန်သာ၊ ဒီကောင်က တကယ့်ကလေးလိုပဲ. . . လိုချင်ရင် ချက်ချင်း"

ကိုဖိုင်းက ထိန်ထိန်သာဘက် လှည့်နွယ်ပြီး ပြောလိုက်ခြင်းဖြစ်သည်။ ကိုဖိုင်း ပိုက်မြင်လိုက်တာ ကျွန်တော် သတိပြုမိလိုက်၏။

ကျွန်တော်တို့အားလုံး စားသောက် ပြီးစီးသွားကြသောအခါ. . .

"နောက်လည်း လမ်းကြုံရင်ခေါ်ပါ. . .။ ကိုယ်ကတော့ ထပ်ဆုံဖို့ အများကြီး မျှော်လင့်ထားပါတယ်။ ကိုယ့်နာမည်. . . ကိုဖိုင်းနော်. . .။ မေ့သွားမှာစိုးလို့ ကိုယ့်ဘက်ကတော့. . ."

ကိုဖိုင်းက ထိန်ထိန်သာ့ကို ကြည့်ပြီး ပညာသားပါပါ စကားလုံးတွေ ထည့်လိုက်၏။ ထိန်ထိန်သာက. . .

"ကျွန်မ လွယ်လွယ်နဲ့ မမေ့တတ်ပါဘူး. . .။ ကိုဖိုင်းက ပြောတတ် ဆိုတတ်သားပဲနော်"

အခုမှပင် အကဲခတ်ဖော်ရသော ဇော်ဒင်ဇော၊ ကိုဖိုင်းနှင့်







www.burmeseclassic.com

www.burmeseclassic.com



ထိန်ထိန်သာတို့ အပြောအဆိုကို တစ်လုံးချင်း ပြန်တွေးစိစစ်နေဟန်ဖြင့် နားထောင်နေ၏။ ကျွန်တော် အလိုက်တသိပင် ဘီလ်တောင်းလိုက်၏။

ဘီလ် ရောက်လာ၍ ဇော်ဒင်ဇောက ဘဏ်ကတ်တွေ၊ လက်မှတ်တွေနှင့် အလုပ်အနည်းငယ်များပြီး အာရုံတွေးသွားချိန်မှာ. . .

"ဆုံမယ်နော်"

ကိုဇိုင်းက မြွေလို ညို့သောအကြည့်နှင့် ထိန်ထိန်သာကို ပြောလိုက်သည်။ ကိုဇိုင်း ပိုက်ကို ရေထဲချလိုက်တာ ကျွန်တော် နားလည်လိုက်၏။ တစ်ဖက်မှ မြူသောနှုတ်ခမ်းလေး လှုပ်ရှသွား၏။

"သဘောပဲလေ"

ပိုက်ကို ဝင်တိုးလိုက်သော ငါး၊ ဘယ်လိုငါးလဲ၊ ဘယ်လိုအရွယ်အစားရှိတဲ့ ငါးလဲ၊ ပိုက် ဘယ်နှစ်ထပ် ချထားသလဲ၊ ဘယ်ပိုက်မှာ သွားငြိမလဲ။

ကျွန်တော် အကဲခတ် လေ့လာနေရင်း ရင်ထဲက အလိုလိုလှုပ်မောချင်လာ၏။ ဇော်ဒင်ဇောက တွေ့ဆုံချိန် ခဏလေးအပေါ်မှာ ဖြစ်ပျက်သွားသော အခြေအနေကို ကျွန်တော့်ရဲ့ ထက်ဝက်





လောက်မျှ ရိပ်စား နားလည်လိုက်မိပုံမရ။

ကိုဇိုင်းအပေါ် အယုံလွန်နေ၍များလား။ ထိန်ထိန်သာအပေါ် မြတ်နိုးစိတ်ဖြင့် ကိတ်တိတ်ကလေး နားလည် ခွင့်လွှတ်ပေးနေတာများလား။ သိလျက်နဲ့ မသိချင်ယောင် တမင်ဆောင်နေတာများလား။ ဟကယ်မသိ၍ မသိတာလား။

"ဒါဆို. . . ငါတို့ ညီအစ်ကိုနှစ်ယောက် ကားပေါ်မှာပဲ ကက်ာက် နားထောင်ရင်း အေးအေးလူလူ စောင့်တော့မယ်။ မင်းတို့မောင်မယ်တွေစုံ ဆက်ပြီး. . . ရင်ခုန်ဆွေးနွေးကြပေါ့"

ကိုဇိုင်းရဲ့စကားတွေကြောင့် ဇော်ဒင်ဇောက ပြုံးဖြဲသွားသလောက် ထိန်ထိန်သာဘက်ကမူ နှာခေါင်းရှုံ့ပြလာ၏။

ကျွန်တော်တို့နှစ်ယောက် နှုတ်ဆက်ပြီး ကားရပ်နားရာမှာ ရပ်ထားသော ကားပေါ် ဝင်ထိုင်လိုက်ကြ၏။

"မင်း ဘယ်လိုသဘောရသလဲ. . . ထွန်းထွန်း"

"စားလို့ မကောင်းဘူးထင်တယ်"

"ဘာဖြစ်လို့လဲကွ"

"အစပ်လွန်တယ်"

"ငါက အစပ်ကြိုက်ပဲ ကောင်ကွ။ ကြိုက်သလောက် စပ်စမ်းပါစေ။ စပ်လေ. . . ကြိုက်လေပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မျက်နှာလွှဲပြီး ခေါင်းတခါခါဖြင့် ရယ်နေလိုက်၏။

"ဟော့ကောင်. . . မင်း ဘာရယ်တာလဲ"

"နန်းကြီးသုပ်ကို ကျွန်တော် ပြောနေတာဗျ"

ကိုဇိုင်း တဟားဟားထရယ်ရင်း. . .

"ငါလည်း နန်းကြီးသုပ်ကို ပြောတာပါပဲကွာ"

"သဘောပေါက်တယ်လေ. . .။ ကိုဇော်ဒင်ကြီးအတွက် ရင်လေးတယ်။ မတည်ငြိမ်တဲ့ မီးတောက်ကိုမှ ဘဝရဲ့ အလင်းရောင်လို့ နှလုံးသားနဲ့ ထာဝရ ခမ်းတနား သတ်မှတ်ထားခဲ့ပြီးပုံရတယ်။ စိတ်မကောင်းစရာပဲ"

"ထိန်ထိန်သာဟာ လမင်းဖြစ်နေရင် ပြဿနာမရှိပါဘူး။ ထိန်ထိန်သာနေတဲ့ နေမင်းဖြစ်ရင်တော့. . . ကိုဇော်ဒင် မကြာခင် အရည်ပျော်ခံရတော့မယ်နဲ့ တူတယ်။ နေမင်းနဲ့နီးအောင် တိုးဝင်လေ ပိုပြီး မြန်မြန်ပျော်ကျလေ ဖြစ်တော့မှာပဲ"

"အေးကွာ. . . ဇော်ဒင်အတွက် ငါ ဝင်ဖျက်ပေးသင့်ရင် ဖျက်ပေးရမှာပဲ။ ကောင်မလေးရဲ့အာရုံက ဒီကောင့်အပေါ်မှာ မငြိမ်ဘူး။ ဒီကောင်က ပြဒါးကို လက်နဲ့ဖမ်းဖို့ ကြိုးစားနေတယ်။ ဒီကောင့်ရဲ့ ရှေ့လျှောက်ရမယ့်. . . အိမ်ထောင်ရေးလမ်းကြောင်းအတွက် ဒီကောင်နဲ့ မလိုက်ဖက်တဲ့ ထိန်ထိန်သာရဲ့ မတည်ငြိမ်မှု၊ ဟန်ဆောင် မရိုးသားမှု၊ အံ့သွေ့ ပြောင်းလဲဝင်စားတတ်မှုတွေကို ငါ ဝင်ဖော်ထုတ်ပေးလို့ရရင် ကောင်းမှာပဲ"





"သူ့သဘောသူ ဆောင်ပါစေ ကိုဇိုင်းရာ. . .။ သာယာနေတဲ့ သူ့ကမ္ဘာလေးကို သွားဖျက်ဆီးမိသလို ဖြစ်နေပါဦးမယ်"

"ထိန်ထိန်သာက ဇော်ဒင့်အပေါ် တကယ်ရင်ခုန်နေတယ်လို့ မင်းထင်နေသလား ထွန်းထွန်း"

"မဆိုလိုပါဘူး"

"ထိန်ထိန်သာရဲ့ အကြည့်တွေကို ငါသိနေတယ်။ သူများနဲ့ မတူတဲ့အကြည့်ရဲ့ လှုံ့ဆော်မှုလှိုင်းက ငါ့ရင်ကို ခတ်သွားတယ်။ ငါပြောရဲတယ်။ ငါ့အပေါ်. . . ထိန်ထိန်သာ ယိမ်းညွတ်သွားတာ သေချာတယ်"

"ဟိုမှာ အဖြေပေးနေပြီလေ. . . စည်းလေးဘာလေး ထားစမ်းပါဗျာ"

"အဲဒီအဖြေက တစ်ပိုင်းတစ်ကန့် ထားလိုက်စမ်းပါ။ ဇော်ဒင့်အပေါ် စည်းထားလို့ သူငယ်ချင်းဆိုတဲ့စေတနာနဲ့ သူရင်ခုန်နေတဲ့ ထိန်ထိန်သာဟာ. . . ပိုင်မိန်းမမျိုးပဲဆိုကာ ဒါနဲ့သက်သေပြပြီး ရှင်းပြချင်နေတာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ခက်ပြီ။ အစွယ်ရှိသူတွေက အစွယ်အားကိုးပြချင်ကြ၏။ ကျွန်တော်နှင့် အနေသာကြီးမို့ အကုသိုလ် ဖြစ်လောက်သော မှတ်ချက်တွေ ဖြတ်-ညှပ်-ကပ် ပြောပြမနေချင်တော့။

"ငါ့သဘောထားကို မင်း သဘောတူရဲ့လား"

"ဝေးဝေးနေပါရစေ"

"ဘာကြောင့်ကြစရာ ရှိလို့လဲ"

ကျွန်တော် လက်နှစ်ဖက် မြှောက်ခါပြလိုက်မိ၏။ ကိုဇိုင်းက ကျွန်တော့်လက်မောင်းကို သူ့လက်သီးဖြင့် ခပ်ဖွဖွ လှမ်းထိုးရင်း. . .

"ငါ့ညီဖြစ်ပြီး. . . ဒီလိုကျရင် မင်းမစွံဘူး မဟုတ်လား။ မစွံတာကို ရဲရဲဝန်ခံလိုက်စမ်းပါ ထွန်းထွန်းရာ"

"ပြောတော့ဗျာ. . . မိုးပေါ်မှာ ပျံနေတဲ့ ငှက်ချင်းတူပေမယ့် ပျံသန်းနည်းခြင်း ကွဲလွဲနေတာ၊ ဖြစ်တတ်တဲ့ သဘာဝတရားတစ်ခုလို ကိုဇိုင်းက ပုံသေနည်းကျ ယူဆချင်နေတာပဲ"

"ဒါတွေခေါက်. . . မင်း တစ်ခုလောက် အရေးပေါ်တွေး ကြည့်စမ်းကွာ"

"ဘာလဲဗျ"

"ဇော်ဒင်ကိုယ်တိုင်ကတော့. . . ထိန်ထိန်သာ့ကို တကယ်





ရင်ခုန်နေတယ်လို့ မင်းထင်သလား"

"ယင်တယ်. . . ဇော်ဒင်ရဲ့ ပြောဆို ဆက်ဆံနေထိုင်ပုံတွေကို ခဏအတွင်း အကဲခတ်လိုက်ရပေမယ့် ထိန်ထိန်သာ့အပေါ် အသည်းအသန် စွဲနေတဲ့. . . အသည်းစွဲ ချစ်တတ်သူကြီးပဲဆိုတာ တကယ့်ကိုယုံတယ်"

"ဒါဆို ထိန်ထိန်သာနဲ့လွဲရင်. . . ဒီကောင် အကြီးအကျယ် ကြေကွဲသွားမှာပေါ့"

"ကြိမ်းသေတာပေါ့. . . ဒါကြောင့် ဝင်မပါစေချင်တာ"

"ဒီကောင်. . . နောက်တော့မှ အချိုကြီးထကွဲမှာ။ ငါကြို သနားနေမိတယ် ထွန်းထွန်းရာ"

"အသက်နဲ့ အဝေးကြီးပါဗျာ. . ."

"အင်းလေ. . . မင်းက ငါ့ညီပဲ။ ငါ့ကို စေတနာနဲ့ အကြံပေးတယ်ဆိုတာ ငါသိပါတယ်. . . ခက်တာကကွာ. . ."

"ဘာခက်တာလဲ"

"ငါ ချထားတဲ့ ပိုက်ကွန်မှာ သူ လာဝင်တိုးမိနေပြီ"

"ဒါများ. . . လွယ်ပါတယ်၊ ပိုက်ကို ပြန်ဆက်ပြီး တွယ်ငြိနေတဲ့ငါးကို ပြန်လွှတ်ပေးလိုက်ပေါ့. . .။ နှင့်အသက် တစ်ခါလွှတ် ငါ့အသက် အကြိမ်တစ်ရာလွှတ်. . .။ ဟော. . . ပြွတ်ခနဲ ကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com



တောင်ရသေးတယ်"

ကိုဇိုင်း ဟက်ခနဲ ရယ်၏။ ပြီးလျှင် ပြန်တည်ပြီး...

"မင်းပြောသလောက် လွယ်ရင်တော့ ကောင်းတာပေါ့ကွာ။ ငါထင်တယ်...ငြိတော့ငြိနေပြီ။ ဒီတော့...ငါ့ပိုက်ကွန်အသား ကိုလည်း မစုတ်ပြဲစေချင်ဘူး။ ဒီလိုနည်းနဲ့ ငြိနေတာ သူ့ အလိုလို ပြုတ်ချင်ပြုတ်သွား...မပြုတ်သွားလို့ကတော့ ငြိတဲ့အတိုင်းပဲ ဆက်သွားမယ်"

"ထိန်ထိန်သာဘက်က ဘာမှမလာသေးဘူး။ ပိုင်သေအလုံး တွေနဲ့ချည် ရိုက်ထည့်နေပါလား ကိုဇိုင်းရာ...။ မိန်းမဆိုတာ မှုသေပိုင်သေ တွက်လို့ရတဲ့...တန်ဖိုးမဟုတ်ဘူး။ ကျွန်တော်က ကိုဇိုင်းလောက် မိန်းမနဲ့ပတ်သက်ရင် မစွံပေမယ့် ကိုဇိုင်းမျက်စိ လျှမ်းနေတဲ့အကွက်ကို ထောက်ပြလိုက်တာ"

"မင်းမှားနေပြီ ထွန်းထွန်း...။ ဘယ်မိန်းမတွေနဲ့မှ မတူ တဲ့ ထိန်ထိန်သာမို့လို့ ငါဘက်က ပိုင်သေပြောနေတာပေါ့"

ထိန်ထိန်သာ့ဆီမှ အဖြေတောင်းခံနေသော ဇော်ဒင်ဇော ကြီးခများ လျှာခလုတ် တိုက်မိနေရှာပြီလား မသိ။ ကျားကြောက် လို့ ရှင်ကြီးကိုးမိကာမှ ရှင်ကြီးကျားထက် ဆိုးနေရှာပါပြီကော။ အားကိုးအရှာ မှားမိ၍ ရည်းစား အပါခံလိုက်ရတော့မည့်အရေး





သာ ဇော်ဒင် အကြားအမြင်ရှိ၍ လှမ်းသိလိုက်ရရှာလျှင် ဝက်ဝက် ကွဲ ငိုချင်းသံပြကြီး သံကုန်ချလိမ့်မည်ထင်ပါသည်။

မတည်ငြိမ်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ အညွှာဆိုတာ ကိုဇိုင်း ပြောသလောက်ကို ကျိုးကြွေလွယ်ပါ့မလား။

မိန်းမတွေရဲ့အထာကို စာတွေ၊ လက်တွေ့ လေ့လာဆည်း ပူးအားကောင်းသော ကိုဇိုင်းရဲ့ ပြတ်ပြတ်သားသား အပိုင်စကား လုံးတွေမို့ ကျွန်တော် ယုံရအခက်၊ မယုံရအခက်။

တစ်နာရီလောက်အကြာမှာ ဇော်ဒင်တို့ ရောက်လာကြ ၏။ ဇော်ဒင့်မျက်နှာပေါ်မှာ ဟန်ဆောင်အပြုံးနှင့် ထိန်ထိန်သာရဲ့ မျက်နှာက ခံစားချက် ကင်းမဲ့ တည်ငြိမ်နေ၏။ ကားပေါ် ဝင်ထိုင် ပြီးစီး၍ မောင်းထွက်လာခဲ့ကြစဉ် ...

"မင်းတို့ ဘယ်သွားကြဦးမလဲ"

ကိုဇိုင်းက စတင်မေးသံ။ ဇော်ဒင်က မလိုအပ်ဘဲ ပြုံး ဖြီရင်း...

"ထိန်ထိန့်ကို အိမ်ပြန်ပို့ပေးမယ်လေ"

"နောက်ပြီးတော့"

"ငါတို့ ပြန်ကြတာပေါ့ကွာ"

ထိုမှတစ်ပါး ညက်ညောသော ကားစက်သံသာ သဲ့သဲ့ကြား



www.burmeseclassic.com

www.burmeseclassic.com



နေရတော့၏။ ဖော်ဒင်ဇော အခြေအနေ ကောင်းခဲ့ရဲ့လား။ ကောင်းသောအဖြေ ရခဲ့ရဲ့လားဆိုသည်ကို အလိုလို သိနေသော အာရုံဖြင့် နှုတ်ဖွင့်မေးရမှာ အားနာနေဖြစ်ကြသည်။

ထိန်ထိန်သာ ဘယ်လိုအဖြေ ပြန်ပေးခဲ့ပါသလဲ။ အတိ အကျ သိချင်မိပြန်၏။

ထိန်ထိန်သာ့မျက်နှာကို မသိမသာကြည့်ပြီး အကဲခတ် လိုက်မိပြန်၏။ အဖြေမရှိသောမျက်နှာရဲ့မျက်လုံးတွေက ကျွန်တော့် အကြည့်ကို ဆတ်ခနဲ ဖမ်းမိသွား၏။ ကျောရိုးတွေ တောင့်မတ်သွား စေလောက်သောအကြည့် ကျွန်တော် အတိအကျကို သိလိုက်ရ ပါပြီ။

❦ ❦ ❦



အခန်း ( ၃ )

"ငါ ဘယ်လိုမှ နားလည်လို့မရဘူး ဗိုင်းရာ. . .။ ငါ ထိန် ထိန့်ကို ဘယ်လောက်ချစ်သလဲဆိုတာ ထိန်ထိန် အသိဆုံးပါ။ ငါ ဘယ်လောက် မျှော်လင့်ခဲ့သလဲ. . . တန်ဖိုးထားခဲ့သလဲ။ ဘယ် လောက် ရင်း‌ႈပေးဆပ်ခဲ့ရသလဲ။ ဒါတွေအားလုံး သွားပြီ။ ထိန် ထိန် ဘာဖြစ်လို့ အကောင်းသားချည်းကနေ ပြောင်းလဲသွားရ တာလဲ။ ငါတွေးလို့ကို မရဘူး။ ထိန်ထိန် ရက်စက်တဲ့နေရာမှာ ရင့်တယ်။ ရင့်ရဲလွန်းတယ်ကွာ. . . ရင်နာလိုက်တာ။ ငါ့ဘက်က ဘာပြစ်ချက်မှ မရှိဘဲနဲ့ ငါ့ကို ဘိုင်ဘိုင့်လုပ်သွားတာ ဘယ်လောက် ပြင်း ဝမ်းနည်းဖို့ ကောင်းသလဲ။ အသည်းနှလုံး မရှိတဲ့မိန်းမ။



www.burmeseclassic.com

www.burmeseclassic.com



မာယာများပြီး လှည့်စား ကောက်ကျစ်တတ်တဲ့ မြွေပွေးလိုမိန်းမ"

ဇော်ဒင်ဇောက ရင်ထဲရှိသမျှ ပေါက်ကွဲ ဟစ်အော်နေ၏။ ကိုဗိုင်းက ဝါးပြီးသားပီကေဖြင့် ပိတောက်ပင်စည်မှာ ထိန်ထိန်သာရဲ့နာမည်ကို ဖော်ရေးဖို့ ကြိုးစားနေ၏။ ကျွန်တော်က တုတ်တိုတစ်ချောင်းဖြင့် မြေကြီးရဲ့ရင်ဘတ်ကို ကြက်ခြေခတ် ဆွဲနေမိသည်။

"မင်း. . . ထိန်ထိန်သာ့ကို မေ့လိုက်တာ ကောင်းတယ်။ ထိန်ထိန်သာဟာ အားကောင်းတဲ့ အရောင်ဝန်းကျင်မှာ လိုက်ပြီး သူ့အရောင်ကို ပြောင်းလဲ ခိုတွယ် ကွယ်ကာ နေချင်တတ်တဲ့ ပုတ်သင်လိုမိန်းမကွ။ စောစောသိရတာ မင်းအတွက် ကောင်းတယ်။ ဒီလောက်အထိပဲ လှည့်စားခဲ့တာ တော်သေးတယ်။ အိမ်ထောင်သည်ဘဝရောက်မှ ထဖောက်ရင် မင်း ဒီ့ထက်ပိုပြီး ကြေကွဲရလိမ့်မယ် ဇော်ဒင်"

"ငါ့မှာ ဘာအမှားရှိလို့ သူငြင်းခဲ့တာလဲ။ ငြင်းချက်ထုတ်မယ့်အဖြေကို ဒီလောက် အချိန်အကြာကြီးဆွဲပြီး အရှုံးလုပ်ခဲ့တာ ကောင်းသလား. . . တောက်"

"စွန့်ပစ်လိုက်စမ်းပါ ဇော်ဒင်ရာ. . .။ မင်းအနေနဲ့ ထိန်ထိန်သာထက် သာတဲ့မိန်းမတွေကို အများကြီး ရွေးချယ်ယူလို့ရတယ်။ ဘာလုပ်မှာလဲ။ ကိုယ်နဲ့ အံမဝင်တဲ့ အရာကြီးကို တပ်မက်နေရ





ကိုယ်ပဲ ဒဏ်ခံနေရတော့မှာပေါ့။ ရဲရဲစွန့်လိုက်စမ်းပါ ဇော်ဒင်"

ဇော်ဒင်က မျက်ရည်ဝဲပြီး ပိတောက်ပင်ကြီးကို လက်သီးမပြင်းတပြင်းဖြင့် ထိုးနေ၏။ ကိုဗိုင်းက. . .

"အဲဒီ ထိန်ထိန်သာကို ငါ ပြန်ချေလို့ရတယ်. . . ဇော်ဒင်"

"ဘာ. . ."

"ဟုတ်တယ်. . . ထိန်ထိန်သာ မင်းကို ငြင်းလိုက်တာဟာ မင်းကို အဖြေမပေးခင်ကလေးတင် ငါ့ကို တွေ့သွားလို့ပေါ့ကွာ"

ဇော်ဒင့်မျက်နှာ အံ့ဩရိပ်တွေ လက်လက်ဖြာ ထွက်သွား၏။

"တစ်ရာမှာ ကိုးဆယ်ကိုးရာခိုင်နှုန်းသော မိန်းကလေးတွေက ငါ့ဆိုရင် မငြင်းချင်ကြဘူး။ ငါဟာ မိန်းမတွေရဲ့ ဦးစားပေးမှုကို ခံခဲ့ရတယ်။ ငယ်ငယ်ကတည်းက မြင်းက လှုပ်စရာမလိုဘူး။ ခုံက ဂု ပခဲ့တာတွေ များမှများပဲ"

ကိုယ်ရည်သွေးတီးလုံး ဝင်လာ၍ ကျွန်တော် အမြင်ကပ်ပြီး ဘုကြည့်ကြည့်နေမိ၏။ ကိုဗိုင်းက ဂရုမစိုက်။ ဆက်ပြောနေ၏။

ကိုဗိုင်းမှာ အသားဖြူဝါရောင်ရှိပြီး ခန့်သော၊ ချောသော ဒီဘနစ်ပါးမှ ပေါက်ဖွားလာသူပီပီ အပြစ်ဆိုစရာ မရှိအောင် ကြည့်ကောင်းလွန်းလှသူဖြစ်၏။ မွေးရာပါ ညို့ဓာတ်ပြင်းပြင်းကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဆိုင်သူ ဖြစ်သောကြောင့် မ,မှန်သမျှ ကိုဇိုင်းကို တွေ့ပြီးကြလျှင် နေ၍မရတတ်ကြတော့။ ကိုဇိုင်းထံ ဆက်သွယ်ချက်မျိုးစုံ ရောက် လာကြတော့သည်။ ထိုမျှစွံသော ကိုဇိုင်းကို အခြားသော ကိုဖိုးစွံ တွေ တစ်ဝက်လောက်ပင် လိုက်မမီကြ။

"ထိန်ထိန်သာ့အနားက. . . ကိုယ်ရဲတော် ငနဲနှစ်ကော ကြောင့်ရော မဖြစ်နိုင်ဘူးလား"

ကျွန်တော် တမင် စကားဝင်ကန့်လန့်လိုက်၏။ ကိုဇိုင် ရဲ့မျက်လုံး အပေါ်ထောင့် ကပ်သွားစဉ် ဇော်ဒင်ဇောက ဝင်၍. .

"ကိုယ်. . . ထိန်ထိန်သာကို အဲဒီနှစ်ကောင်ကြောင့်လာ လို့ ပွင့်ပွင့်လင်းလင်း မေးခဲ့ပြီးပြီ။ မဟုတ်ဘူးတဲ့"

ကိုဇိုင်း ပြန်၍ပြုံးလာပြီး. . .

"မင်း ဘာဆက်လုပ်မလဲ ဇော်ဒင်"

"ငါ ဆက်ကြိုးစားကြည့်ချင်တယ်"

"ကောင်းတယ်. . . ဆက်လုပ်ရှား. . .။ ဒီနေရာမှာ တ တော့ ငါ ကြိုပြောထားချင်တယ်"

"ဘာလဲ ဇိုင်း"

"ထိန်ထိန်သာနဲ့ မင်းနဲ့ ဘာမှမဖြစ်သေးဘူးနော်"

"အဲဒီတော့. . . "





"ငါ့ဘက်ကို ထိန်ထိန်သာ ရောက်လာရင် မင်း ငါ့အပေါ် ဘယ်လိုသဘောထားမလဲ"

ဇော်ဒင်ဇောပုံစံက ပူလောင်သွားဟန်ပေါ်၏။

"ငါ. . . ထိန်ထိန်သာကို အသေအလဲ ချစ်တယ် ဇိုင်းရာ"

"အေးလေ. . . ထိန်ထိန်သာကမှ မင်းကို. . ."

"ဟိုး. . . ကိုဇိုင်း. . .။ ကျွန်တော်တို့က ကိုဇော်ဒင် ဖြစ် ချင်တဲ့အပေါ်မှာပဲ အကူအညီ ပေးကြရမှာ။ ကိုဇိုင်း ပြောနေတာ တွေက ဒုက္ခပေးသလို ဖြစ်နေပြီ"

"ဟေ့ကောင် ထွန်းထွန်း. . .။ ကလေးအတွေးနဲ့ ဝင်မပြော စမ်းနဲ့ကွာ။ မင်းက ဂျူးကပြားမလေးကို ရည်းစားထားဖူးတာနဲ့ င်းကိုယ် မင်း ဟုတ်လှပြီ ထင်နေတာ။ မိန်းမတွေအကြောင်း င်း ဘယ်လောက်သိလို့လဲ။ သွားလေရာ လိုက်ပို့။ ဟိုဆိုင်ထိုင် ဒီဆိုင်ထိုင်။ ရုပ်ရှင် အတူတွဲကြည့်၊ ပျော်စရာစကားလေးတွေ ပြောပြီး ခွီခွီခွခွ ထရယ်။ ပင်းသိတဲ့အချက်က. . . ဒီလောက်ပဲ။ င်း ခံစားဖူးတာလည်း ဒီလောက်ပဲ။ မင်း ငုံ့နေလိုက်တော့"

ကျွန်တော် ပြန်ပြောနေလျှင် လက်သီးထိုးပွဲ ကျင်းပနေ ဦးမည်။ ထို့ကြောင့် ဝေးရာလွတ်ရာမှာ တစ်ယောက်တည်း ထိုင်နေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြောနေကြပြန်ပြီ။ တင်းလိုက်၊ လျော့လိုက်၊ မဲ့လိုက်၊ ရယ်လိုက်နှင့် အချီအချ ပြောနေကြပြန်လေပြီ။

တစ်ခါလာလည်း ဒီချထားတဲ့ ပိုက်ကွန်အကြောင်း . . .

တစ်ခါလာလည်း ချထားတဲ့ ပိုက်. . .။

(ဒီလောက်တောင်ဖြစ်နေတဲ့ ပိုက်ကို ဝေလငါး ဝင်တိုးပါစေဗျာ)

❦ ❦ ❦



## အခန်း ( ၄ )

သူတို့နှစ်ယောက် ဘာတွေဆက်ဖြစ်နေကြသည်ကို ကျွန်တော် မသိတော့။ နှစ်လနီးပါး ကြာချိန်အထိ ကိုဗိုင်းနှင့် တွေ့ဖြစ်သည့်အခါ တွေ့၏။ မတွေ့ဖြစ်သည့်အခါ မတွေ့။ တွေ့လျှင်လည်း ထိန်ထိန်သာနှင့် ပတ်သက်၍ တစ်ခွန်းမှ မဟသလို ဇော်ဒင်ဇော အကြောင်းကိုလည်း တစ်လုံးတလေမျှ မပြောပြတော့။ တစ်နေ့ စိတ်လိုလက်ရ ကျွန်တော် မေးကြည့်ဖြစ်၏။ ထိုနေ့က ကိုဗိုင်း နည်းနည်းထွေနေချိန်လည်း ဖြစ်သည်။

"ကိုဇော်ဒင်ဇောတို့ အခြေအနေ. . . ဘယ်လိုလဲ"

"ဒီကောင်. . . အားချင်းပြန်တွက်ဖို့ လုံးပမ်းနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ထိန်ထိန်သာနဲ့ အခြေအနေကကော"

"ပြီးဆုံးသွားကြပါပြီ"

"ကိုဇော်ဒင်ကြီးအတွက် စိတ်မကောင်းစရာပဲ"

"သူ့အနေနဲ့ တခြားမှာ အများကြီး ရွေးချယ်နိုင်စရာတွေ ပေါပါတယ် ထွန်းထွန်းရာ"

"ထိန်ထိန်သာ အခု ဘယ်သူနဲ့. . . တွဲနေသလဲ"

"ငါနဲ့လေ"

"ဘယ်သူ့ဘက်က စတာလဲ"

"သူ့ဘက်ကပေါ့. . .။ တယ်လီဖုန်းလေးရဲ့ ကြားခံအက[...] အညီတွေ အများကြီးပါတယ်"

"ကိုဇိုင်းကို ထိန်ထိန်သာရဲ့ ကိုယ်ရံတော်တွေက အန္တရာယ[...] မပြုဘူးလား"

"ရှောင်တတ် ရှားတတ်အောင် ထိန်ထိန်သာက လမ်းညွှ[...] ပေးတယ်လေ။ ထိန်ထိန်သာတစ်ယောက်လုံး ကိုယ့်ဘက်မှာ ရှိ[...] တာပဲကွာ။ ဘာပူစရာလိုသလဲ"

"ကျွန်တော့်အထင်တော့ အဲဒီနှစ်ကောင်ကလည်း ခွေးအ[...] တွေ မဟုတ်ဘူးနော်။ တစ်နေ့ တည့်တည့်တိုးမှာပဲ. . . ကြည့်လုပ်[...]

"မင်း သိပ်ဝေးပြန်ပြီ ထွန်းထွန်းရာ။ ထိန်ထိန်သာက [...]





ဘက်ကပါလို့ ပြောပြီးပြီပဲ"

"ဒါဆိုလည်း ပြီးတာပဲဗျာ"

ကိုဇိုင်းနှင့် နောက်ထပ် သိပ်မတွေ့ဖြစ်ကြတော့။ ဇော်ဒင်[...]ဇောနှင့် ထိန်ထိန်သာတို့အကြောင်းပင် ကျွန်တော့်ခေါင်းထဲမှ [...]ပလပ်ထားလိုက်၏။ သင်တန်းရက်များမှာ လေ့လာကျက်မှတ်စရာ [...]တွေ များနေ၍ တစ်ခါတလေ ခေါင်းဆေးအားကြည့်စွာ နေလို [...]လာလျှင် ကျွန်တော် ပျော်ရာရောက်သွားတတ်၏။ ကျွန်တော် [...]စိတ်ပျော်သောအရပ်မှာ ရင်ခုန်သံ စမှတ်တစ်မှတ်ရှိ၏။

'မေဒီနီ' ဟုခေါ်သော ဂျူးကပြားမလေးထံမှာ ကျွန်တော့် [...]ရင်ခုန်သံ အဦးအစကို အပ်နှင်းလို့ ထားခဲ့ဖူးပြီးပြီ။ သူမထံ ကျွန် [...]တော် တစ်ပတ်တစ်ခါလောက် ရောက်ဖြစ်၏။ သူမခမျာလည်း [...]ကျွန်တော့်ကို အချိန်အား သိပ်များများစားစား မရှိ။ ပါတိတ်နှင့် [...]ဆီဘဲလ်ဖုအရောင်းဆိုင်ကြီး ဖွင့်ထားသောအစ်မတွေနှင့် ဝိုင်းဝန်း [...]ကူပ်ကိုင်ပေးနေရတတ်ရှာ၏။

မေဒီနီတို့ဆိုင်ရှေ့မှာ ကျွန်တော် လှုလုံးပြလိုက်သည်နှင့် [...]မေဒီနီ အကြောင်းတစ်ခုခုရှာပြီး လမ်းထိပ်ကဖီးဆိုင်ကို ထွက်လာ [...]လိမ့်မည်။ ကျွန်တော်က မေဒီနီကို တွေ့ချင်လျှင် ထိုနည်းအတိုင်း [...]လုပ်နေကျ။ မေဒီနီက ကျွန်တော့်ကို တွေ့ချင်လျှင် ပြင်ပဖုန်းပြင့်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းဆက်၍ အကြောင်းကြားတတ်၏။

နှစ်ဘက်မိဘတွေသဘောမှာ ဘယ်လိုရှိမည်ဖြင့် မသိရ၊ ကျွန်တော်တို့ ရည်ငံနေကြသည်ကိုလည်း သူတို့မသိကြ။ အရွယ်ငယ်သေး၍ ရင်ခုန်ရရုံလောက်သာ တစ်ယောက်နှင့်တစ်ယောက် ရိုးရိုးသားသားတွေဖြစ်ကြ၏။

လက်ထပ်ထိမ်းမြားခြင်းအကြောင်းကို မဆွေးနွေးဖြစ်ကြ။

အိမ်ထောင်ရေးကို လုံးလုံးလျားလျား မစဉ်းစားမိကြ။

ဘဝရပ်တည်မှု ခိုင်မာမှသာ ထိုအကြောင်းတွေ ထည့်တွေးမည်။ မေဒီနီကလည်း အပျိုစင်ဘဝဖြင့် လွတ်လပ်စွာ နေချင်သေး၏။

ကျွန်တော်ကလည်း လူပျိုစင်ဘဝဖြင့် ကိုယ့်ရည်မှန်းချက်ရောက်အောင် အနှောင်အဖွဲ့ကင်းကင်းနှင့် ချီတက်ချင်သေး၏။

ထို့ကြောင့် ကျွန်တော်နှင့် မေဒီနီတို့ နှစ်ယောက်ကြားမှာ ရင်ခုန်သံမှလွဲ၍ ဘယ်လိုလေးလံသော အကြောင်းတရားမှ မရှိ ဖွားသေး။ ကိုဇိုင်း ပြောသလိုပင်...

လက်ဖျားချင်း ထိလျှင်...

ပခုံးချင်း တိုက်မိလျှင်...

မျက်လုံးချင်း စူးစူးရဲရဲ ဆုံမိစဉ်...





သူ့ဆံဖျားကို သူ မသိအောင် ခိုးနမ်းမိလိုက်စဉ်...

သူ့နှာခေါင်းထိပ်ဖျားလေးပေါ်က ချွေးစက်သီးကလေးများကို ယုယုယယ လက်နှင့် လှမ်းပွတ်သပ်ပေးလိုက်စဉ်...

စသည်...လျှင်...၊ စသည်...စဉ်တို့ဖြင့်သာ ကျေနပ်ကြည်နူးနေကြရသော ကျွန်တော့်တို့နှစ်ယောက်ရဲ့ဘဝ။ ကိုဇိုင်းပြောသော အချစ်ကို အလုံးစုံ သိခွင့်ရလိုစိတ်များ တစ်ခါတလေ ဝေ့ဖွားဖွား ဖြစ်ပေါ်လာမိ၏။

"မေနီ"

"အင်းဟင်"

"အချစ်အကြောင်းကို ဘယ်လောက်သိလဲဟင်"

"သိတာပေါ့...ဒီနေ့...ယူ ဆံပင်ညှပ်လာတယ်။ ယူ့ခြေခုံမှာ ပေါက်တဲ့ ကြွက်နို့လေးကို ကြွက်နို့ကပ်တဲ့ ပလာစတာနဲ့ ဟိုတစ်ပတ်က နှိမ်နင်းမယ်လို့ ပြောလိုက်တာ။ အခု အဲဒီကြွက်နို့လေး မရှိတော့ဘူး။ ပျောက်သွားတယ်။ နောက်ပြီး...ယူ ဒီနေ့ ကြက်သွန်ဖြူ စားလာတယ် မဟုတ်လား...နံလိုက်တာ"

"ဟာ...ကိုယ်ပြောတဲ့ အချစ်အကြောင်းက အဲဒါတွေမှ မဟုတ်တာ...။ မေနီကလည်း လာနောက်နေပြန်ပြီ"

"အို...ယူက မေနီ့ရဲ့အချစ်ပဲလေ။ ယူက...အချစ်



www.burmeseclassic.com

အကြောင်းမေးတော့ အဲဒါတွေ မဖြေလို့ ဘာကိုဖြေရမှာလဲလို့"

ကျွန်တော် ခေါင်း တဗျဉ်းဗျဉ်း ကုတ်လိုက်မိ၏။ မေနီက သူမပန်းကန်ထဲ ခေါင်းပေါ်မှ အမှုန်အမွှားကျမှာစိုး၍ လက်နှင့် အုပ်ကာထား၏။

"ဘာလုပ်နေတာလဲ။ အဲဒီပေါင်မုန့်အုန်းနို့ဆမ်းကို လက်နဲ့ မန်းမှုတ်နေတာလား"

ကျွန်တော် ညစ်ပြီး အပြစ်ရှာ ဘုတောလိုက်၏။ မေဒီနီက ဖြူနှစ်သောပါးပြင်ပေါ်မှာ အရေးကြောင်း ရစ်ထွန်းသွားအောင် ပြုံး၏။

"ယူ. . . ဒီနေ့ ဘာဖြစ်လာသလဲ။ မမေးဖူးတာတွေ မေး နေပါလား"

ကိုဗိုင်းနှင့် ထိန်ထိန်သာတို့အကြောင်းကို ပြောမည်ပြင်ပြီးမှ ရှင်းပြရမှာ ပေရှည်နေ၍. . .

"ဘာမှ မဖြစ်လာပါဘူး. . . အချစ်ဆိုတာ မင်းနဲ့ကိုယ်နဲ့ အခုလိုတွေ့နေကြရုံနဲ့ ပြီးဆုံးသွားရောလား။ အချစ်မော်ဆရာကြီးတွေကတော့ အချစ်မှာ အခြားအဆင့်တွေ အများကြီးကျန်သေးတဲ့ ပုံမျိုး ပြောနေတာ ကိုယ်ကြားခဲ့ရတယ်"

"အချစ်ဆိုတာကြီးကို. . . ခဏခဏ ထည့်မပြောစမ်းပါနဲ့။





ဘောဝိုင်းတွေ သတိထားပြီး ဝိုင်းကြည့်လာဦးမယ်။ နေပါဦး. . .။ ယူက ဒီလိုမျိုးမဟုတ်ရင် ဘယ်လိုအဆင့်မျိုးနဲ့ ဖြစ်ချင်သေးလို့လဲ"

"အင်း. . . မင်း. . . အခုထက်ထိ ကိုယ့်ဆီက ဘာတစ်ခုမှ မတောင်းဆိုသေးဘူးနော်"

"ဘာကို တောင်းဆိုစေချင်လို့လဲ"

"အရေးကြီးတဲ့ တောင်းဆိုမှုမျိုးပေါ့။ တချို့စုံတွဲတွေ ပြောသလို 'အတူတူနေချင်ပြီကွာ။ လက်ထပ်ကြရအောင်နော်'တို့လိုမျိုးတွေလေ"

ကျွန်တော့်စကားကြောင့် မေဒီနီ ခပ်ဟားဟားရယ်၏။ မျက်ရည်စတွေ ရစ်ဖွဲ့လာသည်အထိ ရယ်၏။ ကျွန်တော် ရှုတင်းတင်းနှင့် ကြည့်နေလိုက်သောအခါ မေဒီနီ ရယ်ရှိန်ကို မနည်းသပ်ပြီး. . .

"ယူက အဲဒီအတိုင်း ပြောစေချင်လို့လား"

"မင်း သိပ်ပြီး. . . အေးစက်စက်နိုင်တာပဲ မေနီ"

"ဒီလိုမထင်ပါနဲ့ . . . ကျွန်မက မိန်းကလေးပါ"

"တို့တစ်တွေ စောစောစီးစီး လက်ထပ်လိုက်ရင် ဘာတွေဖြစ်လာမယ်ထင်သလဲ"

"အများကြီး ဖြစ်လာနိုင်တယ်. . .။ ဒုက္ခတွေ"

www.burmeseclassic.com



"မင်းမိဘတွေက အနောက်ဆန်တယ်။ ကိုယ့်မိဘတွေက အရှေ့ဆန်တယ်။ ဆန့်ကျင်ဘက်စရိုက်နှစ်ခုလို ဖြစ်နေတဲ့. . . ဒီ အိမ်သားနှစ်စု ပေါင်းစည်းလို့ ဖြစ်နိုင်ပါ့မလား"

"အဓိကက. . . ကျွန်မတို့နှစ်ဦးပဲ ပေါင်းရမှာပါ။ အရှေ့၊ အနောက်၊ တောင်၊ မြောက်တွေ ဘယ်လိုခွဲခွဲ ဒီကမ္ဘာတစ်လုံးထဲ ပေါ်မှာ အတူတူနေကြရသူတွေပဲဟာ။ မတည့်လည်း အတူတူနေ လို့ဖြစ်တယ်။ တည့်လည်း အတူနေလို့ ဖြစ်တယ်။ ဒါ. . . သိပ်ပြီး ပြဿနာ မရှိပါဘူး"

"ကိုယ့်မှာက. . . ရှေ့ဆက်ရမယ့် ရည်ရွယ်ချက်တွေက တန်းလန်း။ မင်းမှာကလည်း ညီအစ်မတွေ ပူးပေါင်းအားအင်နဲ့ ခေတ်ဆန်ဆန်သုံးတတ်ဖြုန်းတတ်တဲ့ ဘိုကပြားမိဘတွေကို အသုံး စရိတ် အလျှင်မီအောင်. . . ထောက်နေရတဲ့အလုပ်ကလည်း တို့ လို့ တွဲလောင်း။ ဒီအတိုင်းပဲ ဆက်နေဖြစ်တာ ကောင်းပါတယ်လေ"

"အမြင်မှန်မှ အမှန်မြင်လာတာပေါ့နော်"

မေဒီနီက ရှေ့ဆံပင်တွေ ဘီးကုတ်ဖြင့် မတင်ထားတာ အသာဖြည်ချရင်း ပြောလိုက်ခြင်းပင်။

ကျွန်တော်က. . .

"မင်း ကိုယ့်အပေါ် ဘယ်တော့မှ မပြောင်းလဲနိုင်ပါဘူး





နော်။ ဟုတ်တယ်မဟုတ်လား မေနီ"

"ဘာအကြောင်းရှိလို့ ပြောင်းလဲရမှာလဲ"

"တချို့မိန်းမတွေဟာ အကြောင်းမရှိဘဲနဲ့ ပြောင်းလဲတတ် တယ်။ အဲဒီတချို့ထဲမှာ မင်း ပါသွားမှာစိုးတယ်"

"ယူ. . . အဲဒီတချို့ထဲက မိန်းမကို တွေ့လာခဲ့ပြီးပြီပေါ့"

"မဟုတ်ပါဘူး. . . သူများအကြောင်း ကြားသိရရုံလောက် နဲ့ ပြောတာ"

"မေနီ့ကို စိတ်ချချထားပါ။ မေနီက ယူ့အပေါ် အကြောင်း ရှိလာခဲ့ရင်တောင် ဘယ်တော့မှ မပြောင်းလဲဘူး။ တစ်ခုတော့ ရှိ တယ်နော်။ ပြစ်ဒဏ်ပေးမယ်. . .။ ပြင်းထန်တဲ့ပြစ်ဒဏ်"

"ကိုယ်တို့ကြားမှာ ဘာအကြောင်းကြောင့်တွေ တစ်ခုမှ ဝင်မလာနိုင်ပါဘူး မေနီ. . .။ ဘာဖြစ်လို့လဲဆိုတော့ ဟောဒီက ကိုယ့်ရင်ဘတ်နဲ့ တားဆီးကာကွယ်ထားလို့ပေါ့"

မေနီက ကျွန်တော့်နဖူးကို ပေါင်မုန့်ချောင်းဖြင့် ပိတ်ထု လိုက်ရင်းမှ. . .

"အပိုကြီး"

ကျွန်တော်က မေနီ့လက်ထဲမှ ပေါင်မုန့်ကို ဆွဲယူဖောက် စားလိုက်ပြီး ဗလုံးဗထွေးသံဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"အပိုကြီးဆို အစ်ကိုမြည်းတယ်ကွ. . .။ ဟမ်း. . . ကောင်းမှကောင်း"



အခန်း ( ၅ )

ကျွန်တော် သင်တန်းက ပြန်လာသောနေ့ မီးပွိုင့်မှာ ကိုဇိုင်းကားနှင့် သွားတိုး၏။

ဘေးချင်းယှဉ်လျက်မို့ ကိုဇိုင်းကို အတိုင်းသား မြင်နေရ၍ လှမ်းခေါ်လိုက်မည်ပြင်ဆဲ. . .

ကိုဇိုင်းဘေးမှာ ပါလာသော မိန်းကလေးထံ အကြည့်ရောက်သွားမိ၏။

ထိန်ထိန်သာ. . .

သူတို့နှစ်ဦး မိုးမမြင်လေမမြင် ပျော်မြူးလာကြဟန်တူ၏။ ကျွန်တော့်ကို မမြင်။ အနည်းဆုံး ကျွန်တော့်အိမ်ကကားကို သတိ



www.burmeseclassic.com

www.burmeseclassic.com



... ကောင်း၏။

ပြောသည့်အတိုင်း ဖြစ်အောင်လုပ်တတ်သည့် ကိုဖိုင်း . . .။ ထိန်ထိန်သာနှင့် ပတ်သက်၍ ကန့်ကွက်ခဲ့သော ကျွန်တော့်ကို မြင်[...] လျှင် ဝိုရ်၍ ဂုဏ်ယူမာန်ထောင် ပြချင်ပြနေပေဦးမည်။

မမြင်တာ ကောင်းတယ်ဟု ယူဆစိတ်ဖြင့် မမြင်ချင်ယောင် ဆောင်နေလိုက်သည်။ မီးပွိုင့်လွတ်ပြီ။ ကျွန်တော် ကားကို ကွေ့လာ[...] ခဲ့၏။ ကိုဖိုင်းတို့ကားက တည့်တည့်ဆက်မောင်းသွားသည်။ ကိုဖို[...] ကိုယ်၌ကမူ ကျွန်တော့်ကို တကယ်မမြင်ခဲ့တာလား။မမြင်ချင်ယော[...] ဆောင်ခဲ့တာလား။

ကိုယ့်အကြောင်းမဟုတ်၍ အတွေးကို အမြန်ရှင်းထုတ[...] ပစ်လိုက်၏။ ဇော်ဒင်ဇောရဲ့ ရုပ်ပုံက အာရုံမှာ ပေါ်လာပြန်[...] ဇော်ဒင်ဇော ပြန်ထွက်ဖြစ်ပြီလား။ မထွက်ဖြစ်ပြီလားဆိုတာ[...] မကြားသိရသေး။ လမ်းကြောကြုံနေ၍ ဇော်ဒင်ဇောအိမ်ဘက်[...] ပတ်ဝင်လိုက်၏။

တစ်ခါက အဖြေတောင်းပြီး ပြန်လာသည့်နေ့မှာ ဇော်ဒ[...] ဇောအိမ်ကို မောင်းပို့ပေးခဲ့ဖူးတာ အမှတ်ရ၏။ ဇော်ဒင်ဇော[...] ပါလာသမျှ ငွေတွေကို စိတ်ညစ်ညစ်နှင့် အကြိုက်ဖြုန်းပစ်လိုက်[...] မည်ဟု ရင်ဖွင့် ဟစ်ပြောသွားခဲ့တာ ပြန်အမှတ်ရ၏။





ဇော်ဒင်ဇောတို့ တိုက်ခန်းရှေ့ကို ရောက်သောအခါ အိမ်ထဲမှ အဝတ်အစားလဲပြီး ထွက်လာသော ဇော်ဒင်ဇောနှင့် တန်းတိုးပါလေသည်။

နှုတ်ဆက်စကား အပြန်အလှန် ပြောဖြစ်ကြသည်။ မြို့ထဲသွားရန် ကိစ္စရှိသော ဇော်ဒင်ဇောက. . .

“ကိုယ့်မှာလည်း ညီ့ကို ပြောစရာရှိတယ်။ ကိုယ့်အလုပ်ကို နောက်မှ သွားတော့မယ်။ ညီနဲ့ အရင်ပြောကြတာပေါ့။ ဒါနဲ့ ညီ ပြောစရာရှိတယ်ဆိုတဲ့ စကားကကော ဘာလဲ”

“ကိုဖိုင်းရဲ့ အကြောင်း. . .”

ကျွန်တော့်အပြောကြောင့် ဇော်ဒင်ဇော မျက်နှာပျက်သွား၏။ သွေးဆုတ် ဖြူရော်သွားသော မျက်နှာကို မာန်နှင့် ပြန်တင်းထိန်းလိုက်ပြီး ဇော်ဒင်ဇော ပြန်ပြောလာ၏။

“သူငွေခင်းနေတယ်. . .။ သူဖြစ်ချင်သလို ဖြစ်ခွင့်ရဖို့ သူ အရမ်းကောင်းနေတယ်။ ကိုယ်ကတော့ ရင်ဘတ် ဟက်တက်ကွဲပြီး အလူးအလဲ ဖြေနေရတာပေါ့ကွာ”

“လာရင်းနဲ့. . . လမ်းမှာတွေ့ခဲ့တယ်။ ထိန်ထိန်သာနဲ့ပေါ့။ ကျွန်တော်လည်း အဲဒီအခြေအနေတွေကို သိချင်လို့ ဝင်မေးကြည့်တာ။ ကိုဇော်ဒင် ဘာမှ ဆက်မလှုပ်ရှားဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ပြောကောင်းမလဲ. . . လွှပ်ရှားတာပေါ့ကွာ။ ထိန်ထိန်သာက အရင်က ထိန်ထိန်သာ မဟုတ်တော့ဘူး။ လိုက်လျော နေတဲ့အခွင့်အရေးတွေပါ ပြန်ရုပ်သိမ်းပြီး၊ လုံးဝ. . . တံခါးပိတ်ပြီး စိမ်းစိမ်းကားကားကြီးနေတတ်တဲ့ ထိန်ထိန်သာဖြစ်သွားပြီ"

အအေးဆိုင်တစ်ဆိုင်မှာ ကားရပ်ပြီး ဆင်းထိုင်စကားပြော ဖြစ်ကြ၏။

"ဟိုငနဲနှစ်ကောင်က ဘယ်ချောင်မှာ သွားခိုနေသလဲ"

"တစ်ယောက်ကတော့ လက်လျှော့ပြီး. . . အာရုံအသစ် ရှာတွေ့သွားတယ်။ ကျန်တဲ့တစ်ယောက်က ထိန်ထိန်သာ ပေါက်ငမ်း ထားလို့ အနားကပ် မစောင့်ရှောက်နိုင်ဘဲ အဝေးက စောင့်ရှောက် နေမှာပေါ့။ ဒါမျိုးကျရင်. . . ထိန်ထိန်သာတို့က တတ်တယ်လေ ဖိုင်းနဲ့ အဲဒီငတိကို ဘယ်ထိပ်တိုက်ဆုံခွင့်ပေးမလဲ"

"ထိန်ထိန်သာရဲ့ အကြောင်းရင်းဇစ်မြစ်ကို. . . ကျွန်တော် သိထားချင်တယ်။ ကိုဖိုင်းမိဘတွေသာ. . . ဒီအကြောင်းကြားရင် ကျွန်တော်နဲ့တွဲတတ်လို့ မေးလာ၊ မြန်းလာကြမှာပဲ။ အဲဒီအခါ ဖြေတတ်အောင်လို့ပါ"

"ဖိုင်းရဲ့မိဘတွေက လက်ခံမယ်မထင်ဘူး"

"ဟုတ်တယ်. . . ဘယ်လက်ခံမလဲ။ သိတဲ့အတိုင်းပဲလေ





သူတို့သားက တစ်ပတ်တစ်ယောက်လောက်ကို ထည်လဲတွဲနေတော့ ပြောမရ တားမရနဲ့ လွှတ်ထားလိုက်ကြတာပေါ့။ ဒီထိန်ထိန်သာ နဲ့ကျမှ လနဲ့ချီ တွဲနေတာဆိုတော့. . . အရင်ထက်ထူးလို့ မေးလာ ကြလိမ့်မယ် ထင်ရတာပဲ"

"ထိန်ထိန်သာက. . . အမျိုးသမီးသီးသန့် အလှပြင်ခန်းမှာ အလုပ်လုပ်ခဲ့ဖူးတယ်။ နောက်ပိုင်း အဲဒီကထွက်လိုက်ပြီး ကုမ္ပဏီ တစ်ခုမှာ ဝင်လုပ်ပြန်တယ်။ နောက်တော့. . . အဲဒီက ထွက်ပြီး ပုဂ္ဂလိကဘဏ်တစ်ခုမှာ ထပ်အလုပ်လုပ်နေပြန်ရော။ ထိန်ထိန် သာက ဘယ်တော့မှ မတည်ငြိမ်တဲ့မိန်းမကွ။ အလုပ်လည်း မတည် ဘူး။ စိတ်လည်း မတည်ဘူး။ ရုပ်ပိုင်းဆိုင်ရာလည်း သူ့အမြဲတမ်း လှပနေဖို့ အမြဲ ပြောင်းလဲပြုပြင်နေတတ်တယ်။ သူ့မှာ မိခင်နဲ့ မောင်လေးတစ်ယောက်ပဲ ရှိတယ်။ သူ့အဖေက အရင်က အစိုးရ ဌာနတစ်ခုမှာ ရာထူးကြီးကြီးနဲ့ အငြိမ်းစားယူခဲ့တယ်လို့ ပြောတာ ပဲ၊ အငြိမ်းစားယူပြီးမှ ကင်ဆာရောဂါနဲ့ သေတာ။ သူ့အဖေ မရှိ တဲ့နောက်မှာ အတော်အသင့်ရှိတဲ့ သူတို့စီးပွားတွေ တတိတိထိုင် စားရင်းနဲ့ ပြုတ်သွားတယ်။ လက်ကျန် ရှိစုမဲ့စုလေးနဲ့ အရင်အိမ် ကိုရောင်းပြီး အခု သူတို့နေတဲ့ နေရာလေးကို ပြောင်းလာကြတာ။ ထိန်ထိန်သာက အိမ်ထောင်ဦးစီးပဲ။ သူ့အိမ်ကို သူ တာဝန်ယူပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှာကျွေးတယ်။ သူ့မောင်ကို ကျောင်းထားပေးတယ်။ သူ့မောင်က လည်း ဆိုး။ အပေါင်းအသင်းများပြီး ဆေးငြိလို့ ခဏခဏ ဆေးရုံတက် ဆေးဖြတ်ရတယ်။ နောက်ပိုင်းမှာ. . . သူ့အမေအတွက် ပုံမှန် ဝင်ငွေရဖို့ အိမ်ဆိုင်လေးတစ်လုံး ဖြစ်လာအောင် ထိန်ထိန်သာက အရင်းထောင်ပေးခဲ့တယ်"

ဇော်ဒင်ဇောက အအေးတစ်ငုံ သောက်လိုက်၏။ ပြီးမှ. . .

"ထိန်ထိန်သာက ပွေတယ်၊ ရှုပ်တယ်လို့ နာမည်ကြီးတယ်။ ကိုယ် လေ့လာလိုက်တော့ ပြောသလောက် မဆိုးဘူးဆိုတာ သိလာတယ်။ အဲဒါနဲ့ တစ်ပြိုင်နက် ထိန်ထိန်သာ့ကို စွဲလန်းစိတ်ဖြစ်သွားတယ်။ ကိုယ်သိသလောက် ထိန်ထိန်သာရဲ့အကြောင်းက အဲဒီလောက်ပဲရှိတယ်"

"ထိန်ထိန်သာက အားလုံးထဲမှာ. . . ကိုဇိုင်းကို ရွေးချယ်ခဲ့တာပေါ့"

"ကိုယ် သိသလောက်တော့ ဇိုင်းတစ်ယောက်ပဲ ရှိတယ်"

"ထိန်ထိန်သာ့မှာ ဆန့်ကျင်ဘက်လိင်တွေကို ဆွဲဆောင်နိုင်တဲ့ ဆွဲအားပြင်းပြင်း ရှိပုံရတယ်။ သူ့အနားမှာ အရွေးချယ်ခံချင်တဲ့နေ့တွေ ဝိုင်းနေတာပဲ"

"သူက. . . မျက်နှာပွင့်တယ်။ ယောကျ်ားတစ်ယောက်ထို





ဘယ်လို ထိန်းချုပ်ရမလဲဆိုတဲ့အထာကို နပ်တယ်။ ကိုယ့်ကိုတောင် စိတ်နဲ့ချီပြီး ထိန်းချုပ်ခဲ့သေးတာပဲ။ အနီးကပ်ကျမှ တွေ့ဖြတ်လိုက်တာ သူ့အကျင့်လို့ ဆိုရမလားပဲ"

"ခုပွဲက အချစ်မှုဆိုးနဲ့ အချစ်စောင့်နတ်သမီးတို့ရဲ့ စီးချင်းပြိုင်နဲ့ တူတယ်"

"ဒါတော့ ကိုယ်မပြောတတ်ဘူး။ ထင်သလောက် ပြောရရင် ထိန်ထိန်သာဆိုတာ. . . တကယ်ခြောက်မှ တကယ်ပေါက်တတ်တဲ့ မိုးဟောက်လို မိန်းမမျိုးပဲ။ ဇိုင်းဘက်က မခြောက်လှန့်သရွေ့ ဇိုင်းဆိုင်တွယ်ရာ ထိန်ထိန်သာ စိတ်ပါလက်ပါ ရှိနေရင်တော့ ပါလာနေမှာပဲ။ ဘာလဲ. . . ညီအစ်ကိုအတွက် စိုးရိမ်လို့လား။ ပြောရလောက်အောင်လည်း မဟုတ်ကြပါဘူးကွာ"

"မပူပါဘူး. . .။ ကိုဇိုင်းရဲ့အမေက ကျွန်တော့်အဒေါ်၊ ဘကြီးတက မွေးယူထားရတဲ့ သူဌေးရောဂါဆိုလား၊ နှလုံးရောဂါဆိုလား အဲဒါကြီး ဖြစ်ဖြစ်ပြတ်တော့ သူ့သား တစ်ခုခုဖြစ်တာသိရင် အိပ်ရာထဲလဲပြလိမ့်မယ်။ ကိုဇိုင်းနဲ့ကျွန်တော်က. . . တွဲမိတ်တော့ ထစ်ခနဲရှိ ကိုဇိုင်း ဘာတွေလုပ်ခဲ့သလဲ၊ ဘာဆက်လုပ်မသလဲဆိုတာ ကျွန်တော့်ကိုပဲ ပုလိပ်စစ်,စစ်မေးမှာ"

"ကိုယ်သိပါတယ်။ ထိန်ထိန်သာနဲ့ဆိုရင် ဘယ်ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



လေးရှင်မိဘမှ သဘောတူကြမှာ. . . မဟုတ်ဘူး"

"သူတို့ မလွန်ခင် တားလို့မရနိုင်ဘူးလား"

"ဘီးနဲ့ လိုမ့်ဆင်းလာတာကို ခြေထိုးခံပြီး. . . တားဆီး
လိုက်သလို ဖြစ်သွားမှာပေါ့။ သူ့အရှိန်နဲ့သူက အကျတော်ဦးမယ်
ခြေထိုးခံ တားလိုက်လို့ ကျွမ်းထိုးမှောက်ခုံ ပစ်ကျပြီး မရှုမလှ
ဖြစ်ကုန်ကြမှ. . . အခက်"

"ပြောသာပြောရတယ်။ ကျွန်တော်လည်း. . . သူတို့အတွက်
အချိန်မပေးနိုင်ပါဘူး။ ဘယ်လိုလဲ. . . ကိုဇော်ဒင်ကြီးကော နေသာ
ဖြေသာရှိလောက်ပြီလား"

"ဖြစ်ပြီးကာစထက်တော့ နေသာသွားပါပြီ။ ညီရော. . .
ရည်းစား မရှိဘူးလား။ တစ်ခါတလေ မခံစားခဲ့ရဖူးဘူးလား"

"ရှိတယ်. . .။ ထိန်ထိန်သာလို မိန်းမမဟုတ်တဲ့အတွက်
ခံစားစရာအကြောင်းမရှိဘူး"

ကျွန်တော် ဒေါသသံ ပါသွားတာကို တမင်နားထောင်ပြီး
ပြန်ကြည့်လာသော ဇော်ဒင်ဇော. . .။

"ညီ့ကို. . . တစ်ခုထပ်ပြောရဦးမယ်"

ကျွန်တော်ပြန်ကြည့်ပြီး ဇော်ဒင့်စကားကို ငံ့လင့်နေလိုက်
၏။ ဇော်ဒင်ဇောက. . .





"ထိန်ထိန်သာနဲ့တွေ့ရင် ဒေါသကြီးတဲ့ကျားတွေတောင်
ကြောင်ကလေးလို ဖြစ်သွားတတ်ကြတယ်တဲ့"

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၆ )

ကျွန်တော်ဟာ ကျားမဟုတ်တဲ့အတွက် ကြောင်ဖြစ်စရာအကြောင်းမရှိ။

ထိန်ထိန်သာ့ထံမှာ အချိန်တွေ ပေးဆပ်နေသော ကိုဗိုင်းကို လိုက်ရှာပေးရန် ကျွန်တော့်တာဝန် ကျလာ၏။ ကိုဗိုင်းရဲ့မိခင်က ကိုဗိုင်း ယခင်နေတတ်သလို ခြေရှည်နေသည်ထင်၍ ကျွန်တော့်ကို လိုက်ရှာခိုင်းခြင်းပင်။

ခေတ်မီပရိဘောဂအရောင်းဆိုင် ဖွင့်ထားသော ကိုဗိုင်းဖေဖေက တစ်ခါတလေကျမှသာ သားဖြစ်သူကို ဆိုင်ထိုင်ခိုင်း၏။ ကိုဗိုင်းက မိခင်ဖြစ်သူ လုပ်ကိုင်နေသော ကျောက်မျက်ရတနာ



www.burmeseclassic.com

www.burmeseclassic.com



အရောင်းအဝယ်အတွက် အပို့၊ အယူ၊ အပြ၊ ဈေးခေါ်၊ ဈေးညှိ၊ ဝယ်ရောင်းတာဝန်အတွက် လက်စွဲတော် ကိုယ်စားလှယ် ဖြစ်နေ၍ အလုပ်ကိစ္စပေါ်လာလျှင် ယခုလိုပင် လိုက်ရှာခိုင်းနေကျဖြစ်သည်။

ယခင်က ကိုဗိုင်း သွားတတ်လေ့ရှိသော နေရာပေါင်းစုံကို ကျွန်တော် လိုက်ရှာရ၏။ ယခုမူ ထိန်ထိန်သာတို့အိမ်အနီးမှာ အဝင် အထွက် သွားစောင့်ကြည့်နေလိုက်ရုံပင်။

ဗဟန်းထဲမှာရှိသော လမ်းသွယ်လမ်းမြာတွေအတိုင်း မောင်း လာလိုက်၏။ တစ်ခေါက် လာဖူးသော်လည်း နည်းနည်းကြာပြီဖြစ်၍ ကောင်းကောင်း မမှတ်မိချင်။ လက်ဖက်ရည်ဆိုင် ရှိသော လမ်းထိပ်ကလေးဟု အမှတ်သညာပြုခဲ့မိ၏။ တွေ့ပြီ။

လက်ဖက်ရည်ဆိုင်မှာ ဝင်ထိုင်လိုက်ပြီး ဘလက်ခ်ကော်ဖီ တစ်ခွက် မှာသောက်လိုက်၏။ လမ်းထဲကို လူအဝင်အထွက်၊ ကား အဝင်အထွက် စောင့်ကြည့်နေလိုက်သည်း

နာရီဝက်ခန့် ကျော်ဆန့်၊ လည်ပင်းဆန့်၍ စောင့်ကြည့် လိုက်သောအခါ ကိုဗိုင်းရဲ့ကား ဝင်လာတာကို တွေ့၏။

ထိန်ထိန်သာရဲ့အိမ်ကို ရောက်အောင် လိုက်ပို့ကတည်းက ကိုဗိုင်းအနေနှင့် ထိန်ထိန်သာတို့ မိသားစုကို ရင်းနှီးအောင် ပေါင်း ထားပြီးစီးပြီမှန်း နားလည်လိုက်၏။ ကြက်ဥအကာကျက်တစ်လုံး





ရလောက်သည့်အချိန်ခန့်မှာ ကိုဗိုင်းရဲ့ကားလေး ပြန်ထွက်လာ၏။

ကျွန်တော် ဆိုင်ထဲမှ ကမန်းကတန်း ပြေးထွက်ပြီး၊ လမ်းမ ပေါ်မှ လက်ကာ ပိတ်တားလိုက်၏။

"တီ. . . တီ. . . တီ"

ဟိုက်. . . ကားပေါ်မှာ ကိုဗိုင်းမဟုတ်။ ထိန်ထိန်သာရဲ့ ဗျက်နှာပေါက်မျိုးနှင့်ဆင်သော လူငယ်တစ်ယောက်။

"ဟေ့လူ. . . လမ်းလယ်မှာ ဘာရူးနေတာလဲ။ သေချင်လို့ လား"

လူငယ်ထံမှ ဒေါသဖောင်းလေသံ။ ကျွန်တော် လမ်းဘေး အသာကပ်ရပ်ပြီး လက်နှစ်ဖက်မြှောက်ပြ၍ ပခုံးတွန့်ပြလိုက် သည်။ လူငယ်က ရှုံ့သိုးသိုးဖြင့် စောင်းငမ်းစောင်းငမ်းကြည့် နေ. . .

"ဒါ. . . ကား. . . ဆိုက်ကားမဟုတ်ဘူး. . .။ တိုက်မိရင် သေတတ်တယ်. . .။ နားလည်ရဲ့လား"

ရော်. . . ဟုသာ ရေရွတ်လိုက်မိ၏။ သူများကားကို ကိုယ့် ကားပုံစံဖမ်းပြီး လမ်းပေါ်က လူတွေကို မတူမတန်ဟန်ကလည်း ...နီးလိုက်သေး၏။ အသပြာ လေးရွှေးခန့်ကို လည်မှာဆွဲခွင့်ရရုံနှင့် ...ဘုရင်ကိုပင် ဘာမထင်သည့် ရွှေနီပါတ်ဇာတ်တော်ထဲက ပုတ်



www.burmeseclassic.com

www.burmeseclassic.com



သင်လိုကောင်မျိုးဟု ကျွန်တော် တွေးဆမိလိုက်၏။

ယောက်ဖလောင်းကိုဗိုင်းရဲ့ကားကို အပျော်လျှောက်မောင်း ခွင့်ရသွားသော သကောင့်သားလေး မောင်းထွက်သွားသောအခါ မှ ကျွန်တော် လမ်းထဲ လျှောက်ဝင်လာခဲ့လိုက်၏။

လူသွားသာရုံ လမ်းကျဉ်းလေးထဲ ချိုးဝင်လိုက်စဉ်၊ ပျဉ် ထောင်သွပ်မိုး တစ်ထပ်အိမ်ကလေးကို သစ်သားစည်းရိုး ခတ်ထား တာတွေ့ရ၏။ စည်းရိုးအနားမှာ မတ်တတ်ရပ်မိစဉ်. . .

"ကိုဗိုင်း. . . ကိုဗိုင်း"

အိမ်ထဲမှ အသက်လေးဆယ့်ငါးအရွယ် နှုတ်ခမ်းနီရဲရဲနှင့် မိန်းမကြီးတစ်ဦး ထွက်ပေါ်လာ၏။

"ဘယ်သူလဲ"

"ကိုဗိုင်းနဲ့ တွေ့ချင်လို့ပါ. . . သူ့အသိပါ"

ထိန်ထိန်သာရဲ့မိခင် ဖြစ်ဟန်တူ၏။ ရွှေသမက် ဖမ်းထိ ထားနိုင်၍ ကိုယ်ယောင်ကိုယ်ဝါတွေ ပြောင်လက်လက်ဖြစ်နေ၏

"နာမည်ဘယ်သူလဲ"

ကဲ. . . ဟုသာ စိတ်ထဲမှ ကြိတ်မာန်မဲရင်း. . .

"ထွန်းထွန်း. . . ကိုဗိုင်းရဲ့ညီ. . .။ အဲဒီလို ပြောလိုက် အန်တီ"





ထိုအခါကျမှ စူးစမ်းရေးမျက်လုံးတွေ အထဲပြန်ဝင်သွား၏။ ခဏအကြာမှာ ဘွားခနဲ ထွက်ပေါ်လာသော ကိုဗိုင်း၊ နောက်ပါး မှာ ခပ်တည်တည် ရပ်ကြည့်နေသည့် ထိန်ထိန်သာ။

"ဟာ. . . ထွန်းထွန်း. . .။ ဘယ်လိုဖြစ်ပြီး ဒီရောက်လာရ တာလဲ"

ကျွန်တော် ပြောမည်အပြင်မှာ ကိုဗိုင်းက မျက်လုံးတစ်ဖက် မှိတ်ပြလိုက်၍. . .

"ဒီနား လမ်းကြုံလို့ ဝင်လာတာပါ"

"ဟုတ်လား. . . လာကွာ. . .။ လမ်းထိပ်မှာ တီးဆွဲရ အောင်"

ကိုဗိုင်းက ကျွန်တော့်ပခုံးကို သိုင်းဖက်ပြီး ထိန်ထိန်သာ တို့ဘက်ကို အသာလှည့်၍ ဟန်အမူအရာ လုပ်ပြ ခွင့်ပန်လိုက်၏။ ခြံပြင်ရောက်လာပြီး လမ်းလျှောက်လာဖြစ်ကြသည်နှင့်. . .

"မင်းကားရော"

"လမ်းထိပ်မှာ "

"ကိုဗိုင်းရဲ့ကားရော"

"ထိန်ထိန့်မောင်လေး. . . ခဏယူမောင်းသွားတယ်။ ဒီ ကောင်က ကားမောင်းသင်တန်းတက်ပြီးမှ. . . ကားမြင်ရင် တက်



www.burmeseclassic.com

www.burmeseclassic.com



မောင်းချင်နေတော့တာလေ"

"ကြည့်လုပ်. . .။ လမ်းထိပ်မှာ ကျွန်တော့်ကို ဝင် ကျိုးတော့ မလို့၊ ရှောင်ပေးလိုက်ရသေးတယ်။ သူက. . . ကားပိုင်ကြီးပုံစံနဲ့ ကျွန်တော့်ကို စွတ်ဟောက်သွားသေးတယ်"

ကျွန်တော့်စကားကို ကိုဇိုင်းက ဟာသအမှတ်နှင့် ရယ်၏။

"ရယ်မနေနဲ့ . . .။ အခုလာတာ အန်တီထားက လိုက်ရှာ ခိုင်းလို့ လာတာ"

"ဟုတ်လား. . . ဘာအရေးကြီးတာ ရှိလို့လဲ"

"ဒါတော့ မသိဘူး. . .။ ဘဆိုတုန်းက၊ ဘာကိစ္စ ပြောပြခဲ့ ဖူးလို့လဲ။ ကျွန်တော့်အလုပ်က လိုက်ရှာတွေ့ရင် အကြောင်းကြားပြီး ခင်ဗျားကို အိမ်ပြန်လွှတ်ပေးဖို့ပဲ ရှိတာ"

"အင်း. . . ဟိုတစ်နေ့ စိန်တစ်ဆင်စာဖိုးအတွက် ငွေချေ ထားတာရှိတယ်။ အဲဒီအထဲက ငါ ဖြုတ်သုံးတာ ကြမ်းသွားတယ်။ ငါ့ကို မေမေက အရိပ်တကြည့်ကြည့်နဲ့ကွ။ ငါ ခြေလှမ်းသွက်နေ တာကို အကဲခတ်မိပြီး. . . အရင်က ငွေမစစ်ဘဲ ငါပေးသမျှ ယုံပြီး လက်ခံခဲ့တာကို အခု ငွေလက်ခံပြီးမှ အသေအချာ ပြန်စစ်ရာက ပြစ်ချက် တွေ့သွားပြီနဲ့တူတယ်။ အိမ်ရောက်ရင် အပွက်ခံရတော့ မှာပဲ"





"ပွက်ချင်မှ ပွက်ရော. . .။ အိမ်တော့ ပြန်လိုက်ခဲ့"

"ကား စောင့်ယူရဦးမယ်လေ"

"ဘယ်လောက် စောင့်ရမှာလဲ"

"ပြောလို့မရဘူး. . . တစ်ခါတလေ တစ်နာရီ၊ တစ်ခါတလေ ညမိုးချုပ်တဲ့အထိပဲ"

"မရေမရာနဲ့ မျှော်ချင်တိုင်း. . . မျှော်နေပြီဗျာ။ မပြောချင် တော့ပါဘူး။ ဒါဆိုလည်း ကားတစ်ခုခုဖြစ်လို့ ဝပ်ရှော့ ခဏပို့ထား တယ်ပြော။ ကျွန်တော် လိုက်ပို့မယ်"

"မင်း ပြောသလို လုပ်တာကောင်းတယ်"

ကျွန်တော်တို့နှစ်ယောက်သား ကားပေါ် တက်ပြီး မောင်း ထွက်လာစဉ်. . .

"ထိန်တိန်သာနဲ့က. . . ဘယ်အခြေထိ ဆိုက်နေပြီလဲ။ ကြည့် လုပ်နော်။ အန် ထားရဲ့ရောဂါနဲ့ အကြီးအကျယ် ပဋိပက္ခဖြစ်မှာ ကို သိလျက်နဲ့ စွတ်လုပ်မနေနဲ့"

ကျွန်တော့်စကားအပေါ် ကိုဇိုင်း အလေးအနက်ထားပုံ မရ။ ထိုင်ခုံနောက်လျှောထိုင်ပြီး တစ်ကိုယ်တော် စဉ်းစားခန်းဖွင့် နေ၏။

"ကိုဇော်ဒင်နဲ့ တွေ့ဖြစ်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ထပ်ပြောကြည့်၏။ မလှုပ်။

"ကြိုးရှုပ်တဲ့အရှုပ်နဲ့ တွဲကမိရင်. . . ကိုယ့်အရှုပ်ပါ အတုပ် အနှောင် ခံရလိမ့်မယ်"

"ဒီအချိန်မှာ. . . မင်းပါးစပ်ကို ငြိမ်ငြိမ်လေး ထားစမ်းပါ ထွန်းထွန်းရာ။ ငါ့ဇာတ် ငါနိုင်ပါတယ်"

"ကျွန်တော်က ဘယ်သူ့ဘက်မှ မနစ်နာစေချင်လို့ ပြောတာ။ ကိုဗိုင်းဘက်က အသာနဲ့ ထွက်လာတာမျိုးလည်း မဖြစ်စေချင်ဘူး။ တစ်ဖက်က မိန်းကလေး။ ကိုယ့်ဘဝအတွက် လက်တွဲလို့ ဖြစ်နိုင်မလား၊ ဖြစ်နိုင်ရင်တွဲ၊ မဖြစ်နိုင်ရင် ဘယ်သူ့ ဘယ်သူ့ကမှ မနစ်နာစေဘဲ အမြန်လမ်းခွဲကြတာ အကောင်းဆုံးပဲ"

"အပြောရခက်တဲ့ကောင်ပဲ. . .။ ဘာလဲ. . . မင်း ထိန်ထိန်ကို ကြိုက်နေလို့လား"

"ကျွန်တော့်မှာ မေဒီနီ ရှိတယ်။ သူ့ကို လက်ထပ်ဖို့ ချစ်ခဲ့တာ။ ချစ်လို့ကို လက်ထပ်မှာ။ သူ့အပေါ် ကျွန်တော် ဖောက်လွဲတဲ့စိတ် မထားဘူး။ မေဒီနီက လွဲရင်. . . ကျွန်တော့်ရင်ထဲမှာ ဘယ်မိန်းမကိုမှ နေရာမပေးနိုင်ဘူး"

"ဒါဆို ထိန်ထိန့်ဘက်က. . . ဘာလို့လိုက်ပြီး စကားပြောနေရတာလဲ"





"ကိုယ်ချင်းစာတရားနဲ့ ပြောတာပါ။ သူ့နှမ၊ ကိုယ့်နှမ၊ သူ့အစ်မ၊ ကိုယ့်အစ်မလို သဘောထားတတ်စေချင်လို့ ပြောတာ"

"ထွန်းထွန်း. . .။ မင်းက ငါ့ကို ဘယ်လိုကောင်ထင်လို့ ဒီစကားမျိုး ပြောတာလဲ"

ဒေါသရောင် လွှမ်းသွားသော ကိုဗိုင်းရဲ့မျက်နှာ။

"ရိုးရိုးပဲ ကျွန်တော် ပြောတာပါ"

"ငါဟာ. . . ကိုယ့်ကိစ္စအပေါ် တာဝန်မယူရဲတဲ့ ယောကျ်ား မဟုတ်ဘူးကွ။ ငါ ဘာလုပ်နေတာလဲ။ ငါ ဘာဖြစ်ချင်တာလဲ။ ငါ ဘာလုပ်သင့်သလဲဆိုတာ ငါ အားလုံးသိတယ်။ ငါဟာ ရိုးသားအေးဆေးတည်ငြိမ်ပြီး အပြစ်မဲ့တဲ့ မိန်းကလေးတွေကို ဘယ်တော့မှ မလွန်ကျူးခဲ့ဘူး။ မဖျက်ဆီး မယုတ်မာခဲ့ဘူး။ အိုင်ဖီးလ်၊ ယူဖီးလ်သို့ စိန်ခေါ်တဲ့. . . ဆိုရှယ်လေဒီတွေဆိုရင်တော့ ကိုးတောင်ကျားမဟုတ်ဘူး။ [illegible]တောင်နှစ်ဆယ်ကျားလို ကိုက်ခဲ ဝါးမျိုပစ်လိုက်မယ်"

"ထိန်ထိန်သာ့အပေါ် သွေးသား မှောက်မှားခဲ့ရင်ကော"

"ထိန်ထိန့်အပေါ် ငါမှားမိရင် ဝတ္တရားရှိရှိ ငါလက်ထပ်မယ်. . . ကဲ"

"အန်တီထားက အပြင်းအထန် ငြင်းဆန်မယ်ဆိုတာ သိရဲ့လားနဲ့ ကိုဗိုင်းရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်းတွေ ဘာမှမဖြစ်သေးခင် ထပ်ပြောရတာ အပ်ကြောင်းထပ်ပါတယ်ကွာ။ အခုလက်ရှိမှာ လက်တွေ့စိတ်ချမ်းချမ်းသာသာ နေရတာမျိုးကို မင်း မလိုလားဘူးလား ထွန်းထွန်း"

"ရရင်တော့ ကောင်းတာပေါ့"

"ဒါဆိုရင် မင်းပါးစပ်ပိတ်၊ ငါလည်း အိပ်ပြီးလိုက်မယ် ဒါပဲ"



အခန်း ( ၇ )

ကိုဇိုင်းအိမ်ကို ပြန်လိုက်ပို့ပေးပြီးသည်နှင့် ရောယောင်အပွက်ခံရမှာ စိုးသဖြင့် အမြန် ပြန်လစ်ထွက်လာခဲ့ရသည်။ ထိုမှ ရက်သတ္တပတ် နှစ်ပတ်ကြာသည်အထိ ကိုဇိုင်းနှင့် ကျွန်တော် မတွေ့ဖြစ်ကြတော့။

ကျွန်တော့်အလုပ်ဂဲမှာ ကျွန်တော်လည်းနေ၏။ အားလပ်ချိန်လေးများမှာ မေဒီနီနှင့် တွေ့ဖြစ်၏။ တွေ့ဖြစ်ကြသည့်အခါတိုင်းမှာလည်း အချစ်ကို အလုံးစုံသိခွင့်ရဖို့ အာသီသတွေ တလှုပ်လှုပ် ဖြစ်ပေါ်နေခဲ့သည်။

"အချစ်နဲ့. . . သူ့ရဲ့ တွဲဘက်အနက်အဓိပ္ပာယ်တွေကို မေနီ



www.burmeseclassic.com

www.burmeseclassic.com



သိလား"

"လာပြန်ပြီ. . . ခေါင်းရှုပ်မခံတတ်ဘူး"

"ခေါင်းရှုပ်စေချင်လို့ မဟုတ်ပါဘူး။ သိစေချင်လို့ပါ"

"အပျင်းပြေမယ်ဆိုရင် ပြောမြ"

"အပျော် မပြောချင်ဘူး"

"ကဲပါ. . . ပြော"

"သစ္စာ၊ မေတ္တာ၊ ကရုဏာ၊ အကြင်နာတဲ့"

"ပြောလိုက်ပြီလား. . . ဒါတွေက သိပြီးသားတွေပဲ"

"အဲဒါ ကောင်းတဲ့ တွဲဘက်အင်္ဂါအဓိပ္ပာယ်တွေပဲ။ အပေါ် ယံရှပ်ပြီး ရှင်းပြလိုက်တာ။ မေနီက သိပြီးသားဆိုတော့ အတွင်းထဲ နက်မရှင်းပြတော့ဘူး"

"မြန်မြန်ပြီးသွားတော့လည်း. . . နားအေးပါးအေး ဖြစ်တာ ပေါ့"

"ကျန်တဲ့ ဆန့်ကျင်ဘက်အဓိပ္ပာယ်တွေလည်း ရှိသေးတယ်"

"ဒုက္ခ. . . အင်း. . . ဆိုစမ်းပါဦး"

"ဥပေက္ခာ. . . အသည်းနာ. . . ရင်ကွဲနာ. . . တဲ့"

"ဟုတ်လား. . . ထူးဆန်းလိုက်တာနော်။ အဲ့ဩမကုန်နိုင် ဖွယ်ရာပါ့ပဲ. . . တကယ်. . . တကယ်"





"အသည်းယားအောင် မလုပ်နဲ့ မေနီ"

"ဒီအတိုင်းပဲ. . . ပြောတာပါ။ သူ့အသည်းက ဘာလို့ အကြောင်းမဲ့ ယားနေရတာလဲ"

"မင်းရဲ့ သရော်တော်တော် ဟန်ပန်တွေက. . . ငါ့ကို ကလိ သလို၊ ရိသလို လုပ်နေတာပဲကွ"

"ခက်ပြီကွာ"

"မဟုတ်လို့လား"

"ကြိုက်သလို လင်တော့"

ကျွန်တော့်မျက်နှာကြီး လင်ပုပ် ဖမ်းထားလိုက်၏။

"အဲဒါက ဘယ်လိုဖြစ်သွားရတာလဲ။ မေနီ့ကို စိတ်ဆိုးနေ တာလား"

"ကိုယ့်ချစ်သူက ကိုယ့်စကားကို အလေးအနက် မထားတာ လောက် ခံပြင်း ဒေါသထွက်တာ မရှိဘူး"

"အဲဒါဆိုလည်း ဘွာတေး. . . ဘွာတေး"

"မှားတယ်ကွာ. . . ဒီလိုညစ်ရမယ်မှန်းသိရင် ရည်းစားနဲ့ လာတွေ့မယ့်အစား. . . သူငယ်ချင်းတွေဆီ လျှောက်သွားတာကမှ စိတ်အပန်းပြေဦးမယ်"

"ဘာလဲ. . . သူပြောနေတာတွေက အဆီအငေါ်မသည့်



www.burmeseclassic.com

www.burmeseclassic.com



တာတွေချည်းပဲဥစ္စာ။ ဒီက အလိုက်သင့် အလျားသင့်လည်း ပြော
ပေးနေရသေးတယ်။ မကျေနပ်ဘူးလား။ ဒါဆို ပြန်မယ်"

ကျွန်တော်တို့နှစ်ယောက် စိတ်တူကိုယ်တူ ချစ်ခဲ့ကြသော်
လည်း အခြားသောစုံတွဲများလို စိတ်ကောက် ပြန်ချော့တာမျိုး
မလုပ်တတ်ခဲ့။ အချစ်နှင့် အကျိုးဝင်သော ထိုအချက်ကို ကျွန်တော်
လက်တွေ့ အကောင်အထည်ဖော်မိခဲ့သည့်အပေါ် မေဒီနီ စိတ်ည
သွားဟန်တူ၏။

"ကိုယ်ကလည်း မင်းကို မချော့တတ်။ မင်းကလည်း ကို
ကို မချော့တတ်။ လူတိုင်းက မွေးရာပါ တတ်တဲ့အထဲမှာ စိတ်
တတ်တာတော့ ပါတယ်နော်။ ခက်တာက မင်းနဲ့ကိုယ်က အ
နေတတ်ပြောတတ်တော့ စိတ်မဆိုးဖြစ်ကြဘူး။ ကိုယ်တို့နှစ်ယော
ရဲ့အချစ်က လမ်းဖြောင့်ကြီးအတိုင်း လျှောက်နေရသလို ပျင်းစ
ကောင်းလာပြီ"

"ယူ... ဒီငနိုပညာတွေ ဘယ်ကတတ်လာတာလဲ"

"အကြားအမြင်နဲ့ပေါ့... ဟိုကကြား၊ ဒီကမြင်ခဲ့ရတာ

"အံ့ဩပါရဲ့... စိတ်ညစ်ရမှာ၊ စိတ်ဆင်းရဲရမှာ၊ စိတ်
ရမှာတွေကိုများ တမင်သက်သက် လုပ်ယူရတယ်လို့"

"တစ်နေ့... မင်းမှာ ကိုယ့်ထက် ချစ်ရတဲ့သူ တွေ့လာ





ကိုယ့်ကို ဘယ်လို..."

"ဘာသဘောနဲ့ ဒါတွေပြောနေတာလဲ ထွန်းထွန်း"

"ဖြစ်လိုဖြစ်ငြား၊ ဖြစ်ကောင်း ဖြစ်လာနိုင်လိမ့်နိုးနဲ့ပါ"

"ဒီမှာ... မေဒီနီတို့က ဘယ်တော့မှ ပလောင်းပလဲ မလုပ်
ဘူး"

"မပြောင်းလဲဘူးပေါ့"

"ဟုတ်တယ်"

"တချို့က ပြောင်းလဲတတ်တယ်နော်"

"အဲဒီထဲမှာ ယူပါနေပြီ မဟုတ်လား...။ ရတယ်... ယူ
ကြိုက်သလိုသာ ဆက်လုပ်"

"ကိုယ့်ပြောင်းလဲမယ်လို့ မပြောခဲ့မိပါလား"

မေဒီနီ့မျက်နှာပေါ်မှာ အပျော်ရိပ်တွေ သုန်းဆိတ်သွား၏။

"အရိပ်အယောင်နဲ့ အနံ့အသက်ကို ရနေပြီ။ အခုပြောတဲ့
စကားတွေက ဆန်းပါတယ်လို့တော့ ထင်သား။ ရှင် ပြောင်းလဲဖို့
လျှို့ဝှက်ကြံစည်ထားပြီး သက်သက်မဲ့... မေနီ့ကို သွေးတိုးစမ်း
ပြီး မေးမြန်းနေတာ မဟုတ်လား"

"မဟုတ်ဘူး မေနီ"

"ဟုတ်တယ်...။ ဒီမှာ... ကျွန်မ အမုန်းဆုံးက အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲတတ်တဲ့ ယောကျာ်းပဲ။ မုန်းပြီဆို လှည့်တောင်မကြည့်ဘူး မှတ်လိုက်”

“မေနီကလည်း ဒေါသချည်းပဲကွာ။ ကိုယ့်ဘဝမှာ မေနီတစ်ယောက်ထဲပါ။ ကိုယ့်ရင်ထဲက ကောင်းကင်မှာ ကြယ်စုံလင်းတာ မလိုချင်ဘူး။ မေနီဆိုတဲ့ လတစ်စင်းပဲ လင်းရှင်း သာယာနေစေချင်တာ. . . ယုံပါ”

မေဒီနီ၏မျက်စောင်းက ကျွန်တော့်ရင်ထဲကို ခြစ်ဆွဲသွား၏။

“မေနီကတော့. . . ယူ ရှုပ်တယ်ကြားတာနဲ့ ချက်ချင်းအဆက်ဖြတ်ပစ်လိုက်မယ်။ မေနီ့မှာ အိမ်က သဘောတူထားတဲ့လူ ရှိတယ်နော်။ အဲဒီလူနဲ့ လက်ထပ်ပြလိုက်မယ်။ အခု အဲဒီလူကိုမေ့မှိန်ထားတာ ယူရှိနေလို့”

ကျွန်တော့်ရင်ဗဟိုချက်ကို လျှေင်သက်ရောက်၏။

“အဲဒီလူရှိတယ်ဆိုတာ. . . ကိုယ့်ကို အစက ဘာလို့မပြောပြတာလဲ။ ဘာလို့ လျှို့ဝှက်ထားရတာလဲ။ ဘာသဘောလဲ”

“ရှင် စောစောစီးစီး အဲဒီလို ကယောင်ချောက်ချားဖြစ်မှာစိုးလို့ကို မပြောပြခဲ့တာ။ အခုအချိန်ထိ ဘာမှ,မှ မဟုတ်သေးမေနီ့ဆန္ဒကသာ အဓိကပါ။ အိမ်က အဲဒါကို အလေးထားပါတယ်





“ကွာ. . . အခုမှ အသိပေးတာ အဓိပ္ပာယ်မရှိဘူး”

“အရင်က အသိပေးတော့ကော ယူက ဘာတတ်နိုင်မှာမို့လို့လဲ”

“ဘာလို့ မတတ်နိုင်ရမှာလဲ။ မင်းကို လက်ထပ်ယူဖို့ အမြန်စီစဉ်လိုက်ရင် အခုလောက်ဆို လက်ထပ်ပြီးပြီ”

“အိုး. . . ယူ့မှာ ယူပြောထားတဲ့ ရည်ရွယ်ချက်တွေ လွတ်လွတ်လပ်လပ် ဆက်လုပ်စရာ ရှိသေးတယ်လေ။ မေနီ့မှာလည်း ယူ့လိုပဲပေါ့”

“အိမ်ထောင်ကျပြီးမှ ဆက်လုပ်လို့လည်း ရမယ်”

“ရလိမ့်မယ် အားကြီးကြီး. . . မဖြစ်နိုင်တာတွေ”

“ဒီမှာမေနီ. . .။ မင်းကို ကိုယ် ဘယ်လိုယုံရတော့မလဲ”

“ဟင်. . . မေနီက ဘာတွေဖြစ်နေလို့လဲ”

“အဲဒီလူ. . . အဲဒီအရန်လူ ရှိနေတာ စိတ်မချစရာပဲပေါ့ကွ။ မင်းမိဘက သဘောတူတော့ အိမ်လာလည်မယ်။ ဆိုင်လာလည်မယ်။ မင်းနဲ့ မရမနေ ပူးကပ်တိုးဝင်နေမယ်။ အိုးချင်းထားရင် အိုးချင်းထိခတ်ပြီး နှုတ်ခမ်းပွဲမယ်။ ကြိုးချင်းထားရင် ကြိုးချင်းငြိပြီး ဇာတ်လမ်းရှုပ်မယ်။ ပြီးမှ. . . နှုတ်ခမ်းပွဲ အရှုပ်ထုပ်နဲ့ မင်းငါ့ကို. . .”



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ . . . ယူ . . . ပြောရက်လိုက်တာ"

ဒေါသနှင့် နာကျင်မှုကို မျက်နှာပေါ်မှာ တစ်ပြိုင်နက်တည်း ပြသနိုင်သော မေဒီနီရယ်ပါပဲ။

"အဲဒီလူ ဘယ်ကလဲ"

"ယူ . . . သိစရာမလိုဘူး . . . ဒါပေမဲ့ ယူသိဖို့လိုတာ ပြောလိုက်မယ်။ အဲဒီလူက လုပ်ငန်းရှင်တစ်ယောက်။ သူ့အလုပ်နဲ့သူတောင် မအားဘူး။ မေနီတို့ဆီလည်း အကြောင်းမရှိ အကြောင်းရှာ မလာဘူး။ လာရင်လည်း မိဘတွေနဲ့ တွေ့ပြီးပြန်တာများတယ်။ ဆိုင်မှာလည်း အစ်မတွေရှိလို့ အလာနည်းတယ်။ လာရင်လည်း ယူထင်သလို ဘယ်လို ဆိတ်ကွယ်ရာအရပ်ကိုမှ မေနီ မလိုက်ဘူး။ ဟိုနားဒီနားတောင် မလိုက်ဘူးကွာ။ မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို အဲဒီလူလည်း နားလည်တယ်။ အခု နားမလည်နေတာက . . . ယူ"

"မီးလောင်နေတဲ့ ရင်ဘတ်ထဲကို ရေတစ်စက်ချင်း ချနေမှတော့ ပိုပြီး မီးတောက်တာပေါ့ မေနီ။ ထပ်ပြောမယ်။ အခုဟာက ရိုးရိုးလောင်တဲ့ မီးမဟုတ်ဘူး။ သူ့ထက် ပိုဆိုးပြီး လောင်တဲ့ခါတ်ငွေ့မီး၊ လောင်စာမီးလည်း မဟုတ်ဘူး။ အဲဒီမီးတွေထက် အဆပေါင်းများစွာ ပြင်းထန်တဲ့ သောကမီး . . . အချစ်မီး . . . ရင်ဖွဲ့မီး"





မေဒီနီ ပြန်ကြည့်လိုက်သော အကြည့်။ ရင်ထဲ ထိရှ။ စိမ်း[illegible]ဆန်သော လေသံ . . .။

"မေနီ အဲဒါတွေ နားမလည်ဘူး။ ရှင်းပြတာကို သဘော[illegible]ရင်တူ။ မတူရင် ကြိုက်သလို ယူဆနိုင်တယ်"

ကျွန်တော့်ဘက်က ပို၍တင်းမာသွားမိ၏။ ထို့ကြောင့် ထိုင်[illegible]မှ ထရပ်လိုက်ပြီး ကောင်တာမှာ ငွေသွားရှင်းလိုက်၏။ စားပွဲ[illegible]ကို ပြန်အရောက် . . .

"အဲဒါက . . . ဘာအချိုးချိုးတာလဲ"

"မင်း ကြိုက်သလို ယူဆလိုက်တော့ကွာ"

မထိုင်ဖြစ်တော့ဘဲ ကျွန်တော် လှည့်ထွက်လာလိုက်၏။ ဆိုင်[illegible]မှာ မေဒီနီ ထိုင်ရာမထ၊ ကျန်ရစ်ခဲ့၏။

(မိန်းမတွေဆိုတာ သူတို့ကို ချစ်မှန်းသိလေ၊ အနိုင်ယူလေ[illegible]ကွ။ ဘယ်တော့မှ သူတို့အပေါ် ဘယ်လောက်အထိ ချစ်တယ်ဆို[illegible]တာမျိုး အရိပ်အယောင်တောင် မပြနဲ့။ ကိုယ့်သိက္ခာနဲ့ ကိုယ်နေ။ [illegible]အေး . . . သူတို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတဲ့အခါမှ သူတို့[illegible]နဖူးလေးကို ဖွဖွညင်ညင် နမ်းပြီး မျိုသိပ်ထားရတဲ့ အချစ်အလွမ်း[illegible]တွေ ဖြည်ချပစ်လိုက်။ သူတို့ လုံးဝ မသိစေနဲ့နော် . . .၊ သိသွားလို့[illegible]တတော့ သူတို့လိုရာ ကြိုးဆွဲရုပ်ကြီး ဖြစ်ပြီသာမှတ်။)



www.burmeseclassic.com

www.burmeseclassic.com



အချစ်နှင့်ပတ်သက်၍ လက်တွေ့ဗဟုသုတရှိသော အိမ်ထောင်ရှင် သင်တန်းသားကြီးတစ်ယောက် ပြောပြခဲ့ဖူးသောစကားတွေ အတွေးထဲမှ ယိုစီးကျလာ၏။

မေနီ. . .

ဒီပွဲမှာ ကိုယ်ကြွေပြီလား. . .

အတွေးတွေ ပစ်စလက်ခတ် ခါးတယ်။ ။



အခန်း ( ၈ )

"အရိုင်းလေးတဲ့"

"ဘယ်လို အရိုင်းလေး"

"အေး. . . ငါ ထိန်တိန်သာ့ကို ပေးထားတဲ့ နာမည်သစ်က ထိန်ထိန်နဲ့ မလိုက်ဘူးလား"

"လိုက်ပါတယ်. . .။ ဆက်သာ မိုက်ချင်သလို မိုက်တော့။ ကိုယ့်မိဘအခြေအနေကိုလည်း သိရဲ့သားနဲ့။ ကိုယ့်ထက် အသက်ကြီးတဲ့လူကို ဆုံးမရ တော်တော်ခက်တာပဲ"

"ဟော့ကောင်. . . ထွန်းထွန်း. . .။ မင်း ငါ့နောက်မှ ထမင်းစားတာပါကွာ။ မိချောင်းမင်းကို ရေခင်းပြရင် ဘာဖြစ်မလဲ မင်း



www.burmeseclassic.com

www.burmeseclassic.com



သဲဟား"

"မသိဘူးဗျာ"

"အကိုက်ခံရလိမ့်မယ်. . . မင်းဘက်ကသာ နှုတ်လုံပါစေ။ အခုအချိန်ထိ ငါ့အိမ်က မသိအောင် မင်းအနေနဲ့ မောင်းမတီးသေး တာ ကျေးဇူးတင်ပါတယ်။ အဲဒီအတွက် မင်းကို ပဲကြီးလှော် အဝ ကျွေးမယ်"

"ပြောတော့ဗျာ. . .။ နောက်ထပ် ခင်ဗျားတို့ဇာတ်ရှုပ်ထဲ မှာ ကျွန်တော် မပါဘူးနော်။ လွတ်အောင်နေတယ်။ တစ်ပူပေါ် နှစ်ပူဆင့်လာရင်တော့ လက်မခံဘူး"

"မင်းမှာ တစ်ပူရှိသေးလို့လား"

"ရှိတာပေါ့. . . မေနီနဲ့ စကားများပြီး ကွဲကွာနေတာ ဆယ် ရက်လောက်ရှိပြီ။ မစေ့စပ်စတမ်းကို ကွဲနေကြသလိုမျိုးဗျ"

"ဘာစကားတွေ များကြတာလဲ"

"ထိန်ထိန့်လို ပြောင်းလဲတတ်တဲ့အကျင့် မေနီ့မှာ ရှိမရှိ စမ်းမေးကြည့်တာကို၊ မေနီ နာတင်းသွားပြီး သူ့ရဲ့အရန်ပုဂ္ဂိုလ်တွေ ကို မှောက်ဖဲလှန်ပြလာတယ်လေ"

"အဲဒီတော့"

"ကျွန်တော် နာတင်းတာပေါ့"





"ဒါနဲ့ . . ."

"ဘုနဲ့ဘောက်ဖြစ်ကုန်ရော. . .။ စိတ်မရှည်နိုင်တာနဲ့ ထ ထွက်လာခဲ့တယ်. . .။ ဘယ်လိုလဲ ဒီအတိုင်းဆို မေနီ စိတ်ပြန်ပြေ လာပါ့မလား"

"မပြေတော့ ဘာဖြစ်လဲကွာ. . .။ မိန်းမတွေ ပေါပါတယ်"

"စကားကို ဆင်ခြင်ပြီးပြောလေ။ ထိန်ထိန်သာ့ကို ဘာလုပ် မှာလဲ။ သူ့ထက်လှတာတွေ အများကြီးပဲ"

"အိုကေ ငါသဘောပေါက်ပြီ. . .။ မင်းကို မေနီ မစွန့်လွှတ် ရဲပါဘူး. . .။ တစ်နည်းနည်းနဲ့ ပြန်ဆက်သွယ်လာမှာပါ"

"ဘာဖြစ်လို့ အဲ့ဒီလိုထင်တာလဲ. . .။ အကြောင်းပြချက်ပေး ပါ"

"နူးနပ်နေတဲ့ မိန်းမတွေကြားမှာ. . . ငါဖြတ်သန်းလာတာ ပါ ထွန်းငွေနံးရာ။ မနူးမနပ် မေနီလောက်ကတော့. . . အကြောင်း ပြချက်မလိုဘဲ. . . ဒက်ထိပြောနိုင်ပါတယ်"

"ဒါဆိုရင် ကျွန်တော်က ဒီအတိုင်းပဲ နေလိုက်ရမှာလား"

"မတုန်လှုပ်တဲ့ပုံစံနဲ့ နေပြလိုက်"

"မေနီ တကယ်မုန်းပြီး. . . အရင်ပုဂ္ဂိုလ်နဲ့ လက်တွဲချိတ်သွား ရင်ကော ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မိုးပြိုမှာ လန့်မနေစမ်းပါနဲ့"

"ဖြစ်လာရင် ကျွန်တော်ပဲ ခံစားရမှာဗျ"

"သိပ်စိတ်ပျော့တဲ့ကောင်. . .။ ငါ့စကားကို မင်းမယုံရင်လည်း နေတော့ကွာ. . .။ ငါ ဘာမှ မကြုံမပေးတော့ဘူး"

"အုန်းခင်. . . အုန်းခင်. . . ယုံပါတယ်ဗျာ"

"ယုံပါတယ်က. . . ဟုတ်ပါပြီ။ အုန်းခင်ဆိုတာက ဘာလဲ"

"ဂျပန်သံလေး စွက်ပြောရရင် အိုကေကို အိုခေလို့ ပြောတာ။ ဂျပန်နဲ့ပြင်သစ် ဖက်စပ်သံလေးကျတော့. . . အိုကေကို အုန်းခင်လို့ အသံထွက်ကြည့်လိုက်တာ"

"တကယ်ပြောင်တဲ့ကောင်. . . ဖုန်းထဲမှာမို့လို့ပေါ့ကွာ။ အပြင်မှာသာဆို ငယ်ငယ်တုန်းကလို မသေမချင်း သရေကွင်း ငယ်ပါကို ပြစ်ဒဏ်ပေးလိုက်မယ်"

နှစ်ယောက်သား သဘောကျပြီး ရယ်ဖြစ်ကြ၏။

"ကျွန်တော် မေနီကို ထိန်ထိန်သာ့အကြောင်း ပြောပြ ရင် အကောင်းသား"

"ငါ့ရဲ့အရိုင်းလေးအကြောင်းကိုလား. . . မပြောပါနဲ့ကွာ။ ပါးစပ်တွေ ချဲ့ကားရာက တစ်ဆင့်ပြီးတစ်ဆင့်. . . ငါ့မေမေ နား အထိပေါက်ကြားသွားနိုင်တယ်. . . တတ်နိုင်သမျှ အရိုင်းလေး





ပက်သက်ရင်. . . အခုလိုပဲ လျှို့ဝှက် နှုတ်လုံထားစေချင်တယ်"

"ကျွန်တော်က နှုတ်လုံပါတယ်။ မေနီနဲ့ ကျွန်တော့်ကြားကို အရှုပ်ထုပ်တွေ ရောက်လာရင်သာ ကိုဇိုင်းဘာသာ ကိုဇိုင်းရှင်း။ အခုတောင်. . . မေနီက တစ်မျိုးတစ်မည် ထင်နေပြီ"

"ရှင်းပေးမယ်. . . မပူနဲ့. . .။ မင်းသာ လုံလုံဖြစ်ပါစေ"

"ကိုဇိုင်းဘက်ကလည်း ရှင်းရှင်းဖြစ်ပါစေ"

"အိုကေ"

"အုန်းခင်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

ဘယ်လိုမှ မျက်စိမှားနိုင်စရာ အကြောင်းမရှိ။

ထိန်ထိန်သာနှင့် ငနဲတစ်ကောင် လမ်းလျှောက်လာနေကြ၏။ သားသားနားနား ဝတ်စားထားကြပြီး နေကာမျက်မှန်ကို ကိုယ်စီ တပ်ထားကြ၏။ ကောင်းကင်မှာ လင်းရုံလေး အုံပြနေသော အခါသမယ။

ကျွန်တော် ရှောင်၍မရတော့။ ထို့ကြောင့် တည့်တည့်မှာ ဝင် စောင့်နေလိုက်ပြီး အနားရောက်လာသည့် ထိန်ထိန်သာကို နှုတ်ဆက်လိုက်ရ၏။

"မထိန်ထိန်သာပါလား. . . ဘယ်ကလာသလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိန်ထိန်သာက လက်ခနဲ ပြုံးလိုက်ပြီး. . .

"ဒီရွှေနားက ရေကူးကန်ကို သွားမလို့. . .။ ထွန်းထွန်းရော

တစ်ယောက်ထဲပဲလား"

"မြင်တဲ့အတိုင်းပါပဲဗျာ. . . ဒါနဲ့. . ."

ကျွန်တော်က ထိန်ထိန်သာ့အပါးမှ ငနဲကိုကြည့်၍ စကား

စ ဖြတ်ချန်လိုက်၏။ သဘောပေါက်သွားသော ထိန်ထိန်သာ

က. . .

"မင်းထင်တဲ့. . . ထိန်ထိန်သာတို့ ရပ်ကွက်ထဲကလေ. . .

အဖော်မရှိလို့. . . လိုက်စောင့်ရှောက်ပြီး လိုက်ပို့ပေးတာ"

ထိန်ထိန်သာ့အနားမှာ ရံခနေသော ဘီလူးနှစ်ကောင်ထဲ

မှ တစ်ကောင်ဖြစ်လိမ့်မည်။ ပိန်ပိန်သွယ်သွယ်၊ ရှည်ရှည်လျားလျား

နှင့် လူတစ်ဖက်သားကို သံသယမျက်လုံးဖြင့် အမြဲလိုလို ကြည့်တတ်

ဟန်တူသည်။ စတီဖင်ဆေးဂဲ(လ်)လိုလို၊ ဘာလိုလိုနှင့် ဆံပင်ကို

ဆီရွှဲအောင်လူးပြီး နောက်လှန်ဖီးကား၏။ မာဖီးယားဂိုဏ်းစတား

နဲ့ အငွေ့တော်တူသည့်လူ။

မျက်နှာသေကြီးနှင့် လူမှုဆက်ဆံရေး ကျပါးဟန်တူ၏

တည်တည်တင်းတင်း မျက်နှာကြီးနှင့်။

ကျွန်တော် အလိုက်အထိုက်ပင် ခေါင်းဆက်မိ၏။





"ဒီနေ့. . . ကိုဇိုင်း မလာဘူးလား"

ကျွန်တော် ဖဲ့ဒိုးမေးချလိုက်၏။ ထိန်ထိန်သာမျက်နှာ ကွက်

ခနဲ ပျက်သွား၏။ အပါးတော်မြဲ မင်းထင်မျက်နှာ စူပုပ်ခက်ထန်

သွား၏။

ထိန်ထိန်သာက ပြီးလွယ်စီးလွယ်ပင် ခေါင်းခါပြလိုက်၏။

ကျွန်တော်က. . .

"ကိုဇိုင်းက. . . မထိန်ထိန်သာကို တစ်နေ့မတွေ့ရ မနေ

နိုင်. . ."

"ဟေ့ကောင်. . . ဒါ ဘာစကားလဲ. . .။ အဲ့ဒီ ငဇိုင်းဆိုတဲ့

ကောင်နဲ့ မင်းက ဘာတော်သလဲ"

မင်းထင်က ဖြူးပြဲဟန်နှင့် ရှုးရဲမေးလာ၏။

"ကိုဇိုင်းနဲ့ ညီအစ်ကိုတွေပါ. . .။ ကိုမင်းထင်က ကိုဇိုင်းကို

သိလို့လား"

မင်းက ဘာသဘောနဲ့ ဒါတွေလာပြောနေတာလဲ. . .။

ငဇိုင်းကို လွှတ်ထားတာ ထိန်ထိန့်ကြောင့်ကွ. . .။ အခု ငဇိုင်းကို

ထိန်ထိန်သာ ခွဲလိုက်ပြီ။ ငဇိုင်း ကပ်လာရင် အဖြဲခံရမယ်ဆိုတာ

မင်း ထပ်ပြောလိုက်. . . ကောင်လေး"

ကျွန်တော် ပါးစပ်ဟောင်းလောင်းဖြင့် ထိန်ထိန်သာကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်မိ၏။ ထိန်ထိန်သာက အနေရခက်ဟန်၊ စိတ်ရှုပ်လာ
ဟန်ဖြင့်. . .

'သွားမယ်' ဟု တိုတိုတုတ်တုတ် ပြောကာ ဆက်ထွက်သွား
၏။ မင်းထင်က လက်ဖျောက်တွေ တဖျစ်ဖျစ်မြည်အောင် ချိုးပြပြီး
ကျွန်တော့်ကို အံကြိတ်ကြည့်ကာ ထိန်ထိန်သာ့နောက်မှ လိုက်ပါ
သွား၏။

တစ်နေ့ ဇာတ်ရှုပ်လာမည်ဟု ထင်တော့ထင်သား။

ကိုဖိုင်း ဘယ်မှာလဲ။ သူ့အိမ်မှာ ရှိလိုရှိငြား ဖုန်းဆက်မေး
လိုက်လျှင် အဖြေသိရမည်။ ထိန်ထိန်သာကြောင့် ခင်ဗျား ဘယ်
ချောင်မှာ သွားပြီး ဂိန်. . . ဂိန်နဲ့ နာကျင်နေရပြီလဲ ကိုဖိုင်းရယ်
ပြောလို့မရတဲ့ လူမိုက်။ ခုတော့ စေတနာတွေ ကံကြီးထိုက်ပြီပေါ့

❦ ❦ ❦



## အခန်း ( ၃၀ )

ကျွန်တော့်စကားအဆုံးမှာ ကိုဖိုင်း တဟားဟား ထရယ်
သံကို ကြားလိုက်ရ၏။ ကျွန်တော် အရယ်ရပ်သည်အထိ စောင့်နေ
လိုက်၏။ ခဏအကြာ. . .

"ငါနဲ့ စကားများပြီး စိတ်ကောက်သွားလို့ ငါလွှတ်ပေးထား
လိုက်တာပါ ထွန်းထွန်းရာ. . .။ မင်းကြည့်ထား. . . မကြာခင်မှာ
ငါ့ကို ပြန်ဆက်သွယ်လာလိမ့်မယ်"

"ပြတ်လက်စနဲ့ ဇာတ်ကို ရပ်လိုက်ပါတော့လား ကိုဖိုင်းရာ"

"ငါ့ဘက်က ပြတ်သားပ.ယ်။ သူ့ဘက်က အမျှင်တန်းလာ
တာကွ။ မင်းမယုံရင် စောင့်ကြည့်။ ငါ့ဘက်က လုံးဝမလှုပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ဟာတွေက ဘာတွေမှန်းလဲ မသိပါဘူး"

"မသိရင် မသိသလိုနေကွာ။ မင်းထင်တို့၊ ညီမင်းထွန်းတို့ကို မင်း သွားမတို့နဲ့။ ကိုယ့်ဘာသာနေ။ ဒီကောင်တွေက... ငါ့လောက် အခွင့်အရေး မရခဲ့လို့ ရှက်မွှန်မွှန်နေကြတာ"

"ထိန်ထိန်သာက... မင်းထင်နဲ့ အခုလက်ရှိ တွဲနေသလို ညီမင်းထွန်းနဲ့လည်း တစ်ပြိုင်နက် တွဲနေတာပဲလား"

"အေးပေါ့ကွ...။ ငါ မခံချင်စိတ်၊ သဝန်တိုစိတ်တွေနဲ့ သူ့အနားကို အမြန်ရောက်လာအောင်လို့ မှော်ပညာတွေနဲ့ ကြိမ်ရိုက်ခေါ်နေတာလေကွာ။ ငါက နေသာသပ လေညာကဆိုသလို နေပြလိုက်ရင် သူ့ရင်ထဲ ဘယ်လောက် မရိုးမရွဖြစ်ပြီး နေမထိ ထိုင်မသာ ဖြစ်လာတော့မလဲဆိုတာ... မကြာခင် ရုပ်လုံးပေါ်လာလိမ့်မယ်"

"ခင်ဗျားရဲ့ ဗျူဟာတွေကတော့ စိတ်ပျက်လောက်ပါတယ်ဗျာ"

"ယူတတ်ရင် ရတနာ၊ မယူတတ်ရင် အာပလာဖြစ်သွားလိမ့်မယ်။ ဒါကြောင့် မင်းကို ငါပြောပြပေးနေတာပေါ့။ မေဒီကို မင်း ဘာမှ ကျူးဝင်နေစရာ မလိုဘူး...။ ထားလိုက်"

နောက်ဆုံး ကျွန်တော်သာ ကိုဇိုင်းရဲ့ပိုင်ချမှုအောက်မှာ စိတ်





ရောက်ကိုယ်ပါ သွားရတော့သည်။

မေဒီ...

မုန်းသော ချစ်ခြင်းဘဏ်၌ ကိုယ်သတိရစိတ်နှင့် အလွမ်းတွေကို စာရင်းဖွင့် အပ်နှံလိုက်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ခြင်းယှဉ်ရင်

နိုင်တဲ့လူ အရင်ရှုံးရတာ...

ပက်လက်အိပ်ပြီး ဒီရင်နာတယ်။

ထားခဲ့လိုက်...

မှားခဲ့ မိုက်မိသမျှ

တရားနဲ့ တိုက်ညှိရအဲ...။

ဘဝရင်ကွဲရဲ့ အလွမ်းခရီး

ကမ်းမမြင်၊ လမ်းမမြင် အပူတွေ ကြီးနေလိုက်ပုံက။



## အခန်း ( ၁၁ )

'မင်းအနေနဲ့... အများကြီး အံ့သြသွားစေရမယ့် ပြကွက်ကလေးတစ်ကွက် ရှိတယ်' ဟူသောဆွယ်စကားဖြင့် ကျွန်တော့်ကို ကိုဇိုင်း ခေါ်လာခဲ့သည်မှာ တစ်နာရီတိတိ ကြာခဲ့လေပြီ။

ကားအတွင်းမှာ ရှော့ခ်တေးလှိုင်းတွေ ဆူညံနေသဖြင့် ကျွန်တော်က အသံလျှော့ချလိုက်၏။

ကားကူရှင်ကို နောက်လှဲထိုင်ပြီး ရှေ့တူရူကို ကြည့်နေသော ကိုဇိုင်းက...

"သူတို့... လာပြီ"

ကားကူရှင်ကို ပြန်မတ်ထိုင်ပြီး ကျွန်တော် လှမ်းကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



၏။ ပန်းခြံ ခြေဆင်းလမ်းလေးအတိုင်း တက်လာကြသော ပုံရိပ်သုံးရိပ်. . . ။

ထိန်ထိန်သာ (နေကာမျက်မှန်ကို နဖူးပေါ် တင်ချိတ်လျက်)။

မင်းထင် (စတိုင်ဘောင်းဘီထဲ လက်ထည့်မပျက် လျှောက်လာဟန်)နှင့်။ ရွယ်တူလူတစ်ယောက် (ဂျင်းပန်လ်ဘောင်းဘီတိုနှင့် တီရှပ်ပွပွကြီးကို ဝတ်ဆင်ထား၏။)

"ဘောင်းဘီတိုနဲ့က ညီမင်းထွန်း. . . ။ ပန်းစောင့်ဘီလူးတစ်ကောင်ပေါ့။ ဒီဘက်က ထောင်ထောင်နဲ့ကောင်က မင်းထင်။ အလယ်က. . . မင်းစိတ်ထဲ ထင်နေတဲ့ မာယာရှင် ကဝေဘုရင်မ ထိန်ထိန်သာ"

"သူတို့ ဒီပန်းခြံထဲ ဘာလာလုပ်ကြတာလဲ"

"နောက်ဆုံးရှင်းတမ်း ထုတ်ပြန်ကြမလို့လေ"

"ထိန်ထိန်သာက. . . ဗိုင်လား"

"ဗိုင်မဟုတ်ဘူး။ ဗိုင်း. . . သက်ရှိဗိုင်းဆုလို့ ပြောရင်ရမယ်"

ကျွန်တော်တို့ကားရှေ့ မြင်ကွင်း ဝါးသုံးပြန်လောက်မှာ ရှိသည့် အမိုးချွန် နားခိုဆောင်လေးထဲကို ထိန်ထိန်သာတို့ လှမ်းဝင်သွားကြ၏။

အကာအရံ မရှိသော နားခိုဆောင်လေးအောက်မှာ သုံး





ယောက်သား ရပ်တန့်သွားကြ၏။

"ကိုဇိုင်းက သူတို့ ဘာတွေလုပ်မယ်ဆိုတာ. . . ဘယ်လို သိနေတာလဲ"

"မင်း ဖုန်းဆက်တဲ့ နောက်နေ့မှာပဲ ထိန်ထိန်သာ ငါ့ဆီရောက်လာတယ်။ ငါ့ကို ပြန်ချော့တယ်။ ငါ ဖြစ်စေချင်တာ ငါကျေနပ်တဲ့အထိ သူ့ဘက်က လိုက်လျောပေးမယ်။ သူဖြစ်စေချင်တာကိုလည်း ငါ့ဘက်က လိုက်လျောပေးဖို့ လာနှိုင်းညှိတယ် ဆိုပါတော့"

"ဆက်ပါဦး"

"ငါ ဖြစ်စေချင်တာတွေ ပြောလိုက်တယ်။ မင်းထင်နဲ့ ညီမင်းထွန်းကို ငါ့ရှေ့မှာတင် အစိမ်းဖြတ်ပြလို့ ပြောလိုက်တယ်။ ထိန်ထိန်သာ. . . လက်ခံတယ်။ ဒါကြောင့် ဒီနေရာကို ချိန်းလိုက်တာ။ ဟော. . . ဟိုမှာကြည့်၊ အခု ပွဲစနေပြီ"

ထိန်ထိန်သာတို့သုံးယောက် ကိုယ်ဟန်အသီးသီးနှင့် ရပ်နေကြရင်းမှ စကားတွေ ပြောနေကြ၏။

"အဲဒီလောက်ထိအောင်. . . ကိုဇိုင်း ပိုင်လွန်းနေတာတော့ မယုံချင်စရာ အရမ်းကောင်းနေပြီ။ ထိန်ထိန်သာ မပြောနဲ့ သာမန် မိန်းမတောင် ကိုဇိုင်းပြောသလို လက်ခံပြီး လိုက်လုပ်ပေးကြမှာ မဟုတ်ဘူး။ ကိုယ်တိုင် မြင်တွေ့လို့သာ ကြည့်နေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ယုံချင်စရာ တစ်စက်မှ. . . မကောင်းဘူး"

"မင်း လိုပါသေးတယ်. . . ထွန်းထွန်းရာ"

"ထိန်ထိန်သာဘက်က ဘာတွေ ပြန်လိုက်လျှောခိုင်းတာ တဲ့လဲ"

"ဟိုမှာ ပွဲကောင်းနေတာ လှမ်း. . . ရှုစားစမ်းပါကွာ။ နောက်ပြီးရင် ပြောပြမှာပေါ့"

ထိန်ထိန်သာနှင့် မင်းထင်တို့ အချီအချ ပြောနေတာ တွေ့ရ၏။ မင်းထင်မှာ ပြောဆိုနေရင်းမှ မကျေမနပ်ဖြစ်ဟန် ပြလာ၏။ ညီမင်းထွန်းက ထိန်ထိန်သာ့ရှေ့မှာ မင်းသားအိုက်တင်ဖြင့် ပြောနေပြန်ပြီ။

မင်းထင်နှင့် ညီမင်းထွန်းတို့ ဘယ်လိုက ဘယ်လို စကားပြို ကုန်ကြသည်မသိ။ ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့မည့်ဟန်တွေဖြစ် ကုန်ကြပြန်၏။

ထိန်ထိန်သာ့ထံမှ ရူးရူးဝါးဝါး အော်ဟစ်သံသဲ့သဲ့ကို ကြား လိုက်ရ၏။ ညီမင်းထွန်း ငိုက်စိုက်ကျသွားပြီး ထိန်ထိန်သာတို့ရှေ့မှ ကြေကွဲခြေလှမ်းဖြင့် လှမ်းထွက်သွားလေသည်။

ကျန်ရစ်ခဲ့သော မင်းထင်က ထိန်ထိန်သာ့ပခုံးကို အားမလို အားမရဟန်ဖြင့် ဆွဲလှည့်ပြီး စကားတွေ ဗလုံးဗထွေး ပြောနေ၏။





ထိန်ထိန်သာက မင်းထင်လက်မှ အတင်းရုန်းကန်နေသည်။ မင်းထင်ကလည်း ထိန်ထိန်သာကို မလွှတ်။

"ဟိုမှာ ပွဲကြမ်းကုန်ပြီ။ ဘယ်လိုလုပ်မလဲ. . . ကိုဇိုင်း"

"လွှတ်ထားလိုက်ပါ. . .။ သူ့ဟာနဲ့သူ အဆင်ချောသွားပါ လိမ့်မယ်"

ကျွန်တော် နေမထိထိုင်မသာ ဖြစ်လာရ၏။ ကိုယ့်ချစ်သူ ဟုသာ သဘောထားလိုက်။ သူတစ်ပါး ဆွဲလွဲနေတာကို သွေးအေး အေးနှင့် ကြည့်နိုင်မည် မထင်။

BURMESE CLASSIC .com

ကိုဇိုင်းက ရှော့ခ်တေးသွားကို ပြန်ကျယ်လိုက်ပြီး ဇိမ်နှင့် နှပ်ပြနေ၏။ ဘယ်လိုလဲ။ ထိန်ထိန်သာကို တကယ်မချစ်လို့များ လား။

"မိန်းမတစ်ယောက်ကို မချစ်ရင်လည်း. . . လုံးဝမချစ်နဲ့ ပေါ့ဗျာ။ ချ် ရင်လည်း အခုတိုင်းကြီးနေတာတော့ ဘယ်ကောင်း မလဲ"

ကျွန်တော် အော်ပြောသော်လည်း ကိုဇိုင်း မလှုပ်။

"မြင်ရတာ စိတ်ဆင်းရဲတယ်။ ပြန်မယ်ဗျာ"

"မင်း ဘယ်လိုဖြစ်နေတာလဲ ထွန်းထွန်း. . .။ ဒါနဲ့ ထိန်ထိန် သာကို မင်းတို့ပဲ သဘောမတူခဲ့တာလေ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အံတင်းတင်းစေ့ပြီး ခပ်တွေတွေဖြင့် အကြည့်ကို တခြားပို့ထားလိုက်၏။ ကိုဇိုင်းက. . .

"ပန်းခြံထဲမှာ ဒီထက်ပိုပြီး ရုပ်ပျက်ဆင်းပျက် မလုပ်ရဲပါဘူးကွာ။ သိပ်ရှုပ် သိပ်ပွေပြနိုင်တာကို ဂုဏ်ယူချင်တဲ့ မိန်းမဒီလောက်တော့ ရင်းနှီးစွန့်နိုင်ရမှာပေါ့"

"ပြီးပြီမဟုတ်လား. . . ပြန်မယ်၊ နောက်ဆို ဘယ်လိုပြောပြီးခေါ်ခေါ် ဆောရီးပဲ"

"မပြီးသေးဘူး. . .။ ဇာတ်ရှိန် အတက်ကြမ်းနေရာကနေအကျကြမ်းလာတော့မယ်. . .။ ဟော. . ကြည့်"

ကျွန်တော် မသိမသာ လှမ်းကြည့်လိုက်သောအခါ မင်းထင်လက်မှ ထိန်ထိန်သာ ဘယ်လို ရုန်းထွက်လိုက်သည် မသိ။ ကွက်ကြည့် ကွက်ကြည့်လုပ်သွားသော ဝန်းကျင်မှ အပန်းဖြေသူတချို့ကို ထိန်ထိန်သာ ဝေ့ခနဲ ကြည့်လိုက်ပြီး. . .

မင်းထင်ကို ဖြန်းခနဲ ပါးရိုက်ချလိုက်သံ။ ဤမျှဝေးသောနေရာမှပင် ဗိဗိပြင်ပြင် ကြားလိုက်ရ၏။ မင်းထင် လည်ထွက်သွားပြီး ယိုင်သွားသော ခန္ဓာကိုယ် မနည်းပြန်မတ်လိုက်တာတွေ့၏။

စပြီ။ အော်ကြီးဟစ်ကျယ် 'ရက်စက်တယ်'အသံတွေ ပွင့်ကန်ထွက်လျှံလာ၏။ မင်းထင်က ဘီလူး ဒေါသူပုန်ထပုံမျိုးနှင့် ထိန်ထိန်





သာကို သူ့ရင်ထဲရှိတာတွေ အော်ဟစ် သွန်ပြောနေပြန်သည်။

ထိန်ထိန်သာက မျက်နှာတစ်ဖက်လွှဲပြီး အရေးမစိုက်သည့်ပုံစံဖြင့် နားထောင်နေ၏။ မင်းထင် ဒေါကြီးမောကြီးနှင့် ထွက်ခွာသွား၏။ ထိန်ထိန်သာတစ်ယောက်တည်း ကျန်နေရစ်ခဲ့သည်။

"ပွဲပြီးသွားပြီ. . . ထွန်းထွန်း"

"ခင်ဗျား ဘာဆက်လုပ်မှာလဲ"

"ကားကို ထိန်ထိန်သာနဲ့ အနီးဆုံးမှာ. . . ရပ်လိုက်ကွာ"

"ဘာသွားလုပ်မလို့လဲ. . .။ ဟိုမှာ ရောဂါအသည်းအသန်တက်နေတာဗျ။ ခင်ဗျားပါးပေါ်မှာ သူ့လက်ဝါးရာ ထင်တာ ခံချင်လို့လား"

"ငါပြောသလို လုပ်စမ်းပါ. . . ထွန်းထွန်းရာ"

ကျွန်တော် ဘာမှ စောဒက တက်မနေတော့။ ထိန်ထိန်သာပြန်လျှောက်လာမည့် ကွန်ကရစ်လမ်းကျဉ်းထိပ်စလေးမှာ ကားရပ်ပေးလိုက်၏။ ထိန်ထိန်သာက နေကာမျက်မှန် ပြန်တပ်ပြီး လှည့်ကြည့်၏။

ကိုဇိုင်းက လက်လှမ်းပြလိုက်သောအခါ ထိန်ထိန်သာ ပြန်လည် လက်လှမ်းပြလာ၏။ အသက်မဝင်သောအပြုံးနှင့် မျက်နှာကို မော့ပြီး ကျွန်တော်တို့ကားရှိရာကို လှလှပပ လှမ်းလျှောက်လာ



www.burmeseclassic.com

www.burmeseclassic.com



၏။

ကိုဖိုင်းက ဆင်းပြီး ဟိုတယ်ညေ့်ကြိုတွေလို တံခါးဖွင့်ပေ
နေ၏။ အနားရောက်လာသော ထိန်ထိန်သာက . . .

"ယုံပြီမဟုတ်လား"

ကဲ. . . ဘယ်လောက်များ အသည်းမာလိုက်ပါသလဲ။ လ
နှစ်ယောက်ရဲ့ ရင်ကိုခွဲပြီး အလေးနည်းနည်းမှ မထားသောပုံ
ဖြင့် ပုံမှန်အတိုင်း ပြောဆို နေထိုင်ဆက်ဆံလိုက်ပုံမှာ ကျွန်တော့်ကို
အတန်သင့် တုန်လှုပ်အံ့ဩသွားစေစွမ်းပါသည်။ ကိုဖိုင်းက ခေါင်း
တညိတ်ညိတ်ဖြင့် ထိန်ထိန်သာ ကားထဲဝင်ထိုင်စေရန် လက်နှင့်
လမ်းညွှန်ပြလိုက်၏။

နှစ်ယောက်စလုံး ကားထဲရောက်သောအခါ အဆိပ်နှံ့သင်း
သော ရေမွှေးရနံ့ကို ရ၏။ ကျွန်တော် မှင်သက်သလိုဖြစ်သွားစဉ်
ကိုဖိုင်းက ထိန်ထိန်သာကို ပုံမှန်လေသံဖြင့် ပြောလိုက်သောစကား
ထိုစကားကို ကျွန်တော် နားပါးသူမို့ ကြားသိလိုက်ရသဖြင့် ထခု
မိမတတ် လန့်ဖျပ်သွားမိ၏။

ကိုဖိုင်းက ထိန်ထိန်သာကို ပြောလိုက်သောစကားမှာ. . .

"ကိုယ်တို့ မနက်ဖြန် လက်ထပ်ကြရအောင်"



## အခန်း ( ၁၂ )

"ခင်ဗျားဟာ. . . ဆုံးမလေ မိုက်လုံးကြီးလေပဲ။ အခု ဘယ်
လို လုပ်မလဲ။ ခင်ဗျားအမေ ကျွန်တော့်အပေါ် ကို မသနားဘူးလား။
ခင်ဗျား ကိုယ့်ဘို့တစ်ဘို့ထဲ ကြည့်တဲ့နွားပဲဗျ။ စိတ်ဆိုးချင်လည်း
သေအောင်ဆိုးဗျာ။ ခင်ဗျားလုပ်ပုံတွေ. . . အသုံးမကျတာကို
တော့ ဒီတစ်ခါ စိတ်ကုန်ဖွင့်ပြောရမှာပဲ"

ကျွန်တော် ဒေါင်းတင်မောင်းတင် ပြောနေသလောက် ကို
ဖိုင်းက မထုံတက်တေး။ ကျွန်တော် ရင့်သီးစွာ သုံးနှုန်းပြောဆိုလည်း
တုပ်တုတ်မလှုပ်။

"ခင်ဗျား ရူးလို့သာ. . . အဲဒီမိန်းမကို လက်ထပ်မှာ။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား သွားပြီ. . .။ ဘဝဆုံးပြီ"

"မင်း ကြိုက်သလို ပြောပါ ထွန်းထွန်း။ အခြေအနေအရ ငါ ထိန်ထိန်သာ့ကို မယူလို့ မရတော့ဘူး"

"ဘာဗျ"

"ဟုတ်တယ်. . .။ ထိန်ထိန်သာမှာ ငါနဲ့ရတဲ့. . ."

"ခင်ဗျား. . . အဲဒီအခြေအနေထိ ရောက်ခဲ့ပြီးပြီပေါ့"

"အေး"

"သွားရော. . . လမ်းဆုံးနေပြီ"

"ငါ့တာဝန်ကို ငါယူမှ ဖြစ်လိမ့်မယ်"

ဆုပ်လည်းစူး၊ စားလည်းရူး အခြေအနေမို့ ကျွန်တော် ဆ ပြောရမည့်စကားတွေ ဆွံ့အကုန်၏။ ကိုဖိုင်းက. . .

"အဲဒါကြောင့် ထိန်ထိန်သာ ငါ့ကို လက်မလွှတ်နိုင်တာပေ

"ခင်ဗျားနဲ့ရော ဟုတ်ရဲ့လားဗျာ"

"ဟုတ်တယ်. . .။ ငါ့ကြောင့်ဆိုတာ ငါယုံတယ်"

"ဟိုကောင်တွေနဲ့လည်း တွဲနေတာပဲ"

"ဒီကောင်တွေကို ထိန်ထိန်သာ အရေးမပေးခဲ့ပါဘူး. . . ငါနဲ့ တစ်လျှောက်လုံး တွဲတယ်. . .။ ငါနဲ့ စိတ်ကတောက်ကဆဖြ တုန်းခဏသာ ငါ့ကိုပြန်ဆွယ်ဖို့ ဒီကောင်တွေကို အသုံးချလိုက်တာ





ပါ. . .။ ငါနဲ့ ဖြစ်တယ်မဖြစ်ဘူးဆိုတာ ငါအမျှားကြီး တွက်ချက်ခဲ့ခြားတတ်ပါတယ်"

"ဒီလိုဆိုရင် မနက်ဖြန်မှာ ထိန်ထိန်သာနဲ့ခင်ဗျား တကယ်လက်ထပ်တော့မှာပေါ့"

"ဒီနည်းက အကောင်းဆုံး မဟုတ်လား"

"တစ်ဖက်က နစ်နာစရာရှိရင် နစ်နာရမယ့် မိန်းကလေး၊ တစ်ဖက်ကလည်း ရင်နာနေရရှာမယ့် ကျွန်တော့်အဒေါ်၊ ခင်ဗျား မှန်တယ်ထင်သလိုသာ. . . ဆက်ရှင်းတော့ဗျာ"

"ထိန်ထိန်သာနဲ့ တရားရုံးမှာ လက်မှတ်ထိုးပြီး လက်ထပ်မှာပါ။ အိမ်က မသိစေရဘူး။ တတ်နိုင်သမျှ လျှို့ဝှက်ထားကြမှာပေါ့"

"ရမလားဗျ. . .။ မိန်းကလေးရှင်ဘက်က ကြေငြာမှာပဲ။ မွေးလာတဲ့ ကလေးအဖေအတွက် သူတို့ ဘယ်လိုလုပ်ပြီး လျှို့ဝှက်နေလို့ရမတဲ့လဲ"

"အဆင်ပြေသလို ဆက်လုပ်ရမှာပဲ. . .။ ငါတို့ လက်ထပ်ပြီးရင် အိမ်မှာ နဂိုအတိုင်း မသိမသာပြန်မယ်. . .။ ကျန်တဲ့အချိန် မှန်သမျှ ထိန်ထိန့်သာ့အနားမှာ လာနေမယ်လို့ ငါတို့အချင်းချင်း သဘောတူထားကြပြီးပြီ. . ."

"ဘယ်လိုပဲဖြစ်ဖြစ် ပေါက်ကြားမှာပဲ. . .။ သိကြတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့ အိမ်ပြင် ထွက်နိုင်းတော့မှာ မဟုတ်ဘူး. . .။ အဲ့ဒါမှ မိန်းကလေးဘက်က ပြဿနာ ရှာကုန်ကြမှာ. . .”

“ငါ့ခေါင်းတွေ တွေးပြီးတွက်ရလွန်းလို့ ပူနေပြီ။ လုပ်စမ်းပါ ကွာ တွေးကြည့်စမ်းပါ။ ငါ ဘယ်လိုဆက်လုပ်ရင် ကောင်းမလဲလို့”

“ကျွန်တော်လည်း မလျှောက်လဲတတ်တော့ဘူး”

ကျွန်တော့်စကားကြောင့် ကိုဖိုင်း ငိုင်တွေ စဉ်းစားသွား၏။ ပြီးမှ. . .

“နောက်ဆုံး မဖြစ်သာရင်တော့ ငါ အိမ်ပေါ်က ဆင်းချ ဆင်းရလိမ့်မယ်”

“သိပ်ကြိမ်းသေတာပေါ့။ ခင်ဗျား လက်လွှတ် ခွက်ကျ ဖြစ်လာရင်ကော ထိန်ထိန်သာတို့က လက်ခံ ကြည်ဖြူမတဲ့လား”

“လက်တွေ့ကြုံမှ ယုံရမယ့်အရေးတွေ. . . မင်းနဲ့ ငါထပ်ပြီး မဆွေးနွေးပါရစေနဲ့”

ကျွန်တော့်ဘက်က နောက်ဆုံးစကားဖြင့် အနားသပ် သိမ်း လိုက်၏။

“အေးပေါ့ဗျာ. . . မဆွေးနွေးတော့တာပဲ ကောင်းပါတယ် လည်လွန်းတဲ့ဘီး ချေးသင့်တာ ဆန်းတာမှ မဟုတ်တာ”

❦ ❦ ❦



## အခန်း ( ၁၃ )

မျှော်လင့်ချက်တွေနဲ့ ရစ်ပတ်တည်ဆောက်ထားတဲ့ ရည်ရွယ် ချက် အိမ်တိုင်လေး ယိမ်းယိုင်သွားခဲ့ရလေပြီ။ ကြမ္မာလေပြင်းက မုန်တိုင်း အယောင်ဆောင် ခင်းတိုက်လိုက်တာ ခံလိုက်ရခြင်းပင်။

ကျွန်တော် အလုပ်ထွက်လုပ်ဖို့ အရေးအတွက်. . . မပျက် ဘမ်း အရစ်ကျ သွင်းနေသော ငွေချေးစနစ်မှာ ကျွန်တော်ဘက်က လိုအပ်မှုတွေ ဆက်တိုက်ပြလာခဲ့၏။

အရောင်းအဝယ် ထိုင်း၍ အိမ်ရဲ့စီးပွားရေးအခြေအနေမှာ ဝင်ငွေ မကောင်းသလို ဖြစ်လာသည်။ အရစ်ကျ သွင်းချေဖို့ အခါခါ တောင်းပန်ချိန်းဆိုမှုတွေ များလာပြီး မျက်နှာဘယ်ထားရမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိအောင် သင်တန်းမှာ အရှက်ရမိ၏။

ကိုယ့်အပူနဲ့ကိုယ် ဖြစ်နေစဉ်မှာပင်. . .

"ထွန်းထွန်းရေ. . .။ နင့်အစ်ကို လုပ်ပုံကောင်းသေးရဲ့လား"

အဒေါ်ဖြစ်သူ၏ ခုနစ်သံချို ငိုချင်းရဲ့နောက်မှာ ပြဿနာတွေ အတွဲလိုက်ရောက်လာ၏။

"မပြောမဆိုနဲ့ လုပ်သွားတယ်. . .။ ယူတဲ့မိန်းမကလည်း အကျင့်စရိုက်မကောင်း. . .။ ငါတော့ ရှက်လို့ သေလိုက်တာပဲ ကောင်းတော့တယ်"

ကိုဗိုင်း လက်ထပ်သွားပြီး ရက်သတ္တ တစ်ပတ်လောက်မှာ ရွှေနားတော်ပေါက်ကြား၍ ရောက်လာသော ပြဿနာ. . .။

"မင်းသိရဲ့နဲ့ မတားဘူးလားဟင်. . .။ မင်း နေနိုင်လိုက်တာကွယ်. . .။ မင်းလည်း အလိုတူအလိုပါပဲ မဟုတ်လား"

"မဟုတ်ဘူး. . .။ ကျွန်တော်တားတယ် မရဘူး"

"မရရင် ငါ့ကို ကြိုအသိပေး ပြောပြထားပါလားဟဲ့။ အခုတော့. . . အမှားကြီး မှားကုန်ရပြီပေါ့"

"ကိုဗိုင်းက မပြောဖို့ တားထားတာ။ ကျွန်တော် ဘယ်လိုပြောလို့ရမှာလဲ"





ကျွန်တော်လည်း သေချင်လောက်အောင် စိတ်ညစ်သွား၏။

အဒေါ်ဖြစ်သူက တစ်နေကုန် အပြစ်ပြော၊ အိမ်ကလူကြီးတွေကလည်း တစ်နေကုန် ဖိအားပေးပြီး မာန်မဲရှုတ်ချ. . .။

ကိုဗိုင်း လုပ်သွားသမျှကို ထင်ထားသည့်အတိုင်း ကျွန်တော်ရင်စည်းခံလိုက်ရ၏။

အခြားအချိန်ဆိုလျှင် ခံနိုင်ရည်ရှိသေး၏။ ကိုယ့်တက်လမ်းပျက်၍ ကြိတ်ပြီး စိတ်ညစ်နေရချိန်မျိုးမှာ အထပ်ထပ် အပြစ်ရှာခံရခြင်းမို့ ခံစားချက်တွေ ပွင့်ပေါက်ကွဲမတတ်။

အိမ်မကပ်ဘဲ လမ်းပေါ်မှာ တစ်ပတ်လောက် လွင့်နေလိုက်မိသည်အထိ။

အိမ်ကို ပြန်လာသည့် တစ်နေ့လယ်ခင်းမှာ ကိုဗိုင်းနှင့်လမ်းမှာ သွားဆုံ၏ နှစ်ယောက်စလုံး (၉၆၉၃) ကိုယ့်ခြေထောက်ကိုယ်သုံး ကားနံပါတ်ကိုယ်စီနှင့်။

"ထွန်းထွန်း. . . ငါ မင်းအိမ်ကို ရောက်ပြီးပြီ"

"ခင်ဗျားမိန်းမက ကျွန်တော့်ကို လောင်တာ၊ ဒီမှာ ပြာဖြစ်နေပြီဗျ"

"ခဏပါကွာ. . . ငါ မအေးလုံးပြန်ရှင်းပေးလိုက်ပြီ"

"မဖြစ်နိုင်တာတွေ လာမပြောစမ်းပါနဲ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်လို့ ပြောနေတာပေါ့ကွာ...။ ဒီမှာ မင်းအလုပ် သွားလုပ်ဖို့ ငွေလိုနေတယ် မဟုတ်လား...။ ငါ့ဆီငွေ ဘဏ်မှာရှိတယ်၊ ငါ စိုက်ပေးလိုက်မယ်...။ ပိုင်ဆိုင်မှု ပြတဲ့အခါမှာလည်း အိမ်က ငါ့အတွက် ရည်ရွယ်ထားတာတွေကို ပြပေးလို့ရတယ်၊ ရှေ့နေရှေ့ရပ် စာချုပ်စာတမ်းနဲ့ အခိုင်အမာပြလို့ ရတယ်ကွာ...။ မင်း သွားလုပ်ချင်တာ လုပ်ကိုလုပ်စေရမယ်...။ မင်း ငါ့ကြောင့် ခေါင်းခံခဲ့ရတာတွေအတွက် ငါ တစ်ပြန်ပြန်ရှင်းပေးတယ်လို့ပဲ မှတ်လိုက်"

"ကိုယ့်ပြဿနာပဲ ကိုယ်နိုင်အောင် ရှင်းစမ်းပါဗျာ"

"ရှင်းပြီပြီ...။ အခု ငါနဲ့ ထိန်ထိန်သာ ကွာရှင်းလိုက်ကြပြီ"

"ဘာ...ခင်ဗျားတို့ဟာ ဘာလဲဗျ။ လက်ထပ်တမ်း ကစားနေကြတာလား"

"လှည့်ကွက်လေကွာ...။ ငါ့အမေ စိတ်ချမ်းသာအောင်လို့ ငါအိမ်မှာ ကောင်းကောင်းပြန်နေပေးတော့မှာ...။ ထိန်ထိန်သာကိုလည်း ငါကြည့်ပြီး နားချထားတယ်။ ငါ ကလေးအဖေတာဝန်ခံပြီးပြီပဲ...အဝေးက ထောက်ပံ့မယ်။ အခြေအနေပြောင်းတာနဲ့ တို့ပြန်ပေါင်းကြမယ်ပေါ့"





"မထင်ရေးချမထင်..."

"မထင်ရင်လည်းနေ...။ ငါပေးတဲ့ အကူအညီကို မင်း လက်ခံမှာလား"

"ခင်ဗျား တကယ်...ငွေစိုက်ပေးနိုင်လို့လား"

"တကယ်ပေါ့ကွ...မင်းကို ဒီလိုအလေးအနက်ကြီး ပြောပြီး နောက်ပြောင်ခဲ့ဖူးလို့လား"

"ဒါဆိုရင်...အကူအညီရယူရမှာပေါ့ဗျာ။ အဲဒီအတွက် ကိုဇိုင်းကို ကျေးဇူး..."

"ဟိုး...မင်း ကျေးဇူးတင်စရာမလိုဘူး။ ငါ့ကို ပြန်အကူအညီပေးဖို့ပဲ လိုတယ်"

"ဘာအကူအညီလဲ"

"ထိန်ထိန်သာ...ကိုယ်လေးလက်ဝန် ဖြစ်တဲ့အချိန်မှာ ငါ ကိုယ်စား သူ့အနားမှာ မင်း စောင့်ရှောက်နေပေးဖို့ပေါ့ကွာ။ မင်း အချိန်အားတဲ့အခါကျမှ ကူညီပေးရမှာပါ...အချိန်တိုင်း မဟုတ်ပါဘူး"

"ရှုပ်လာပြန်ပြီ...ဘယ်ဖြစ်မလဲဗျ၊ ကျွန်တော့်ကို သူတို့ ပတ်ဝန်းကျင်က တစ်မျိုးထင်ကုန်ကြမှာပေါ့"

"အတွေးက ခေါင်လာပြန်ပြီ။ မင်း ငါ့ညီဆိုတာ သူတို့လည်း



www.burmeseclassic.com

www.burmeseclassic.com



ကြေငြာပေးမှာပဲ။ ကလေးအဖေ ငါက သင်္ဘောတက်သွားသလိုလို သူတို့ ပြောထားကြပြီးပြီ။ ငါမရှိလို့. . . ငါ့ညီက သူ့မရီးကို လာစောင့်ရှောက်တယ်ပေါ့ကွာ"

"ဟာဗျာ. . . ကျွန်တော့်အိမ်က သင်္ဘောတူမှာ မဟုတ်ဘူး"

"အရင်လို မသိအောင် လုပ်လို့ရပါတယ်ကွာ"

"ထိန်ထိန်သာတို့နဲ့ ကျွန်တော် မပတ်သက်ချင်ဘူးဗျာ"

"ငါ အနူးအညွတ်ကို အကူအညီ တောင်းခံနေတာပါ၊ ထိန်ထိန်သာကို အိုဂျိန ့်ဗိုက်အပ်ပြီးပါပြီ၊ အဲ့ဒီလို အိုဂျိပြစရာရှိတဲ့နေ့ကျမှ မင်း လိုက်ပို့ရမှာ။ ဆေးထိုး၊ ဆေးသောက်ကိုလည်း မင်းက ကြပ်မတ်ပေးမှ ထိန်ထိန်သာ လိုက်လုပ်မှာ. . ."

"သူ့စိတ်နဲ့ ကိုယ့်ကိုယ်. . . လုပ်သလိုဖြစ်နေပြီ၊ မဖြစ်နိုင်ပါဘူးဗျာ"

"ထိန်ထိန်သာက အပျော်မက်တယ်. . .၊ ဆေးသောက် ပျင်းတယ်၊ ဆေးထိုးကြောက်တယ်။ မင်းလို အနီးကပ် ကြပ်မတ်ပေးမယ့်လူ မရှိရင် သူနေချင်သလို နေသွားလိမ့်မယ်"

"သူ့အမေနဲ့ မောင်တွေ ရှိနေတာပဲ"

"သူက သူ့အိမ်မှာဗိုလ်ကွ. . .။ ဘယ်သူမှ သူ့ကို မပြောရဲဘူး။ ငါ့ညီဖြစ်တဲ့ မင်းက ဝေါက်တန်ဝေါက်. . .၊ ချော့တန်ချော့





ပြောမှရမှာ. . .။ အမှန်ဆို ငါ အနီးကပ် ရှိနေရင် ငါ လုပ်ရမှာတွေပါ. . .။ ငါက ဒီဘက်မှာ မိဘနဲ့အိမ်သားတွေ စိတ်ချမ်းသာအောင် ရယ်၊ တည်ငြိမ်နေပေးရတော့ မလုပ်ပေးနိုင်လို့ မင်းလိုလူယုံကို လွှဲရတာပါ ထွန်းထွန်းရာ။ ဘယ်လောက်မှ အပန်းမကြီးပါဘူး။ ကူညီပေးစမ်းပါ. . . မင်းကိုလည်း ငါမဖြစ်ဖြစ်အောင် ကူညီမှာပါ ညီလေးရာ"

ကျွန်တော် စဉ်းစားရလေပြီ။ ကူညီလိုက်လျှင် ကောင်းမည်။ ကျွန်တော့်ရည်ရွယ်ချက်တွေ ပြန်တည့်မတ်လာမည်။

"ထိန်ထိန်သာကို ဘယ်လောက် အတိုင်းအတာထိ ဂရုစိုက်ပေးရမှာလဲ. . .။ ပွင့်ပွင့်လင်းလင်း ကြိုမေးထားတာပါ"

"ငါ ပြောသလောက်ပေါ့ကွာ. . .။ တခြား ထိန်ထိန်သာ လိုအပ်တာ၊ ဖြစ်ချင်တာလေးတွေ ဘယ်လောက်မှ အပန်းမကြီးဘူး၊ အန္တရာယ် မရှိဘူးဆိုရင်လည်း လိုက်လုပ်ပေးလိုက်ရုံလေးပါ"

"ဒီလိုဆို ဖြစ်နိုင်ပါတယ်"

"ဒါဆို ငါ့ဘက်ကလည်း. . . အဆင်သင့်ဖြစ်နေစေရမယ်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

"မင်း ရောက်လာပြီလား"

မြင်မြင်ချင်း စတင်တွင်းလိုက်သည့် လေသံကပင် မဟာန်၊ ထိန်ထိန်သာက အပေါ်စီးက နေရာယူ ဆက်ဆံလိုပုံရှိ၏။

"ဒီနေ့ ဘုံဂျီပြရမယ့်နေ့လေ။ ကျွန်တော်တို့ သွားကြရအောင်"

"ဒီမှာ အဝတ်အစားမှ မလဲရသေးတာ"

ထိန်ထိန်သာ အဝတ်အစားလဲပြီးချိန်အထိ ကျွန်တော် ထိုင်စောင့်နေလိုက်၏။ ထိန်ထိန်သာရဲ့မိခင်ဖြစ်သူမှာ ဘာရယ်ကြောင့်လည်းမသိ။ မီးဖိုခန်းထဲက မထွက်။ လုပ်နေကိုင်နေသံကြားရ၏။ ကျွန်တော်နှင့် အပေါက်အလန်းမတည့်သော ထိန်ထိန်သာရဲ့မောင်



www.burmeseclassic.com

www.burmeseclassic.com



က အခန်းထဲက ထွက်လာ၏။ ကျွန်တော့်ကို မှတ်မိပုံမရ။ လေ့လာ စူးစမ်းဟန်ဖြင့် အသာလှမ်းကြည့်ပြီး မီးဖိုခန်းထဲ ဝင်သွား၏ မတည်မတင်း၊ မမာမပျော့သော မျက်နှာတွေနှင့်။

အိမ်ကလေးထဲမှာ ထပ်ဖြည့်ထားသော ဇိမ်ခံပစ္စည်းတွေ တွေ့ရ၏။ ကိုဇိုင်း ဝယ်ပေးတာတွေ ဖြစ်လိမ့်မည်။ ထိန်ထိန်သာ အဝတ်အစား လဲလှယ်ပြီးသောအခါ မင်းသမီးလေးတစ်ပါး ကြွကြွရွရွလေး လှမ်းလျှောက်လာ၏။

နှစ်ယောက်အတူ ကားအနားရောက်သောအခါ ကားသေ မှာ ကျွန်တော် တံခါးဖွင့်မပေးမချင်း ရပ်မြဲတိုင်းရပ်နေသော ထိ ထိန်သာ။ ကျွန်တော် ဒေါသထွက်ချင်လာ၏။ သို့ငြား ကိုဇိုင်း မှာကြား ထားသောစကားများကြောင့် အသာပြန်မျိုသိပ်လိုက်ရသည်။

ကားမောင်းနေစဉ်မှာ...

"မင်းအစ်ကိုကို မင်း... ဘယ်လိုနားလည်သလဲဟင်"

ထိန်ထိန်သာ စိတ်လိုလက်ရ ရှိပုံမျိုးနှင့် မေးလာ၏။

"ဘာဖြစ်လို့များလဲ...။ ကိုဇိုင်း စီစဉ်ပေးထားတာတွေ ဘဝင်မကျလို့လား မထိန်ထိန်သာ"

"သူ့ အချိန်အားရင်... ဘယ်သူမှ မတွေ့အောင် ခဏလာ တွေ့လို့ ရရဲ့သားနဲ့"





"အပြင်ဖုန်းနဲ့ ဆက်သွယ်နေသေးတယ် မဟုတ်လား"

"လူကိုယ်တိုင် ရောက်လာတာနဲ့ မတူဘူးလေ"

"ဒါက ဒီလိုရှိပါတယ်၊ သူ့အိမ်က သူ့အပေါ် လုံးလုံးယုံကြည်စိတ်ချမှု မရှိသေးဘူးလေ...။ ဒါကြောင့် ယုံကြည်နိုင်လောက်အောင် ကင်းကင်းရှင်းရှင်း တမင်နေပြနေရတာပါ...။ ပြီးတော့ သူ့အမေ နေမကောင်းဖြစ်နေတယ်လို့ သတင်းကြားတယ်။ အဲဒါ အနီးကပ် ပြုစုစောင့်ရှောက်ရင်းနဲ့... မင်းကို သူတို့မိသားစုထဲမှာ လက်ခံလာအောင်... တရားစကားလုံးလေးတွေနဲ့ ဆွဲဆောင်သိမ်းသွင်းနေရဆဲမို့ပါ"

"ကျွန်မ ဆင်းရဲတာကို ရှင်တို့အမျိုးအဆွေတွေက မကြည်ဖြူနိုင်ကြဘူးပေါ့လေ"

"မဟုတ်ဘူး... မိန်းမပီသတာ၊ မိန်းမအိန္ဒြေနဲ့ ဂုဏ်သိက္ခာကို စောင့်ထိန်းနိုင်တာ... ဆင်းရဲချင် ဆင်းရဲပါစေ၊ ကိုယ်ကျင့်တရား မြင့်မားတဲ့မိန်းမမျိုးကိုပဲ ကိုဇိုင်းတို့မိသားစုက အလိုရှိနေတာပါ"

"အခုရော ကျွန်မက မိန်းမပျက် ဖြစ်နေလို့လား"

"ဒါဆို ယောကျ်ားတွေနဲ့ တွဲခဲ့တဲ့အချက်ကို ငြင်းပယ်ချင်သေးလား"



www.burmeseclassic.com

www.burmeseclassic.com



"တွဲတာနဲ့ မိန်းမပျက်လို့ ဆိုလိုက်တာပေါ့"

"လူတစ်ရာမှာ. . . ကိုးဆယ့်ကိုးယောက်က အဲ့ဒီလို ထင်[...]

[...]ဟာပဲ မဟုတ်ဘူးလား"

"အဲ့ဒီလို လူမျိုးတွေကို ကျွန်မ ဂရုမစိုက်ဘူး"

"ဂရုမစိုက်လို့. . . အခုလို အခြေအနေ ဖြစ်ပေါ်နေရတာ[...]

ကိုယ့်ဘာသာကိုယ် နားလည်ပါ ထိန်ထိန်သာ"

ထိန်ထိန်သာ ငြိမ်သွား၏။ ပြန်လှန် ပြောဆိုဖို့ ကိုးကာ[...]

စကားလုံးတွေ စီရီနေသလားမသိ။ ရှေ့တူရူကို ကြည့်ပြီး နှုတ်[...]

ကိုက်ထား၏။

ပုဂ္ဂလိကဆေးခန်းရှေ့ ရောက်လာ၍ စကားရပ်သွား[...]

ကားပေါ်မှ ဆင်းဖို့ တံခါးဖွင့်ပေးရပြန်၏။ ဆေးခန်းထဲ တွဲဝင်[...]

သောအခါ မျက်လုံးပေါင်းများစွာက ဘာရယ်မဟုတ်ဘဲ လှမ်း[...]

လာကြပြန်သည်။

အသိအကျွမ်းတစ်ယောက်နှင့် တိုးမှာစိုးရသည်။

အထူးသဖြင့် မေဒီနီကို ပြန်ပြောပြနိုင်သော အသိအ[...]

မျိုး။

အိုကျီ ပြသပြီးသောအခါ ပြန်ထွက်လာကြရင်း. . .

"လူနာနာမည်ခေါ်တဲ့ ကောင်မလေးကအစ ခင်[...]





ကျွန်တော့်ကို လင်မယားထင်နေတယ်. . .။ အိုကျီ ထင်တာလည်း မပြောနဲ့လေ"

"ရှင့်အတွက် သိက္ခာကျစရာ ဖြစ်နေလို့လား"

"ကျွန်တော့်ကောင်မလေး သိသွားရင် သေပြီ"

"ရှင်းပြလို့ရပါတယ်"

"မလွယ်ဘူး. . .။ သူက စိတ်ကြီးတယ်"

"ဒါဆိုလည်း ရှင့်အစ်ကိုကိုပဲ လိုက်ပို့ခိုင်းပေါ့"

"မဖြစ်သာလို့ ကျွန်တော် လိုက်ပို့နေရတာပါ"

"ဒါဆို. . . ဘာမှပြောမနေနဲ့တော့"

မျက်နှာမာသလို လေသံလည်း မာထန်နေသော ထိန်ထိန်သာ။ ကားပေါ်ရောက်သည်အထိ ရေခဲတုံးကြီးပမာ လိုက်ပါလာ၏။

"ဒီကနေ. . . ဘယ်ကို သွားစရာရှိသေးလဲ"

ထိန်ထိန်သာ ခပ်တွေတွေပြုနေရင်းမှ. . .

"မင်္ဂလာဈေးဘက်ကို သွားချင်တယ်"

"အဲ့ဒီတစ်နေရာကလွဲရင်. . . ကြိုက်တဲ့နေရာပြော. . .။ ကျွန်တော် လိုက်ပို့ပေးမယ်"

"အဲ့ဒီမှာက ဘာဖြစ်လို့လဲ"

"ကျွန်တော့်ကောင်မလေး ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား။ ဒါဆို ပိုလို့တောင် သွားလိုက်ချင်သေးတယ်"

"မလုပ်ပါနဲ့ဗျာ... တခြားဈေးတွေ လိုက်ပို့ပေးမယ်"

"ဟင့်အင်း... အဲ့ဒီဈေးမှာပဲ ဝယ်ချင်သေးတယ်"

"ဒါ သက်သက်မဲ့ ခင်ဗျား ကျွန်တော့်ကို ဂျိပူတိုက်တာပဲ... ကျွန်တော် ဒုက္ခရောက်တာကို တမင်ကြည့်မြင်ချင်လို့ပေါ့လေ"

ထိန်ထိန်သာ လန်းပွင့်လာသော မျက်နှာလေးဖြင့် ပြုံး လက်လာ၏။ ကျွန်တော့်ကို အသာစီး ရယူလိုဟန်တွေ မျက်နှာပေါ် မှာ ပြန်ပေါ်လာပြန်သည်။ ခံစားချက်ကို လျှပ်တစ်ပြက် ပြောင်းလဲ နိုင်စွမ်းရှိသောမိန်းမအဖြစ် သတိပြုလိုက်မိ၏။

"ဘာလဲ... မင်းက မင်းရည်းစားမဟုတ်လို့ ဂျိပူတိုက် တာကို လက်မခံနိုင်ဘူး မဟုတ်လား"

"ကျွန်တော့်ကောင်မလေးက ခင်ဗျားနဲ့ မတူဘူး"

"မိန်းမအချင်းချင်းပဲ ဘာမတူစရာရှိလို့လဲ... ထွန်းထွန်း"

"ရှိတယ်... သူက တစ်ယောက်ဆိုတစ်ယောက်ပဲ။ ရိုးသား မှုရှိတယ်...၊ သစ္စာရှိတယ်"

"ဒီခေတ်ကြီးမှာ အဲ့ဒီလို စံပြနေနိုင်သူ တစ်ထစ်ချဖြစ် တယ်လို့ မင်းယုံကြည်သလား။ ကဲ... မင်းရဲ့ မမြင်ကွယ်ရာ ဆိုရင်ကော"





"ခင်ဗျားလို လုံးဝမဟုတ်ဘူး ထိန်ထိန်သာ"

ကျွန်တော် ပိတ်ပြောချလိုက်၏။ ထိန်ထိန်သာ လွတ်လပ်စွာ ရယ်မော ဟားတိုက်၏။ ပြီးမှ အင်းခနဲ သံရှည်ဆွဲပြီး....

"အေးလေ... မင်းက ငယ်သေးတာကိုး"

ဖွဖွလေး နှိပ်ကွပ်တတ်၏။ ထိန်ထိန်သာတို့ ရပ်ကွက်ဘက် သွား ရာလမ်းကို ခပ်ကြမ်းကြမ်း ကွေ့ချပစ်လိုက်၏။ ထိန်ထိန်သာ ဘာမျှ မပြော။ ဈေးကိုသွားဖို့ မတောင်းဆိုလာတော့။

"မင်းအစ်ကိုက တို့ကို ဂရုမစိုက်နိုင်လည်း ရပါတယ်လေ"

ထိန်ထိန်သာက ရှေ့တည့်တည့်ကြည့်ရင်း ပြောလာခြင်း ဝင်။

"တို့အနားမှာ ဆွဲဆောင်မှုရှိတဲ့ ချာတိတ်ကလေးကို ပို့ပေး ထားတာ ပိုကောင်းပါတယ်...။ ဟုတ်တယ်နော် ထွန်းထွန်း"

"ခင်ဗျား ကျွန်တော့်ကို မမြှူဆွယ်နဲ့ ထိန်ထိန်သာ။ ဒီ့ပြင် ကောင်တွေလို... မရဘူး"

ထိသွားလောက်သော စကား။ ထိန်ထိန်သာက အောင်ပွဲ ရဘုရင်မတစ်ပါးလို ဟား၏။

ကျွန်တော် မှားနေပြီလား ?????



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

ကိုဇိုင်းခေါ်သလိုပင် ထိန်ထိန်သာကို 'အရိုင်းလေး' ဟု ခေါ်ချင်လာသည်။ တကယ့်ကို အရိုင်းမလေးပါပဲ။ မာယာဝက်ပါ ာနက်ထဲမှာ ကျင်လည်ကျက်စားနေရာမှ ကိုယ်သွားလိုရာအရပ် ို ခန္ဓာဗေဒစွမ်းအားဖြင့် ချွန်းကုန်ဖွင့်ခံရသလို ဖောက်ထွက်လာ နိုင်စွမ်းရှိသူ။

လူမှုပတ်ဝန်းကျင်နှင့် ရှင်သန်နေရသောဘဝကို အရိုင်းဆန် ခြင်းဖြင့် အနိုင်ယူခွင့်ရချင်သူ။

အရိုင်းလေး (ဒီကမ္ဘာမှာ. . . မင်းဟာ)

မုန်တိုင်းရဲ့တေးလာ: . . . . . ။



www.burmeseclassic.com

www.burmeseclassic.com



အရိုင်းလေး

မင်း....

ငါ့ဘဝကို မှန်တိုင်းပေးရင်...

မှားမယ်။

အရိုင်းလေး...

အိပ်မက်မြစ်ကြီး ပေးပါ

မင်းနဲ့ ဝေးရာကို

လက်ပစ်ကူးပြီး ပြန်ပြေးလာချင်တယ်။



## အခန်း ( ၁၆ )

လေနဲ့မိုးနဲ့ စီးချင်းထိုးတဲ့ပွဲ မဟုတ်ပါ။

ကျွန်တော့်ရင်ကို ခွဲထုတ်ပေးစရာ မလို။ ဘယ်လိုမြူဆွယ်မှုအပေါ်မှာလည်း တစ်ရွေးသာမျှ မသာယာခဲ့။

ကျွန်တော်ဟာ အလင်းရောင်ကို ယောင်လို့ သတိမေ့နေခဲ့ပြီး အမှောင်ကို အဖြူရောင် ဆိုးချင်ခဲ့မိသည့်ကောင်လို ဖြစ်နေပြီလားမသိ။

ထိန်ထိန်သာက ကျွန်ုပ်တော်မာနကြီးတန်းကို နင်းပြီး စိတ်လွတ်ကိုယ်လွတ် လမ်းလျှောက်ပြခြင်းအမှုကို ပြုချင်လိုသူမှန်း ရိပ်စား ခန့်မှန်းမိလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ငါးရက် တစ်ခါ၊ ချိန်းသောအိုဂျီထံ ဗိုက်ပြရခြင်းအမှုကို လေးကြိမ်ခန့် ပြုပြီးသောအခါ တစ်ယောက်သဘောကို တစ်ယောက် တီးခေါက်မိလာခဲ့ကြသည်။

စူပုံပွဖြစ်လာသော ဗိုက်ကလေးကိုမှ အားမနာ။ အပျိုဖြူးအောင်လည်း အလှပြင်တတ်တာကို ကျွန်တော်ကြည့်မရ။ ထိန်ထိန်သာဟာ ကြောက်စရာကောင်းသောအလှကို မာနနှင့် တံခွန်ထူပြထားနိုင်သူပါပဲ။

ဗိုက်ထဲမှာ ကလေးရှိတယ်ဆိုတာကို အမြဲသတိရပါ။ အစားအသောက်ရှောင်ပါ၊ အနေအထိုင် ဂရုစိုက်ပါ၊ အသွားအလာဆင်ခြင်ပါ၊ စိတ်လက်ကြည်သာအောင်နေပါ၊ ဘုရားမှန်မှန် ဝတ်ပြုဆုတောင်းပါ. . . စသည့်အမှာစကားမျိုးစုံဖြင့် ထိန်ထိန်သာ နားဝင်အောင် ပြောပြရခြင်းမှာလည်း တစ်လမ်းသွားလူမိုက်ကို တရားဟောပြနေရသကဲ့သို့ပင်။ ဟောရင်းသာ ပျံလွန်တော်မူသွားမည်။ မိုက်ခဲ့ကတော့ မိုက်ဆဲပင်။

ထိန်ထိန်သာက စားချင်ရာ စားသည်။ ကျွန်တော့်အပြောမှန်သမျှနှင့် ဆန့်ကျင်ရာကို တမင်အရွဲ့တိုက်လုပ်၏။ ထိန်ထိန်သာဆိုးနွဲ့သမျှကို ကိုဖိုင်းထံ ပြောပြရ၏။

အိမ်သားတွေ မသိအောင် ကိုဖိုင်းနှင့် ပြောဆိုရသဖြင့်





စကားကောင်းကောင်း ပြောခွင့်မသာ။

"ငါ. . . ပြင်ပဖုန်းနှင့် လှမ်းတားပေးနေတာပဲ။ ထိန်ထိန်သာ ပြောလို့မရဘူး ဖြစ်နေတယ်. . .။ ငါ့အပေါ် သူစိတ်နာချင်နေတယ်၊ ကန့်လန့်တိုက်တာကို မင်း သည်းခံပြီး ဖြည့်ဆည်းပေးလိုက်ပါ ထွန်းထွန်းရာ"

"ဖြည့်ပေးတာက ရတယ်၊ ဗိုက်ထဲက ကလေးအတွက် သူမဆင်မခြင် နေထိုင်စားသောက်နေတာ ခက်တယ်. . .။ သူ့ကိုယ်သူ ဝေဒနာခံစားပြီး အထဲက အပြစ်မဲ့ကလေးကိုပါ ကူးစက်ခံစားခိုင်းနေသလို ဖြစ်နေတယ်"

"သူ့ရင်သွေးပါ. . .။ သူ နားလည်ပါလိမ့်မယ်"

"တခြားမိခင်တွေဆိုရင်. . . အဲ့ဒီလိုပြောတာ ကျွန်တော်ငြင်းချက်မရှိ လက်ခံတယ်. . .။ ဒီမိန်းမဆိုရင်တော့"

"သူ့အပြစ် သူခံလိမ့်မယ်"

"နောက်ဆုံးကျရင် ခင်ဗျား ဒီလိုပဲပြောတာပဲ. . .။ ဒီမှာကိုဖိုင်း. . . ခင်ဗျားအိမ်သားတွေကို စည်းရုံးဆွဲဆောင်လို့ မရသေးဘူးလား။ ဖြစ်ပြီးသွားတဲ့ အခြေအနေကို သူတို့နားလည်သဘောပေါက်သင့်နေရဲ့သားနဲ့ ငြင်းပယ်နေကြတာ. . . ကောင်းသလားကျွန်တော် ပြောခဲ့သားပဲ။ မာနကို ရွှေချထားတဲ့လူတွေကိုမှ သွား



www.burmeseclassic.com

www.burmeseclassic.com



ချော့မိနေတာ အလကားပဲ။ သူတို့ ထိန်ထိန်သာကို ဘယ်တော့မှ လက်ခံလာမှာ မဟုတ်ဘူး၊ ခင်ဗျားအနေနဲ့ ပြတ်ပြတ်သားသား ဆုံးဖြတ်သင့်ပြီ. . .။ ခင်ဗျားရင်သွေးရဲ့ ရှေ့ရေးကို ရွေးမလား ခင်ဗျားမိသားစုရဲ့ နောင်ရေးကို ရွေးမလား"

"ငါ့ခေါင်းတွေ ပူနေပြီ. . . ထွန်းထွန်းရာ"

"အစကတည်းက ဒီမီးကို မမွေးမိဖို့ တားခဲ့သားပဲ၊ လက်မ တစ်ထောင်ထောင်နဲ့ ခင်ဗျား စွတ်လုပ်ခဲ့တာ. . .။ အခုတော့ ခံ ပေါ့။ ပူရုံ မဟုတ်ဘူး၊ ကျွမ်းပြီး ပြာကျသွားဖို့ကောင်းတယ်"

"မင်းကလည်း တစ်ချိန်လုံး အပြစ်တင်နေတာပဲ. . .။ ငါ့ကို ထွက်ပေါက်လေး ဘာလေး ကူရှာမပေးပေးဘူး"

"ဆုံးဖြတ်ချက်တစ်ခုနဲ့ ထွက်ပေါက်ကို ကန်ဖွင့်လို့ ရတယ်။ ခင်ဗျား အဓိကဖြစ်နေတယ်"

"အချိန်နည်းနည်း ထပ်ဆွဲကြည့်ပါဦးကွာ။ မင်းအတွက် နောက်တစ်ရစ် ငွေဖြည့်ထည့်ထားနိုင်ဖို့. . . ငါလည်း အလုပ်ကြိုး စား လုပ်ရဦးမယ်. . ."

"ထိန်ထိန်သာ မမွေးခင် ကျွန်တော် ပြည်ပအလုပ်ထွက်ခွင့် ရရင် သိပ်ကောင်းမှာပဲ. . .။ အခုတော့ အခြေအနေအရ ထိန်ထိန် သာ မွေးပြီးချိန်လောက်မှ ထွက်ရဖို့ အကြောင်းဖန်နေတယ်"





"ဒီအတိုင်းပဲ ခဏဆက်သွားနေတာ ကောင်းပါတယ်"

အဖက်ဖက်ကို ထည့်တွက်ပြီး ကျွန်တော်တွေးကြည့်လိုက် ၏။ အမှန်ဆိုလျှင် ယိန်ထိန်သာ့အနေနှင့် စိစဉ်ပေးသမျှ လိုက်နာ နေနိုင်ပါက အကြောင်းမဟုတ်။

ထိန်ထိန်သာက အကြောင်းမျိုးစုံပြပြီး ကကြိုးရှုပ်ချင်သေး သည်။ ပြောမရဆိုမရ၊ အကြောကို ဖဲ့မရ၊ ချိုးမရ ဖြစ်နေရသည်။

ရုပ်ရှင် ငင်ကြည့်ချင်သည်။

ငရုတ်သီးစပ်စပ်နှင့် အသုပ်မျိုးစုံ စားချင်သည်။

အပန်းဖြေကစားကွင်း သွားပြီး ရှိလာကိုစတာနှင့် လွှန်းပြန် နဂါးလှေ စီးချင်သည်။ (ရေလွှာလျှောစီးဖို့ တစ်ခါပူဆာဖူးသေး ၏။) စသည့်အကြောင်းအရာလေးပေါင်းများစွာကို ပေးမလုပ်ရမှန်း သိလျက်နှင့် အချိန်ရှိသရွေ့ နားပူနားဆာတိုက်၏။ စိတ်ကောက်၏။ ဒေါ်ဖောင်း၏။

ပြန်ချော့ရလည်း အခက်။ ချော့၍လည်း မဖြစ်သာ။ မချော့ လျှင်လည်း မဖြစ်။ ဘေးကျပ်နံကျပ် နှစ်ဖက်ညှပ် အင်ရေးကိစ္စလေး များစွာဖြင့် ကျွန်တော် စိတ်ညစ်ဆင်းရဲလာအောင် နှိပ်စက်တတ် ၏။

တစ်ခါတစ်ရံမှာလည်း ဘဝဒဿန အမြင်ဆန်းလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပြီး ခေါင်းရှုပ်အောင် အလုပ်ပေးတတ်ပြန်၏။

“ဆင်းရဲတဲ့ မိန်းကလေးတွေ ချမ်းသာချင်ကြတာ အဆန်းလား ထွန်းထွန်းရယ်. . .။ ဟိုမှာကြည့်စမ်း. . . ကျပ်ညှပ်သပ်နေတဲ့ကားပေါ်မှာ. . . ချွေးတလုံးလုံးနဲ့ ဒုက္ခခံစီးပြီး ထမင်းနပ်မှန်အောင်သာ စားရတဲ့ အလုပ်ခွင်ရှိရာကို သွားနေကြရတာ ဘယ်လောက်စာနာဖို့ ကောင်းသလဲ. . .။ လူ့စည်းစိမ်ဆိုတာ သူတို့ မခံစားရဘူး။ လူဖြစ်လာပါရဲ့နဲ့ လူချင်းအတူတူမှာတောင် သူတို့ရဲ့ဘဝဟာ အမြဲလိုလို မွတ်သိပ် ညှပ်လျှောင်ခံနေရကြရှာတယ်. . .။ ထိန်ထိန်သာဆိုတဲ့ဘဝလည်း ဘာထူးလဲ. . .။ အဲ့ဒီလို အခြေခံလူတန်းစားဘဝထဲက မိန်းမတစ်ယောက်ပဲ. . .။ ဒီလိုဆင်းရဲတဲ့၊ ကျပ်တည်းတဲ့၊ မွတ်သိပ်ဆာလောင်တဲ့၊ အားငယ်ဝမ်းနည်းရတဲ့ ကြေကွဲ မျှော်လင့်ရတဲ့ဘဝမျိုးတွေထဲမှာ ဘယ်နေချင်ပါ့မလဲ. . .။ မနေချင်လို့ လွတ်လမ်းရှာတယ်. . .။ ရလာတဲ့အခွင့်အရေးတွေကို အလွတ်မပေးဘဲ လှေကားလိုနင်းတက်ခဲ့တယ်။ ထိုက်သင့်တဲ့ အမြင့်ပေါ်အရောက်မှာ တည်ငြိမ်တဲ့ဘဝတစ်ခုကို တည်ဆောက်တော့မယ်ဆိုကာမှ အဲ့ဒီဘဝဟာ အတုအယောင် ဖြစ်နေတယ်။ မျှော်လင့်ခဲ့သမျှ အရာရာဟာ သဲထဲရေသွန်ဖြစ်သွားရတာ၊ ရင်နာစရာမကောင်းဘူးလား။ စဉ်းစားကြည့်ပေါ့၊ ဆင်းရဲတဲ့မိန်း





ကလေးတွေ ကိုယ်စွမ်းရှိသလောက် ချမ်းသာဖို့ကြိုးစားတဲ့ အပေါ်မှာ အရောင်အမျိုးမျိုး. . . စွပ်စွဲချက်အမျိုးမျိုး တင်၊ ကိုယ့်ထက်သာရင် မနာလိုချင်တတ်တဲ့ ပတ်ဝန်းကျင်တွေရဲ့ လုပ်ရပ်ဟာ တရားသလား. . .။ စင်ပေါ် ရောက်ပြီးနေတဲ့လူတွေကကော အခုမှ စင်ပေါ်ကို အားကုန်အင်ကုန် တွယ်တက်လာရတဲ့ လူတစ်ယောက်ကို လက်ကမ်းမကြိုဘဲ၊ တံတွေးနဲ့ထွေးပြီး စုပေါင်းဝိုင်းကန်ချနေကြတာ. . . တရားတယ်လို့ မင်းထင်နေသလား ထွန်းထွန်း”

“နည်းမှန်လမ်းမှန်ဆိုရင် ကောင်းတာပေါ့. . .။ နည်းလွဲနေရင်တော့ အဲ့ဒီအကျိုးဆက်ကို ခံစားရမှာပဲ”

“မင်းအစ်ကိုက တို့ကိုချစ်တယ်။ တို့က မင်းအစ်ကိုကို ပြန်ချစ်တယ်၊ အဲ့ဒါနည်းမှန်လမ်းမှန်ပဲ မဟုတ်ဘူးလား”

“ထိန်ထိန်သာက စချစ်ခဲ့တာ မဟုတ်ဘူးလား”

“စခဲ့တယ်. . . (ရှက်ရယ် ရယ်လိုက်ပြီး). . . ထားပါ။ ယောကျ်ားတစ်ယောက်ကို မိန်းမတစ်ယောက်က စချစ်မိတာ အပြစ်လို့ မင်း ဆိုလိုချင်တာပေါ့လေ”

“မိန်းမတစ်ယောက်ရဲ့တန်ဖိုးဆိုတာ သူ့ရဲ့ဣန္ဒြေသိက္ခာနဲ့ သူ့ရဲ့ကိုယ်ကျင့်တရားအပေါ်မှာ မူတည်တယ်”

“မိန်းမတစ်ယောက်က ယောကျ်ားတစ်ယောက်ကို စတင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ချစ်ရေးဆိုတာ. . .၊ မိန်းမတစ်ယောက်က ယောကျ်ားလေးတွေ ထည်လဲတွဲပြီး လင်စံရွေးတာ၊ ဒါကို မဟာအမှားလို့ မင်းက ပြောချင်တယ်. . .။ ဒီလိုလား"

"ဟုတ်တယ်ဗျာ"

"ကိုယ့်အပေါ် မသေချာတဲ့ ယောကျ်ားတစ်ယောက်ကို အဲ့ဒီမိန်းမက ဘယ်လောက်ပဲ ရင်ခုန်နေနေ. . . စကားနဲ့ တီးခေါက်ဆွဲဆောင်ကြည့်လို့ အဲ့ဒီယောကျ်ား ပါမလာရင် အဲ့ဒီမိန်းမဟာ. . . သူ့ရဲ့တန်ဖိုးတွေ နှိမ့်ချပြီး. . . ရင်ထဲရှိတာ ဖွင့်ဟလိမ့်မယ်လို့ မင်းထင်မနေနဲ့ ထွန်းထွန်း. . .။ သေချာတဲ့ ယောကျ်ားမို့လို့ မဆွတ်ခင်က ညွှတ်ပေးလိုက်တာဟာ၊ လိုက်လျောညီထွေတဲ့ အလိုက်သင့်မှုပါ. . .။ ဒီလိုနားလည်မှု မရှိခဲ့လို့ မင်းအမှန် မမြင်နိုင်ခဲ့တာပေါ့။ နောက်ပြီး. . . ယောကျ်ားတွေထည်လဲတွဲတယ် ဆိုတာကလည်း ကိုယ့်ကို ရင်ခုန်လို့ ဖွင့်ဟလာသူတွေထဲက ကိုယ့်ဘဝနဲ့ တစ်သက်တာ သင့်တော်မယ့်သူကို ရှာဖွေရွေးချယ်ဖို့သက်သက်ပဲ။ စောစောက ပြောခဲ့သလို ရလာတဲ့ အခွင့်အရေးတွေထဲက လက်မလွှတ်သင့်တဲ့အခွင့်အရေးကို လက်တွေ့ကျကျ ရှာဖွေကြည့်ခဲ့မိတာပါပဲ။ အရေးအတွက် ပေါ်ဟယ်. . . အရည်အချင်း ရှိပြီး ကိုယ့်ကိုလည်း ရင်ခုန်ရတဲ့သူဟာ အင်မတန်ရှားတယ်. . .။ အဲ့ဒီအပေါ်မှာလည်း မင်း





အမှားမြင်တာ နားမလည်နိုင်ခဲ့လို့ပဲ"

ထိန်ထိန်သာ ပြောဆိုပြုမူဆက်ဆံသမျှကို ကျွန်တော် တတ်နိုင်သ၍ ပြီးလွယ်စီးလွယ် တိုတိုတောင်းတောင်းပင် တုံ့ပြန်ခဲ့သည်။

ထိန်ထိန်သာ့ထံမှ တာဝန်ချိန်ပြီးဆုံး၍ ပြန်လာရသည်နှင့် လူတစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွား၏။

အိမ်ရောက်သည်နှင့် သင်တန်းက စာများကို ကျက်မှတ်လေ့ကျင့်ရပြန်၏။ ညဘက် အိပ်ရာဝင်ခါနီး အချိန်တိုင်း မေဒီနီ့ကို အခြားအချိန်များထက် ပိုအမှတ်ရတတ်မြဲပင်။

ကိုဖိုင်း ပြောသလို ယနေ့အချိန်ထိ ကျွန်တော် တင်းခံစောင့်နေသည့်တိုင် မေဒီနီ့ထံမှ ဆက်သွယ်မှု တစ်စုံတစ်ရာ ရောက်မလာ။ နောက်တစ်နေ့ သင်တန်းချိန်မှာ အရစ်ကျငွေ ပေးသွင်းပြီးသည်နှင့် မေဒီနီတို့ဆိုင်ဘက်ကို ခြေဦးလှည့်ဖြစ်၏။

ပုန်းလျှိုးကွယ်လျှိုးဖြင့် ဆိုင်ခပ်လှမ်းလှမ်းမှလှမ်းကြည့်ရ၏။ မေဒီနီရဲ့အစ်မတွေ တွေ့ရသည်။ ခဏအကြာမှာ မေဒီနီ ဆိုင်ထဲမှ ဆိုင်ပြင်ထွက်လာ၏။ သူမတစ်ယောက်တည်း မဟုတ်။ အမျိုးသားတစ်ယောက်နှင့်။

သေသပ် သားနားစွာ ဝတ်ဆင်ထားသော အမျိုးသားမှာ ကိုဖိုင်းတို့အရွယ်နှင့် မတိမ်းမယိမ်းလောက် ရှိမည်။ ဆံပင်ကို ရှဲရှဲ



www.burmeseclassic.com

www.burmeseclassic.com



လိမ်းပြီး ချပ်ကပ်နေအောင် နောက်လှန်ဖီးထား၏။ မေဒီနီတို့ ဂျူးသွေးစပ်ဟန်တူသည်။

သူနှင့်မေဒီနီ အတူတကွ လမ်းလျှောက်လာတာကို မြင်လိုက်ရကတည်းက ကျွန်တော့်ရင်ထဲ ဗလောင်ဆူဝေသွားမိ၏။

မေဒီနီ့ဆီ ပြေးသွားပြီး အကျိုးအကြောင်း မေးလိုက်ရလောက် မလိုလို၊ ရပ်နေရာမှ ဝေးသောနေရာကို လှည့်ပြန်သွားရတော့မလို လိုနှင့် ချီတုံချတုံ ဖြစ်နေမိသည်။

ဒီလူ မေဒီနီပြောခဲ့ဖူးသည့် အရန်လူများလား။ ဖြစ်နိုင်မည် ထင်ရ၏။

ကြည့်စမ်းပါဦး၊ ကျွန်တော်တို့ မကြာခဏ ထိုင်ဖြစ်သော အပူအအေး ရသည့်ဆိုင်လေးထဲကို မေဒီနီတို့ ဝင်သွားကြ၏။ ကျွန်တော်တို့ ထိုင်နေကျလမ်းမနှင့် ခပ်ကွယ်ကွယ် စားပွဲမှာ ဝင်ထိုင်နေကြသည်။

ကိုဇိုင်းနှင့် ထိန်ထိန်သာတို့အဖြစ်ကို အမှတ်ရ၏။

ကိုဇိုင်း သဝန်တိုစိတ်ဖြင့် အမြန်ဆုံး ပြန်လည် ချဉ်းကပ်လာ အောင် ထိန်ထိန်သာက နောက်လူတွေနှင့် အထင်ကရ တွဲပြခဲ့...

မေဒီနီလည်း သည်သဘောပင်ဖြစ်မည်ထင်သည်။

ကျွန်တော် လှမ်းဝင်ပြီး သွားတွေ့လျှင်. . .





ကျွန်တော့်ဘက် စတင် ဒူးထောက် အညံ့ခံရာကျမည်။

အံတင်းတင်းကြိတ်ပြီး ရပ်နေရာမှ လှည့်ထွက်လာခဲ့၏။

ရိုးသော၊ သစ္စာရှိသော၊ ကိုယ်ကျင့်တရား ကောင်းမွန်သော အိန္ဒြေရှိရှိ မေဒီနီက ထိန်ထိန်သာလို လုပ်ရပ်မျိုးတွေ လုပ်နေပြီ။

သည်အတိုင်း ကျွန်တော် ထွက်သွားလျှင် သူတို့ဘာတွေ ဆက်ဖြစ်ကြကုန်မလဲ။ ရင်ထဲ ပြာဝေလာပြန်၏။

ရိုးသယောင်. . .၊ သစ္စာရှိသယောင်. . .၊ ကိုယ်ကျင့်တရား ကောင်းသယောင်ဆောင်သော မေဒီနီ့ကို မျက်နှာဖုံး လှန်နေသည့် အချိန်မှာ အမိဖမ်းပြီး အပေါ်စီးမှ အားရပါးရ နင်းပြော ဖြစ်တင် လိုက်ချင်စိတ်တွေ ရင်၌တဖွားဖွား ဖြစ်ပွားလာ၏။

သို့ပြား. . .

လုပ်သင့်၊ မလုပ်သင့်ကို ချင့်ချိန်စဉ်းစားပြီး အသာရပ်စောင့် ကြည့်နေလိုက်မိ၏။

မေဒီနီ့ထံမှ ပြတ်သားသောအဖြေကို တောင်းခံဖို့ သင့်လျော် သောအချိန် ရောက်လာလေပြီ။

ကျွန်တော်နဲ့ လက်တွဲမလား။

မိဘ သဘောတူထားသော အနွယ်တူသည့်လူနှင့် လက်ဆက်မလား။



www.burmeseclassic.com

www.burmeseclassic.com



အလိုလို ခွန်အားတွေ ချိနဲ့ကုန်ဆုံးလာသလို လာလမ်းကို သာ ပြန်လျှောက်လာခဲ့မိလိုက်တော့သည်။

ကိုဇိုင်း ပြောသလိုပင် အချစ်လောက်သာ ကျွန်တော် သိ သည်။ အချစ်နှင့် ပတ်သက်သော မိတ်ဆွေ၊ အပေါင်းအသင်း ရန်သူ၊ အန္တရာယ်၊ ကျိုးကြောင်းစပ်ဆက်မှုတွေကို ကျွန်တော် မသိ ခဲ့။

ထိုတဲ့အချိန်မှာ ကြိုတင် ပြင်ဆင်မထား၍ ရင်မှာ အားပြင်း လျောင်တွေ တရစပ် လှုပ်ခတ်ခံလိုက်ရ၏။

အလိုမကျမှု. . .။

မနာလို သဝန်တိုမှု. . .။

မကျေနပ်မှုတွေ ရောထွေး ပြုစုခံရသော ရင်အသည်းမှာ လေပြည်နှင့် ခတ်ရုံဖြင့်၊ ဆတ်ပြီး ကွဲနိုင်လောက်အောင် အက် ကြောင်း ထင်းထင်းရှိလေပြီ။

မယုံမရဲစိတ်ဖြင့် နောက်ပြန် သမင်လည်ပြန် ငဲ့ကြည့်လိုက် သောအခါ. . .

ကဖီးဆိုင်ဘေးမှ ရပ်ထားသောကားပေါ်ကို မေဒီနီနှင့် တွဲ လာသော အမျိုးသား တက်ထိုင်လိုက်တာ တွေ့ရ၏။

မေဒီနီက ကားအပါးမှ လက်ပြပြီး နှုတ်ဆက်နေ၏။





ထိုအမျိုးသား ကားလေး မောင်းထွက်သွားသည်နှင့် လေး ညို့မှ ခွင်းလိုက်သည့်မြားအဟုန်နှယ် ကျွန်တော် ပြေးလိုက်သည်။

ဆိုင်ဘက်ကို ပြန်လျှောက်သွားသော မေဒီနီကို ဆိုင်သို့ ရောက်ခင် အမီတားပြီး တွေ့နိုင်ဖို့ ကားတွေ၊ လူတွေကြားမှာ လုစ်ခနဲ၊ လုစ်ခနဲ ကျွန်တော် ရှောင်တိမ်း ကွေ့ပတ်ပြီး အားသွန် ပြေးလာလိုက်သည်

ဒူးထောက် အညံ့ခံရ၍ ဂုဏ်သိက္ခာ နစ်နာရမည့်အရေးကို သည်း တွေးပူမနေအားတော့။

ကံကောင်းထောက်မစွာပင် မေဒီနီကို အချိန်မီ တားလိုက် င်၏။ ဟောဟဲလိုက်ပြီး မေဒီနီ့အပါးမှာ ကျွန်တော် ဆိုက်ရောက် ိုက်စဉ် အံ့ဩသလို ကြည့်နေသောမေဒီနီက. . .

"ဒါက ဘယ်လိုဖြစ်လာတာလဲ"

မောလွန်း၍ ကျွန်တော် ပြန်မပြောနိုင်သေး။

"ဘာလဲ. . . ရှင် စိတ်ဆိုးပြေသွားပြီလား"

ခေါင်းသာ ညိတ်ပြလိုက်နိုင်၏။

"ကျွန်မကတော့ စိတ်ဆိုးနေတုန်းပဲ. . .။ ရှင်. . . ကျွန်မ ကို တစ်ယောက်တည်း လက်ဖက်ရည်ဆိုင်ထဲမှာ ပစ်ထားခဲ့တာလေ၊ တ်မိသေးရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ခုနကလူ. . . ဘယ်သူလဲမေနီ။ အဲ့ဒါ အရေးကြီးတယ်"

"မပြောင်းလဲတတ်တဲ့ ယောကျ်ားတစ်ယောက်ပါ။ အိမ်က လည်း သဘောတူထားတဲ့လူလေ. . .။ သူ့နာမည်က ကိုသန့်မျှ အောင်တဲ့. . ."

"မင်း ဘာအချိုးချိုးတာလဲ မေနီ"

"ရှင် ကြိုက်သလို ယူဆနိုင်တယ်"

"မင်းက စတင်ပြောင်းလဲလိုက်တာပေါ့"

"မပြောင်းလဲပါဘူး. . .။ သူ့ဘာသာ တွေ့ချင်လို့ လာတာ အချိန် သိပ်မရပါဘူး၊ ခဏတဖြုတ်. . . ပြောဆိုပြီး ပြန်သွားတာ နော်။ မေနီ့ဘက်က မဖိတ်ခေါ်ပါဘူး"

"မင်းတို့ ဘာတွေ ပြောဖြစ်ကြတာလဲ"

"သူ့ဘက်ကတော့ လက်ထပ်ဖို့အရေးတွေ ဦးစားပေး ဆွေး နွေးနေတာပေါ့"

"မင်း. . . ဘာပြန်ပြောလိုက်လဲ မေနီ"

"အချိန်စောပါသေးတယ်လို့"

"လျှာနှစ်ခွနဲ့ မြွေဟောက်လိုအကျင့်ကို. . . မင်း တတ်နေ လား မေနီရယ်"

"ဒီလောက်အထိ ရှင်းပြပေးနေတာတောင် အပြစ်ရှာ

တင်တဲ့စကားမျိုး ပြောချင်သေးတယ်၊ ယူနဲ့ စကားဆက်ပြောဖို့ မကောင်းတော့ဘူး"

ပလက်ဖောင်းပေါ်မှာ လူသွားလူလာ ရှုပ်ထွေးချိန်။ တစ် ဖက်မှာ ကပ်ရပ်ပြီး နှစ်ကိုယ်ကြား ပြောနေမိခြင်းဖြစ်သည်မို့။

"အစောက. . . ကဖီးထဲ ပြန်သွားရအောင်"

"အချိန်မရှိတော့ဘူး"

"အရင်က အနည်းဆုံး နာရီဝက်အထိ ထိုင်ပေးတတ်တဲ့ မေနီပါ"

"ယူ. . . ဘာပြောစရာ ကျန်သေးလို့လဲ"

ကျွန်တော် မေဒီနီ၏လက်ကို ခပ်ရဲရဲ ဆွဲခေါ်လိုက်၏။ ကျွန်တော် ဒုက္ခရောက်ပြီး အရှက်ရသွားလောက်အောင်ဖြင့် မေ ဒီနီ မငြင်းပယ်ပါ။ တီးတိုး ရေရွတ်ညည်းတွားရင်း လိုက်ပါလာ၏။

ကဖီးထဲ ရောက်သောအခါ. . .

"ကိုယ်တို့က သူစိမ်းတွေမှ မဟုတ်ဘဲ. . .။ ချစ်သူအရင်း အချာကြီးတွေဆိုတော့. . . အခန့်မသင့်လို့ စိတ်ဆိုးလည်း ခဏပေါ့။ ကိုယ် လွန်သလို ဖြစ်ခဲ့တာတွေလည်း မေနီ ခွင့်လွှတ်ပါ. . .။ မေနီ လွန်တာရှိလည်း ကိုယ်ခွင့်လွှတ်ပယ်၊ အဲ့ဒီလူကြီးနဲ့ ပတ်သက်သမျှ မေနီ ရှင်းပြတာကို ယုံပါတယ်. . .။ မေနီ့ဘဝထဲကို ကိုယ်ကချွင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမှ အရောက်မခံဘူး မဟုတ်လား"

"အင်း. . . မပြောင်းလဲသရွေ့. . . ပေါ့"

"မေနီကိုယ်တိုင်လည်း. . . မပြောင်းလဲဘူးလို့ ပြောခဲ့တယ် ကိုယ့်ဘဝထဲမှာလည်း မေနီတစ်ယောက်ပဲ ရှိစေရမယ်"

"သွားပါ. . . အကြာကြီး ခွဲနိုင်၊ မေ့နိုင်တဲ့လူက အခုမှ အပိုတတ်တွေနဲ့ လာနှူးမနေနဲ့"

"မခွဲနိုင်. . . မမေ့နိုင်လို့. . . အခုရောက်လာပြီပဲ။ မေနီကကော ကိုယ့်ကို ဘာမှမဆက်သွယ်ဘဲ နေနိုင်ရက်တာကျတော့ ဘာပြောဦးမလဲ. . . ချက်ချင်းဖြေ"

"သူက စိတ်ဆိုးပြီး ထွက်သွားတဲ့လူ. . .။ သူ့စိတ် ဘယ်လိုထပ်ရှိနေမယ်မှန်း မသိရသေးဘဲနဲ့ မိန်းကလေးတန်မဲ့ လှမ်းမဆက်သွယ်နိုင်ပါဘူးနော်"

"ဒါတွေ. . . ထားလိုက်တော့။ နောက်ဆို စိတ်ဆိုးရော မပြောတော့ဘူး။ တကယ်. . . နောက်ဆို စိတ်မဆိုးကြေးနော်"

"အဲ့ဒါထက် ပိုအရေးကြီးတဲ့ ကြေးတစ်ခု ရှိတယ်"

"ဘာကြေးကို ပြောတာလဲ မေနီ"

"မပြောင်းလဲကြေး"



## အခန်း ( ၁၅ )

"မကြာခင်. . . မျက်နှာမြင်ရတော့မယ်။ အခုထက်ထိ အထိုင်အထ ကြမ်းနေတုန်းပဲ။ အရင်နေ့တုန်းကလို ပျက်ချင်လည်း ပျက် သဘောထားဆိုးကြီး ထားလို့မရတော့ဘူး ထိန်ထိန်သာ"

"ထိုင်တာထတာတောင် ပြစ်မှု ဖွဲ့ခံနေရတယ်. . .။ ငါ့ဘဝက နင်နဲ့ကျမှ ပိုဆိုးနေပါလား ထွန်းထွန်းရယ်. . .။ ကလေးအဖေအရင်းတောင် နင့်လောက် ဂရုတစိုက်နဲ့ ကြပ်မတ် ချုပ်ချယ်တတ်မှာ မဟုတ်ဘူး။ နင့်တူလေးအတွက်. . . ဒီလောက်ပဲ စိုးရိမ်နေရသလား"

"ကိုးလလွယ်ပြီး၊ ဆယ်လဖွားရတဲ့ မိခင်ရဲ့မေတ္တာစေတနာ



www.burmeseclassic.com

ကြီးမားပုံတွေ. . . ခင်ဗျားအမေကို ပြန်မေးကြည့်ပြီး ကိုယ့်ဘာသာ ဆင်ခြင် ထိန်းသိမ်းပါလားဗျာ"

"အချိန်တန်ရင် သူ့ဟာသူ မွေးလာမှာပဲ။ ဒီအပေါ်မှာ အာ အမြဲကပ်ပြီး မနေနိုင်ပါဘူး. . .။ ဘယ်အရာမှ မင်းထင်သလောက် မဆိုးဝါးလာနိုင်ပါဘူး. . .။ မင်းကိုက လုပ်ပိုင်ခွင့် နည်းနည်းရရ များများချဲ့တွက်ပြချင်နေတာ"

"ဒီလောက် ပြောနေတာတောင် ခင်ဗျား နားထောင်ချင်မှ နားထောင်တဲ့မိန်းမ။ ပြောနိုင်မှ တန်ကာကျမှာမို့ ပြောနေရတာ ပေါ့။ ဒီမှာ. . . ကလေးမျက်နှာမြင်ပြီးရင် ခင်ဗျားတို့လင်မယား ပြန်ပေါင်းရတော့မှာပါဗျ။ မြေးဦးလေးမျက်နှာ မြင်တာနဲ့ ဘယ် အဘိုးအဘွားမှ တောင့်မခံနိုင်ပါဘူး။ ဘာဘာညာညာတွေ အား လုံးပျောက်ပြီး မြေးလေးကို မျက်စိအောက်က အပျောက်မခံနိုင် ဖြစ်ကြမှာ မြင်ယောင်သေး။ ဒါကြောင့် မိခင်ဖြစ်တဲ့ ခင်ဗျားလည်း ကျန်းမာအောင်နေ၊ အားများများမွေး၊ ဒါမှ ကလေးမွေးရင် ဝတ် တိုကြီး ထွက်လာမှာ၊ ချစ်စရာတစ်တုံးတစ်ခဲကြီးလေ။ ကိုယ့် ဆောင်အားဆေးတွေပေးထားတာကော မှန်မှန်သောက်ရဲ့လား"

"သောက်ပါတယ်. . .။ ကလေးမီးဖွားခါနီး ကိုဗိုင်း အနား မှာ ရှိနေရင် ကောင်းမှာပဲ"





"သူက. . . ဆရာဝန်လည်း မဟုတ်၊ အိုဂျီလည်း မဟုတ်။ ဘာလုပ်မှာလဲ"

"အဲ့ဒါတွေ မင်း နားမလည်ပါဘူး ထွန်းထွန်းရယ်"

"ဘာမှစိတ်မပူနဲ့. . .။ ထိန်ထိန်သာ့အမေနဲ့ မောင်လေး လည်း အနားမှာရှိတယ်. . .။ ဟိုပြေးဒီလွှားနဲ့ ကုန်ကျသမျှ 'ဘီလ်' တွေကို ဒိုင်ခံရှင်းပေးမယ့် ကျွန်တော်လည်းရှိတယ်။ ကျွန်တော်က တော့ ဒီလောက်ပဲ နားလည်နေချင်တယ်. . ."

"အယ်ထရာဆောင်း ရိုက်ကြည့်တာ ယောကျ်ားလေးတဲ့။ ပြောလို့မရဘူးနော်၊ မှားတတ်တယ်တဲ့။ မိန်းခလေးလည်း ဖြစ်ချင် ဖြစ်မှာ. . .။ ကိုဗိုင်းဆီက ဖုန်းလာရင် သူ ဘာလေးလိုချင်တာလဲ ဆိုတာ မေးကြည့်ရဦးမယ်"

"ဘာလေးပဲဖြစ်ဖြစ် ချစ်သာချစ်ပါ။ ကိုဗိုင်းလည်း ချစ်မှာပါ"

အတွေးနှင့် မြူးသွားသော ထိန်ထိန်သာ့မျက်နှာလေးမှာ ယယ်စဉ်ကလေးဘဝလို အပြစ်ကင်းစင် လှပနေပါသည်။

မွေးလာသည့်ကလေးကို မိခင်၊ ဖခင်စုံညီစွာဖြင့် မိသားစု ပီပီပြင်ပြင်လေး ဖြစ်စေချင်ပါသည်။ မိတစ်ကွဲ၊ ဖတစ်ကွဲနှင့် ဝမ်း နည်းကြေကွဲရမည့် ဘဝမျိုးကို မပိုင်သစေလိုပါ။

မိရင်းဖရင်းတို့ရင်၌ မည်သို့ရှိမည် အတိအကျ မသိရသော်

www.burmeseclassic.com



လည်း တူသားတော်စပ်ရမည့် ကျွန်တော့်မှာ အတွေးမျှပင် ချစ်မက် ရစ်တွယ်နေမိလေသည်။

မကြာသောကာလမှာ သက်ရှိလူသား ကလေးငယ်တစ်ယောက် သတ္တလောကထဲကို ရောက်ရှိလာပါတော့မယ်။

*ချစ်ခြင်းအသေချာတွေ ပန်းလိုခြွေချ*

*ကြယ်ခင်တစ်သန်းနဲ့ ဘဝအဦးအစလမ်းကို လမ်းပြ*

*ဥတုအလီလီနှင့် မာယာကချေသည်တွေ အသုံးတော်ခံကြ*

*လေပြည်နဲ့ပျူးတဲ့ အိပ်မက်ဦးတွေ အစွမ်းကုန်လက်ပ*

*လောကကြီးနဲ့ စတင်နှုတ်ဆက်ဂုဏ်ပြု*

*မိနဲ့ဖက နုတ်လမ်းညွှန်မှ*

*နေရောင်လရောင်တွေ ကမ္ဘာကိုဆောင်မ*

*ဘဝအသစ်တစ်ဖန်*

*အစပြုဂုဏ် ရောက်လာသော ကလေးငယ်လေးအတွက်*

*အကြောင်းပြုဂုဏ် တောင်းဆုကမျှအပြစ်*

*အငြိုးဖွဲ့ရေးတဲ့ မုန်တိုင်းကဲ့တောကို မမှုန်ဆိုခင်*

*ကမ္ဘာမြေပဟောင်းအတွက်*

*သံစဉ်မြောင်းလျှည်ပေးပါ...*

❦ ❦ ❦



## အခန်း ( ၁၈ )

ကျွန်တော် လမ်းပျောက်ခဲ့လေပြီ။

ကံတရားက နာရီလက်တံတွေလို မှန်မှန်လည်ပတ် ရွေ့ဆက် မသွားတော့။

ရည်ရွယ်ချက်နှင့်ဆန့် တစ်ထပ်တည်းကျကာမှ ကြမ္မာမြားက ဘယ်အရပ်တပါးမှ ခွင်းဖောက်လာသည်မသိ။ ရင်ဘတ် တည့်တည့်ရှိသောအရပ်မှာ တစ်ထပ်တည်းပစ်မှတ်အဖြစ် စိုက်စွဲ နစ်ဝင်သွားတာ ခံလိုက်ရလေ၏။

ကျွန်တော် ပြည်ပထွက်၍ အလုပ်ကောင်းကောင်း လုပ်နိုင် စေရန် ကူညီရှာဖွေပြီး အစအဆုံး စီမံဆောင်ရွက်ပေးမည့် အကျိုး



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကုမ္ပဏီမှာ ဖျက်သိမ်းလိုက်၏။ ကုမ္ပဏီမှ ဖွင့်လှစ်သော သင်တန်းလည်း ပျက်သွားခဲ့လေပြီ။ အရစ်ကျ သွင်းထားသော ငွေကြေးတွေ တစ်ဝက်မျှသာ ပြန်လည် ထုတ်ယူလိုက်နိုင်၏။

အရှိန်ကောင်းကောင်းနှင့်" ပြေးလာသူ၏ ခြေနှစ်ဖက်ကို ရိုက်ချိုးခံလိုက်ရသလိုမျိုး ခံစားလိုက်ရ၏။

ပြန်ရငွေတစ်ဝက်ကို အရစ်ကျ ထည့်သွင်းပေးထားသော ကိုဇိုင်းထံ ပြန်လည် အပ်နှံလိုက်၏ အိမ်ကမိဘတွေက ဆုံးရှုံးခံလိုက်ရသောငွေအတွက် ကျွန်တော့်ကို နေ့စဉ်ရက်ဆက် အပြစ်ပြော၏။

ဘဝမှာ ဒုတိယအကြိမ်မြောက် အကြီးအကျယ် စိတ်ထောလွင့်ရပြန်သည်။

"မသွားရတော့လည်း ဘာဖြစ်လဲကွာ။ ကိုယ့်ပြည်တွင်းမှာ လုပ်ကိုင်စားလည်း ဖြစ်နေတာပဲ. . .။ ဘာအားငယ်စရာရှိလဲ"

မေဒီနီက နှစ်သိမ့် အားပေးလာသည်။

"ဘယ်မှာလဲ အရင်းအနှီး . . .။ အရစ်ကျသွင်းငွေတွေထဲမှာ ပါသွားလို့ အဆုံးခံလိုက်ရပြီ. . .။ အိမ်က ကိုယ့်ကို မယုံတော့လို့ နောက်ဆို တစ်ပြားနှစ်ပဲတောင် ထုတ်ပေးတော့မှာ မဟုတ်ဘူး"

ကိုဇိုင်းနှင့် တွေ့ဖြစ်ပြန်သောအခါ. . .

"ဒီမှာ. . . လူတွေအတွက် အရေးပါတဲ့သားငါး ဟင်းသီး





ဟင်းရွက်တွေဆိုတာ တို့နိုင်ငံရဲ့ ပြည်တွင်းဖြစ်တွေပါကွ. . .။ ကျန်တဲ့စက်မှုလက်မှုပစ္စည်း အတော်အတန်ဆိုလည်း တို့နိုင်ငံက ထွက်နေတာပဲ။ လူသားတစ်ယောက်အတွက် မရှိမဖြစ် အသက်ရှင်နေထိုင်မှုအတွက် လိုအပ်ချက်တွေ မှန်သမျှ တို့တိုင်းပြည်က ထွက်နေတာပဲ၊ ဘာလို့. . . သူများတိုင်းပြည် သွားပြီး မျက်နှာအငယ်ခံအလုပ်လုပ်နေမှာလဲ. . .။ ပူမနေနဲ့ ထွန်းထွန်း. . . တို့တိုင်းပြည်မှာ နည်းမှန်လမ်းမှန် ကြိုးစားရင်လည်း သူဌေးဖြစ်တာပါပဲကွာ"

"ဟုတ်တော့ဟုတ်ပါတယ်. . .။ ကျွန်တော်က ဖွံ့ဖြိုးပြီးနိုင်ငံတွေက နည်းပညာ၊ အတတ်ပညာ၊ အသိပညာတွေကို ကိုယ်တိုင်လေ့ကျင့် ပျိုးထောင်ယူလာပြီး၊ တစ်နေ့. . . ကိုယ့်တိုင်းပြည်မှာ ပြန်လည် ရှင်သန်စေချင်တာ. . .။ နိုင်ငံတကာနဲ့ယှဉ်ရင် ထိပ်ဆုံးမှာ လိုက်နေနိုင်တဲ့နိုင်ငံဖြစ်အောင် ကိုယ်တိုင်းပြည်အတွက်. . . ကိုယ့်အတွက် အာ ရုပါးရ ကြိုးစားချင်တာဗျ"

"အခုလည်း တို့တိုင်းပြည်က လိုက်ယှဉ်နိုင်အောင် ကြိုးစားနေပြီပဲ။ အထောက်အကူနဲ့ လိုအပ်မှုနည်းပညာဆိုတာ သူတို့လည်း ခေါင်းနဲ့ တီထွင်ထုတ်လုပ်ထားတာပဲ. . .။ တို့လည်း ခေါင်းနဲ့ တီထွင် ထုတ်လုပ်တတ်အောင် ကြိုးစားရမှာပေါ့"

"ဒါကလည်း ကျိုးနိယစ်လို့ခေါ်တဲ့ ပါရမီရှင် ညာဏ်ကြီးရှင်



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြစ်အုံးမှာကိုး. . ."

"ရှိလာနေပြီ. . .॥ အိုင်ကျူမြင့်တဲ့လူငယ်တွေ ထိုးထွက်လာနေပြီ။ အဲ့ဒီလူငယ်တွေထဲမှာ ဂျီးနီယစ်တွေပါလာမှာပဲ. . .॥ အရင်တို့တိုင်းပြည်မှာ အဲ့ဒီလိုလူတွေရှိတယ်. . .॥ ဦးနှောက်ယိုဖိတ်မှုတွေ ဖြစ်လို့ သူတို့ဒီကို ပြန်မရောက်လာခဲ့ကြတာ. . .॥ နောက်လာမယ့်သူတွေနဲ့ ပြန်လည် တည်ဆောက်ပျိုးထောင်ပြီး နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာအောင် ဝိုင်းဝန်းဆောင်ရွက်နေကြတာ မင်းအမြင်ပဲ။ အရှိန်အဟုန် ရနေပါပြီ. . . ချက်ချင်းထ ဖြစ်ချင်လို့ ဘယ်ရမလဲ။ ကဲ. . . ဒါတွေက အရှည်ပြောနေရမယ်. . .॥ မင်းနဲ့သက်ဆိုင်တာက အလုပ်မရှိသေးရင် မင်းမိဘ လက်ငုပ်လက်ရင်းလေး ပြန်လုပ်၊ တိုးတက်အောင်ကြိုးစား. . .॥ စုငွေ၊ ဆောင်းငွေလေး ရှိလာရင် ကိုယ် ဝါသနာပါတဲ့လုပ်ငန်းကို ခွဲလုပ်. . .॥ ငါလည်းတတ်နိုင်သလောက် ပံ့ပိုးပေးမယ်. . .॥ ငါ့ဆီက အရင်းအနှီး လိုချင်ရင်လည်းပြော"

"မယူရဲတော့ပါဘူးဗျာ။ ဒီတစ်ခါ. . . စုန်းစုန်းမြုပ်သွားမှာ ဖြစ်နေဦးမယ်. . .॥ သူများငွေနဲ့ ခေါင်းမခံချင်ပါဘူး။ ကိုယ့်ဘာသာ သူညကနေ ပြန်ကြိုးစားမယ်"

"နောက်ခံအင်အား ရှိနေတဲ့မင်းက ဘာလို့သုညလို့ ကိုယ့်





ဘာသာကိုယ် သတ်မှတ်နေရတာလဲ"

"အိမ်က ကျွန်တော့်ကို အသုံးမကျတဲ့ကောင်လို့ မြင်သွားပြီ။ နေပါစေဗျာ. . . ကိုယ့်ဘာသာ တခြားကုမ္ပဏီတစ်ခုခုမှာ ဝင်လုပ်ပြီး နှစ်နှစ်တန်သည် သုံးနှစ်တန်သည် လစာစုမယ်. . .॥ အဲ့ဒီက ရတဲ့အရင်းအနှီးနဲ့ ပြည်တွင်းမှာပဲ ကိုယ်နဲ့ အံဝင်မယ့် စီးပွားတည်မယ်"

"ကောင်းတယ်. . . လုပ်သာလုပ်။ ထိန်ထိန်သာ မီးဖွားပြီးရင် မင်း လုပ်ချင်တာ လုပ်လို့ရပြီ. . .॥ ဒီကြားထဲမှာတော့ အချိန်အားတွေ ရှိခိုက်မှာ ထိန်ထိန်သာ့အနား အချိန် ခပ်များများ နေပေးပြီး သူလိုအပ်တာ လုပ်ပေးလိုက်ပါကွာ"

"လုပ်ပေးပါ့မယ်၊ အဲ့ဒီလိုလုပ်ပေးရတာက ကိုဇိုင်း ချေးငွေထုတ်ပေးဖူးတာတွေရဲ့. . . အတိုး။ အဲ့ဒီအတိုးကို ပြန်ဆပ်နေရတယ်လို့ပဲ သူသဘောထားလိုက်ပါတယ်"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲကွာ. . .॥ မင်းဟာက သူစိမ်းဆန်လိုက်တာ"

"ခင်ဗျား အရှုပ်ထုပ်တွေ ကျွန်တော့် ခေါင်းပေါ်ကျတတ်လွန်းလို့။ ဒီဘဝမှာပဲ ညီအစ်ကို တော်ပါစေ၊ နောင်ဘဝ ထေးပါစေလို့ ဘုရားမှာ ခဏခဏ ဆုတောင်းပြီးပြီ။ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဒီကောင်. . . အေပေးလေး"

ကျွန်မတော့် လေလွင့်တိုက်ခတ်မှုတွေက ထိုမျှနှင့် မရပ်။ ထိန်ထိန်သာ့ထံ လှည့်ပတ် ရစ်ခွေ မြူးသော့နေစေမိပြန်သည်။

"ဒီတစ်ကြိမ် ဆုံးရှုံးသွားရင်. . . နောက်တစ်ကြိမ်အတွက် ကြိုးစားဖို့ အသင့်ပြင်ဆင်ထားရလိမ့်မယ်လေ ထွန်းထွန်းရဲ့"

"ဒီတစ်ကြိမ် ပြောင်သွားပြီး၊ နောက်တစ်ကြိမ် ထပ်ကြိုးစားလို့ ထပ်ပြောင်ရင် ခွက်ဆွဲနေရမှာကိုကော ထည့်မပြောတော့ဘူးလား"

"မင်းက အဖြစ်ထက် အပျက်ဘက်ကို ပိုတွေးအားကောင်းတယ်. . .။ အဲ့ဒါ မင်းအတွက် မကောင်းဘူး"

"ဘယ်လိုပဲဖြစ်ဖြစ်. . . ထိန်ထိန်သာ့အတွက်တော့ ကောင်းနေမှာပါ. . .။ အခုလို နေ့စေ့လစေ့ကာလထဲ ရောက်တဲ့အထိ ကျွန်တော့်မရီးကို အရိပ်တကြည့်ကြည့်နဲ့ လမ်းညွှန်ဆရာကြီးလုပ်ပေးရတာ. . . ပိုသက်ဆိုးရှည်သွားတာပေါ့"

"မင်းက ဒီလိုထင်ထားနေဆဲကိုး. . .။ ဒီအပေါ်မှာ မင်းလောက် အလေးအနက် မထားမိဘူး. . .။ သူဟာနဲ့သူ ဖြစ်လာလိမ့်မယ်လို့ပဲ ခံယူထားလိုက်ပါတယ်၊ ကလေးမွေးပြီး နောက်ပိုင်းအထိ မင်းအစ်ကိုက. . . မင်းကို ဘယ်လိုတာဝန်တွေ ဆက်ချထား





သေးလဲ"

"မီးဖွားပြီးရင် ကျွန်တော်တာဝန်ပြီးပြီတဲ့"

"အဲ့ဒီအချိန်မှာ ကိုဇိုင်း ရောက်လာပြီး တာဝန်လဲမှာလား"

"ဒါတော့ ဖုန်းအဆက်အသွယ်ရတဲ့နေ့မှာ ကိုဇိုင်းကို မေးကြည့်ပေါ့"

"ရှင့်အစ်ကိုက. . . မေးသမျှစကားကို တခြားအကြောင်းအရာတွေနဲ့ ခဏခဏ မျှောမျှောချပစ်လိုက်တယ်။ ဒီက စိတ်တိုလို့ အော်တော့မှပဲ ဟိုလိုဒီလို မသေချာ မရေရာတဲ့အဖြေမျိုး ပြန်ပေးတယ်၊ ငါ. . . သူ့ကို ရွေးချယ်မိတာ အရမ်းမှားသွားပြီထင်တယ် ထွန်းထွန်းရယ်"

မပြေပြစ်သော ဆက်ဆံရေးတွေကို လက်ပွန်းတတီး နေထိုင်လာရ၍ မသိစိတ်ခြင်း ရင်းနှီးဖြစ်လာကြ၏။ ထိန်ထိန်သာက စကားပြောရာမှာ အခေါ်အပြောကို အမျိုးမျိုးပြောင်းပြီး အဆင်ပြေသလို ပြောတတ်သည့်အကျင့်ရှိ၏။ ကိုဇိုင်းနှင့် ပတ်သက်လျှင် အချစ်နှင့်အမုန်းကို စစ်မျက်နှာနှစ်ဖက်လုံး ဖွင့်၍ထားသူ။

"ခင်ဗျားတို့နှစ်ယောက်က. . . ကိုယ့်ဘက်သူ့ဘက် ဆွဲနေကြတာနဲ့ အလယ်မှာ အင်အားမျှခြေဖြစ်ပြီး သုညအဖြေ ထွက်နေကြတာ။ ဆန့်ကျင်ဘက်လားရာနဲ့ ဆွဲအား တူညီနေကြတာလေ။



www.burmeseclassic.com

www.burmeseclassic.com



မီးရထားခေါင်းတွဲနှစ်တွဲ ချိတ်မိသလို တစ်စင်းကပျက်လို့ တစ်စင်းဆွဲခေါ်လာတာမျိုးလည်းမဟုတ်ဘူး. . .။ နှစ်စင်းစလုံး တစ်စင်းက တောင်ဆို၊ တစ်စင်းကမြောက်. . .၊ မြင်းကောင်ရေအားချင်းခေါင်းတွဲ ထုတ်လုပ်တဲ့ခုနှစ်ချင်းကလည်း တူညီနေတော့၊ နှစ်စင်းစလုံး အကြိတ်အနယ်ဆွဲတာတောင် ဘယ်ဘက်မှ ရွှေ့မသွားဘူးဖြစ်နေတယ်. . .။ ရူပဗေဒသဘောတရားအရပေါ့။ အလွယ်ပြောရရင် တူညီတဲ့အားနှစ်ခုဟာ ဆန့်ကျင်ဘက်လားရာ ရှိပြီး ထိပ်တိုက်တွန်းရွှေ့ရင်ပဲဖြစ်ဖြစ်. . . ချိတ်ဆက်ပြီး ဆုတ်ပြန်ဆွဲရုန်းရင်ပဲဖြစ်ဖြစ် နှစ်စင်းစလုံး ဘယ်ဘက်ကိုမှ မရွေ့ဘဲ နေမြဲအတိုင်း ရှိနေတာ မျှခြေအင်အား သုညဖြစ်နေလို့ပေါ့. . .။ ဒီအတိုင်းပဲ ကိုဝိုင်းနဲ့ ထိန်ထိန်သာတို့ နှစ်ယောက်ကြားမှာ မျှခြေသုည ရှိနေတယ်"

ထိန်ထိန်သာက မျက်ခွံမို့မို့ကြီးတွေနှင့်ကြည့်၏။ ခြေဖဝါးတွေ ဖောယောင်နေတာ တွေ့ရ၏။ မကြာမီ ရက်ပိုင်းအတွင်း မွေးဖွားတော့မည့်လက္ခဏာတွေဟု ဆရာဝန်တွေက ပြောကြသည်။ ကျွန်တော်ကပင် ဆက်၍. . .

"ခင်ဗျားတို့ကြားက မျှခြေဟာလည်း သုည. . .
ကျွန်တော်ကလည်း တစ်က ပြန်မစ,နိုင်တော့တဲ့သုည. . .
သုညချင်း အချိုးချလည်း သုညပဲ. . .
သုညချင်းပေါင်းလည်း သုညပဲ. . .
သုညချင်း ညီမျှခြင်းချလည်း သုညပဲ. . .
ဘာထူးလဲ. . . နောက်ဆုံးတော့ ခင်ဗျားတို့နှစ်ယောက်ကြားမှာ ကျွန်တော် သုညပဲ ဗျာများရဦးတော့မှာ သေချာတယ်"

ထိန်ထိန်သာက သူမ လွယ်ထားသော ကိုယ်ဝန်အပေါ်မှာ လက်တင် ဖိကပ်ကြည့်နေ၏။ ကျွန်တော့်စကားအပေါ် အာရုံများများ မထားလိုက်ရပေရော့သလား။

"ဒီကလေးမွေးလာရင်. . . ငါနဲ့နင့်အစ်ကိုကြားမှာ မျှခြေဆိုတာ မဖြစ်နိုင်တော့ပါဘူး ထွန်းထွန်းရယ်"

ကျွန်တော် လိုအပ်တာကို ရွေးချယ်လိုက်ပြီး ပြောချလိုက်၏။

"ခင်ဗျားသာငြိမ်. . .။ ဒုက္ခမှန်သမျှကို ကျွန်တော် စိန်ခေါ်ရင်ဆိုင်ရဲတယ်. . ."

"ငြိမ်ဆိုငြိမ်ပေးမယ်. . .။ မင်းတစ်ခုပဲ ဒုက္ခခံပြီး မဖြစ်ဖြစ်အောင် ကူညီပါလား"

"ဟား. . . ရတယ်. . . ဒါမျိုးဆိုဖြစ်တယ်"

"တို့က သားဦးမွေးရမှာဆိုတော့ ကြောက်တယ်. . .။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် တို့အနားမှာ မင်းအစ်ကိုကို ရှိနေစေချင်တယ်၊ ထွန်းထွန်းရယ်. . .။ မီးဖွားချိန်မှာ မင်းအစ်ကိုကို ပါလာအောင်







www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပေးပါနော်. . .။ ဒီဒုက္ခလေးတစ်ခုတည်း ခံပြီး ကူညီပေး
ဟယ်"

ကျွန်တော် ခေါင်းကုတ်ရလေပြီ။ တစ်ခါတစ်ရံမှာ သူ
စရာဆန်ဆန်လေး နေပြတတ်သော ထိန်ထိန်သာ့မျက်နှာလေး
ကြည့်ပြီး စာနာနားလည်စိတ်တွေ ရင်၌တရိပ်ရိပ်။

"ကျွန်တော့်စကားနဲ့ ကျွန်တော်ပဲလေ. . .။ ကောင်းပြီ. .
ကျွန်တော် ဖြစ်အောင်လုပ်ပေးမယ် ထိန်ထိန်သာ။ ဘယ်. . .
တုန်းကတော့ နှစ်ယောက်စံပြီး ခံရတော့မှ တစ်ယောက်တည်
ခံရတာ ဘယ်တရားမလဲ. . .။ ကျွန်တော့်အဒေါ်က သူ့ရဲ့ဟ
နိုင်ကွက်ရောဂါကြီးနဲ့ တက်ချက် အမြုပ်ထွက်မတတ် လုပ်ဖြ
လည်း. . . ကျွန်တော် မျက်လုံးထဲ မထားတော့ဘူး။ လူလည်ကျ
တဲ့ ခင်ဗျားရဲ့ချစ်လင်လက်ကို ဆွဲပြီး ခင်ဗျားလက်ထဲကို လွှဲပြော
ပေးမယ်"

"မောင်လေး. . . မင်းဟာ ဒါမှ မမရဲ့မောင်လေးဖြစ်
ပေါ့"

ကြည့်. . . လူမိန်းမတစ်ဦး၏ စိတ်ပြောင်းစိတ်လွဲ ဆ
ရေးမှာ လျှပ်လက်သည်ထက် ပြောင်းလဲမြန်ဆန်လွန်းတာ
မည်။





တစ်လျှောက်လုံး အပေါ်စီးက တင်လာသော လေသံပိုင်ရှင်
က သူ့လိုဘ ပြည့်တော့ လေသံချလိုက်ပုံလေးက ညက်ညော သွက်
မြန်လွန်းပါပေ့။ ဘာတဲ့. . . မောင်လေး။ မောင်လေး. . . တဲ့။

အောင်မယ်လေးတော့ မတပါရစေနဲ့ မရွှေထိန်ထိန်သာ
ရယ်. . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၉ )

မွေးရက် နီးလွန်းလှ၍ စိတ်ချရအောင် ဆေးရုံကြိုတက်နိုင်း၏။ ထိန်ထိန်သာက မတက်။

မွေးခါနီးမှ ဆေးရုံပြေးမည်ဟုငြင်း၏။

ဖြစ်လာနိုင်သော အန္တရာယ်အသွယ်သွယ်ကို ကျွန်တော်နှင့် ဆရာဝန်ဖြစ်သူတို့က ဝိုင်းညှပ်ပြီး ရှင်းပြလိုက်သောအခါမှ ထိန်ထိန်သာ ဆေးရုံတက်ဖြစ်၏။

နေ့နှင့်ညအတွက် စပယ်ရှယ်နပ်(စ်) ကြိုငှားပေးလိုက်၏။ ထိန်ထိန်သာ၏မိခင်က ချက်ပြုတ် ကြော်လှော်ပြီး ချိုင့်နှင့်ထည့်လာ၏။ ဆေးရုံမှာ တစ်နေ့လယ်လုံးစောင့်ပြီး၊ သမီးဖြစ်သူကို စောင့်



www.burmeseclassic.com

www.burmeseclassic.com



ရှောက်ပေးနေရ။ ကျန်အချိန်များမှာ အိမ်စောင့်ကျနေသော မောင်ဖြစ်သူက ရောက်လာပြီး ဝေယျာဝစ္စ လုပ်ပေး၏။ ပြီးလျှင် အိမ်ပြန်။

ဖြစ်လာသမျှကို ဒိုင်ခံရှင်းဖို့ တာဝန်ယူထားသည့်ကြားမှ ထိန်ထိန်သာ ပူဆာသဖြင့် ကိုဇိုင်းထံ ပြေးရပြန်၏။ ကိုယ့်စကားနှင့် ကိုယ် လွန်ထားတာကလည်း ရှိနေသည်မဟုတ်လား။

ကိုဇိုင်းနှင့် တွေ့သောအခါ. . .

"ခင်ဗျား ဒီတစ်ခါတော့ လိုက်ခဲ့မှကိုဖြစ်မှာ။ မလိုက်လို့ မရဘူးဗျာ။ လိုက်ဆိုလိုက်ခဲ့"

"ထွန်းထွန်း. . . မဖြစ်သေးဘူးလေကွာ။ ငါ့အမေ သွေးတက် . . ."

"တော်ပြီ. . . သွေးတက်ရုံမကလို့ ဖြစ်ချင်တာဖြစ်။ ဟိုမှာ မီးဖွားခါနီးမိန်းမအတွက် အရေးအကြီးဆုံးအချိန်ဖြစ်နေပြီ။ ခင်ဗျား ရှိမှ ထိန်ထိန်သာက အားရှိမှာလို့ပြောတယ်. . .။ ထိန်ထိန်သာရဲ့ စိတ်အင်အား ပြည့်ဝနေမှ ကိုယ်ခန္ဓာအင်အားကောင်းမယ်။ ဒါမှ ကလေးကို ချောချောရှုရှု မွေးနိုင်လိမ့်မယ်. . . .။ စိတ်အင်အား ဆုတ်ယုတ်တာနဲ့ ခန္ဓာအင်အားပါ ယုတ်လျော့ပြီး မမွေးနိုင် မဖွား နိုင်ဖြစ်လာရင် လူကြီးအသက်ရော၊ ကလေးအသက်ရော အရမ်းကို စိုးရိမ်ရတယ်ကိုဇိုင်း။ ဒီတစ်ချိန်လေးပဲ ခင်ဗျားလိုက်ပြီး ထိန်ထိန်





သာ အားရှိအောင် မျက်နှာလိုက်ပြပေးဗျာ. . .။ ခင်ဗျားကို သူ အရမ်း မျှော်လင့်တောင့်တနေတာ. . .။ ဒါကြောင့် ခင်ဗျားပါမှ ဖြစ်မှာလို့ အထပ်ထပ် ပြောနေရတာပေါ့. . ."

"မင်းအဒေါ်ရဲ့ကျန်းမာရေး ထဖောက်သွားမှာကို. . . မင်း မကြောက်တော့ဘူးလား ထွန်းထွန်း"

"ကျွန်တော့်အဒေါ်အကြောင်း. . . ကျွန်တော်အသိဆုံး၊ နည်းနည်းဖြစ်ရင် ကဲကဲလုပ်ပြနေတာ. . .။ ကျောင်းကပွဲတွေမှာ နာမည်ကျော်ပြဇာတ်မင်းသမီးလေး လုပ်ခဲ့ဖူးလို့. . . ထစ်ခနဲဆို အိုက်တင်ထည့်ပြီး အပြတ်သည်းပြလိုက်တော့တာပဲ"

"မင်းထင်တာတွေ ပေါက်လွတ်ပဲစား ပြောမနေနဲ့ ထွန်းထွန်း။ ငါ့အမေကို ငါစိုးရိမ်တယ်. . . ငါ့အမေက အစားထိုးလို့မရဘူးကွ. . . မိန်းမဆိုတာက အချိန်မရွေး ပြန်အစားထိုးလို့ရတယ်။ ဒါကြောင့် ငါ ဒီဘက်ကိုပဲ ငဲ့ရလိမ့်မယ်"

"ဘာဗျ. . . ဒါတွေ နားလည်ရဲ့သားနဲ့ ခင်ဗျားအစက ဘာလို့ မဆင်ခြင်ခဲ့တာလဲ. . .။ ဒီလိုအကျိုးဆက်တွေ ရလာလိမ့်မယ် ဆိုတာကိုရော ဘာလို့ ခင်ဗျားခေါင်းကြီးက မတွက်ချက်တတ်ခဲ့ရ တာလဲ. . .။ အခုမှ ခိုင်လုံတဲ့ ကိုးကားချက်ကြီးပြပြီး ငြင်းချက် ထုတ်နေတာ ခင်ဗျားကိုခင်ဗျား ဟုတ်နေပြီလို့ ထင်နေသလား။



www.burmeseclassic.com

www.burmeseclassic.com



မရဘူး. . . လိုက်ကိုလိုက်ရမယ်"

"မပြောလည်း မပြီးမှာမို့ ပြောရတော့မယ်။ ဒီအကြောင်းတွေကို တကယ်ဆို ငါမပြောချင်ဘူး. . .။ ဒီမှာထွန်းထွန်း ထိန်ထိန်သာဟာ ငါနဲ့ဖြစ်တာ မဟုတ်ဘူး. . ."

"ဘာဗျ. . . ခင်ဗျား. . . ခင်ဗျား. . ."

"ငါရှင်းပြတာကို ဆက်နားထောင်၊ ပြီးမှ မင်းကြိုက်သလိုဆုံးဖြတ်. . .။ ထိန်ထိန်သာနဲ့ငါ. . . တစ်နေရာမှာ တွေ့ဖြစ်ကြတော့ ဇော်ဒင်ဇော ရောက်လာတယ်. . .။ ငါ့ကို ငါ့အိမ်က ခေါ်သလိုနဲ့ ပ,ထုတ်လိုက်တယ်. . .။ ပြီးတော့ ထိန်ထိန်သာနဲ့ ကျန်ခဲ့ပြီး ထိန်ထိန်သာအလစ်မှာ ဓာတုဆေးဝါးအကူနဲ့ အငိုက်ဖမ်းပြီး ဆင်ရိုင်းမလေးကို ကျူးသွင်းလိုက်တယ်. . .။ ဘာမှ မဟုတ်မှန်းသိလို့ ငါပြန်လာတော့ ဇော်ဒင်ဇော မရှိတော့ဘူး။ ထိန်ထိန်သာ အိပ်မက်မက်နေတယ်. . . ဒီအဖြစ်ကို ငါမမေ့ဘူး. . .။ နေ့စွဲနဲ့ တစ်ကွမှတ်မိပေမယ့် ရင်ထဲမှာ လျှို့ဝှက်ထားခဲ့တယ်. . . ဒီလိုနဲ့ ဖြစ်ချင်လာတော့ တစ်နေ့မှာ ထိန်ထိန်သာက ငါ့ကို ဖွင့်ပြောလာတယ်။ ငါ့မှာ တာဝန်ရှိတယ်ပေါ့. . . ငါ တွက်ဆကြည့်လိုက်တယ်။ ကွက်တိပဲ. . . ငါ့မှာ တာဝန်မရှိဘူး. . . ဇော်ဒင်ဇောရဲ့ တာဝန်ပဲလို့ ခက်နေတာက အားလုံးမြင်ကွင်းထဲမှာ ငါပဲရှိတယ်. . .။ ထိန်ထိန်





သာ အိပ်မက်က လန့်နိုးလို့ သိလိုက်တာကလည်း ငါပဲဖြစ်နေတယ်။ ကဲ. . . ဘယ်လိုရှင်းမလဲ. . . ရတယ် . . . ငါပုံမှန်ပဲ ဆက်တွဲတယ်။ ဇော်ဒင်ဇောကို ရှင်းပြဖို့ရှာတယ်။ ဒီကောင် ပြည်ပ ပြန်ထွက်သွားပြီ။ ထိန်ထိန်သာက လက်ထပ်ဖို့ အတင်းပူဆာတာနဲ့ ငါ လက်ထပ်လိုက်တယ်. . .။ အဲ့ဒီလို နေရင်းနဲ့ မကြာခင်မှာ နှစ်ဦးသဘောတူ တိုင်ပင်ညှိနှိုင်းပြီး ကွာရှင်းလိုက်ကြတယ်. . .။ အဲ့ဒီမှာ မင်းကို ဝင်ပေးဖို့ပြောလို့ မင်းဝင်ပေးလာတယ်. . .။ ဒီလောက်ဆို မင်းရှင်းလောက်ပါပြီ. . . ငါသူငယ်ချင်း ဇော်ဒင်အတွက် ငွေရေး ကြေးရေး အပိုင်းတွေ ငါ အားလုံးတာဝန်ယူခဲ့တယ်. . .။ မင်းက လူမှုရေးပိုင်းပေါ့ကွာ. . ."

"ခင်ဗျား. . . ဒါတွေကို သိရဲ့နဲ့ အစကတည်းက ရှင်းပါလား"

ကျွန်တော် စိတ်ရှိလက်ရှိ အော်ပြောပစ်လိုက်၏။ ကိုငိုင်းက ကျွန်တော့်ပါးစပ်မှာ သူ့လက်ညှိုး အသာကပ်ပေးရင်း. . .

"ဇော်ဒင် မရှိတော့ ငါ ဘယ်လိုရှင်းလို့ရမလဲ ထွန်းထွန်း။ ငါတို့ဘက်က ထိန်ထိန်သာ့အပေါ် ဒီလောက်အထိ တာဝန်ကျေပေးနေတာပဲ လွှန်လွန်းလှပြီ. . . ထင်တယ်"

"အစကတည်းက. . . ထိန်ထိန်သာ ယုံယုံ မယုံယုံ ရှင်းလို့



www.burmeseclassic.com

www.burmeseclassic.com



ရတယ်. . .။ ခင်ဗျားကိုက သူတော်စင်ကြီးလိုလို အရေခြုံပြီး ကူညီမယ့်ပုံ ဟန်ဆောင်နေတဲ့ ကိုယ့်ရှူးကိုယ်ပတ် လူလည်ကြီးဇာတ်ကို ခင်းခဲ့တာကြောင့် အခုလို ရှင်းမရအောင်. . . ရှုပ်ကုန်ရတော့တာပဲ"

"ထိန်ထိန်သာရဲ့အမှုအကျင့်ကို မင်းသိရဲ့သားနဲ့ အဲ့ဒီတုန်းက ငါငြင်းတာနဲ့. . . ရေဆုံးရေခန်း လိုက်ပြဿနာရှာမယ့်သူဟာ ထိန်ထိန်သာပဲ။ ဒါကြောင့် လိုက်လျှောညီထွေ နေပေးခဲ့ရတာပေါ့"

"တောက်. . . မလည်ရှုပ်တွေကြားမှာ အပြစ်မရှိတဲ့ မွေးကင်းစ ကလေးငယ်လေးရဲ့ဘဝတော့ သွားပါပြီကွာ"

ကိုဇိုင်း ခေါင်းငုံ့ ငြိမ်ဆိတ်နေ၏။ ကျွန်တော်က. . .

"အခု ထိန်ထိန်သာ မီးဖွားပြီးရင်ကော ခင်ဗျား ဘာဆက်ပြီး ထိုးဇာတ်လုပ်ဇာတ်တွေနဲ့ ဆက်ရှုပ်ဦးမှာပဲ. . .။ ကျုပ်ကိုလည်း ဘယ်သူတောင်းစားဖြစ်မယ့်အခန်းက ထည့်စတေးဦးမှာလဲ။ ပြောဗျာ. . . ပြော. . . ခင်ဗျားပြော"

ကျွန်တော် ဒေါသတကြီး အော်ဟစ်ပြီး ကိုဇိုင်း ပခုံးနှစ်ဖက် ခပ်ဆတ်ဆတ် လှုပ်ယမ်းမေးလိုက်ခြင်းပင်။ ကိုဇိုင်းက အသာရှောင်ထွက်လိုက်ပြီး. . .

"မင်း ပါစရာမလိုတော့ပါဘူး။ ထိန်ထိန်သာ. . . သူလင်





သူ ဆက်လျှောက်သွားပါလိမ့်မယ်"

"ဟာ. . . လွယ်လိုက်တဲ့စကား။ ခင်ဗျား တစ်နေ့ ခင်ဗျားအိမ်က ကြည်ဖြူလာရင် ထိန်ထိန်သာကို ခင်ဗျားတို့မိဘတွေက လက်ခံလာနိုင်ရင် ပြန်ပေါင်းမယ်ဆိုတဲ့ ဆွေးနွေးမှုကို လျှာပျားရည်ဆွတ်ပြီး ပြောခဲ့တာလား၊ ထိန်ထိန်သာက အဟုတ်ကြီး မှတ်နေလို့ ကွာရှင်းပေးခဲ့တယ်၊ ခပ်ကင်းကင်းပဲ အဝေးမှာ. . . နေပေးခဲ့တယ်။ ခင်ဗျား ပျားရည်နဲ့ ဝမ်းချခဲ့လို့ သူ့ခမျာ. . . တစ်နေ့ ပြန်လာမှာပဲဆိုပြီး အရူးမကြီးလို တတွတ်တွတ် ပြောဆို တမ်းတမျှော်နေရရှာတာဗျ. . .။ ယောကျ်ားဖြစ်ပြီး အဲ့ဒီလောက် ယုတ်မာတာကတော့ ကမ်းကုန်လွန်းတယ်ဗျာ"

"မင်းစကားတွေ ငါ သည်းခံပေးပြီး နားထောင်ခဲ့တယ်။ အတိုင်းအတာထက် ဘောင်ကျော်မလာနဲ့တော့ ထွန်းထွန်း။ မင်းက ငါ့ထက်အငယ်. . .။ ဒီအပိုင်းမှာ ငါ့ဘက်က အားနည်းနေလို့ မင်းရမ်းကားတာ ငါခံပေးနေတာ။ အမှန်ဆို. . . အစဉ်အလာနဲ့ ဝါအရ မင်း ငါ့ကို ဘာတစ်ခုမှ ပြန်ဝေဖန်စရာတောင် အကြောင်းမရှိဘူး"

"ကိုဇိုင်း လုပ်နေတာတွေက ဟုတ်နေလား. . . မှန်နေလား၊ တရားနည်းလမ်းကျနေလား"

"မင်း သိအောင် ထပ်ပြောစရာ. . . ငါ့မှာ ရှိသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



သန်ဘက်ခါဆို ငါ့အိမ်က ပေးစားတဲ့ မိန်းကလေးတစ်ယောက်နဲ့ ငါ လက်ထပ်ရတော့မယ်"

ကျွန်တော် အံ့အားသင့်လွန်းလို့ အာမေဋိတ်သံတစ်စပင် ထွက်ခွင့်မရလိုက်။ အကြောင်းသား စိုက်ကြည့်နေမိ၏။ ကျွန်တော် မသိခဲ့။ လုံးလုံးလျားလျားကို နားစွန်နားဖျားမျှ မကြားသိခဲ့ရသော မင်္ဂလာသတင်း။ ထိန်ထိန်သာ့အတွက်တော့ အမင်္ဂလာသတင်း။

ကျွန်တော် မသိအောင် ကိုဇိုင်းတို့ဘက်မှ လျှို့ဝှက်ကြိတ်ပြီး စီစဉ်ခဲ့ကြခြင်းဖြစ်မည်။ ကျွန်တော့်အိမ်နှင့် ကျွန်တော် အစေးမကပ်သောကြောင့် လမ်းပေါ် အနေများနေစဉ် အိမ်မှာ လက်ထပ်ပွဲကြို ပြင်ဆင်ရာသတင်းတွေ ကျွန်တော့်နား မရောက်တာလည်း ဖြစ်ချင်ဖြစ်မည်။ တမင်တားမြစ်မှုဖြင့် နှုတ်ပိတ်နေခဲ့ပေးကြတာလည်း ဖြစ်ချင်ဖြစ်ပါလိမ့်မည်။

"ခင်ဗျား. . . တကယ်ပြောနေတာလား"

"ငါ တကယ်ပြောနေတာ ထွန်းထွန်း. . .။ ငါ့အမေ ကိုယ်တိုင်က မင်းကို အသိမပေးစေချင်တာနဲ့ မင်းအိမ်သားတွေကိုပါ လျှို့ဝှက် နှုတ်ဆိတ်နိုင်းပြီး တိတ်တိတ်ကလေး ကြိတ်စီစဉ်ခဲ့ကြတာ သန်ဘက်ခါဆို ပွဲကြီးနေ့ဖြစ်ပြီ"

"ဘယ်က သတို့သမီးလဲ"





"အမေရဲ့မိတ်ဆွေ သမီးတစ်ယောက်ပါ။ အမိကက အမေ သဘောတူတဲ့ မိန်းမဖြစ်ဖို့ အရေးကြီးတာပဲ မဟုတ်လား၊ ငါမျက်စိစုံမှိတ်ပြီး လိုက်လျောပေးလိုက်ခဲ့ပြီးပြီ. . ."

"ခင်ဗျားဗျာ. . ."

"ဒီလိုအခြေအနေထိ ဆိုက်နေတာမို့. . . မင်းခေါ်ရာ ငါ မလိုက်နိုင်တာပေါ့ ထွန်းထွန်းရာ. . .။ ငွေလိုရင် မင်း ထပ်ယူသွား၊ ငါတော့ မလိုက်နိုင်ဘူးညီလေး. . .။ ငါလိုက်ရင် ငါ့အမေ အရှက်ကွဲပြီး အိပ်ရာထဲ ထပ်လဲမှာ ကျိန်းသေတယ်. . .။ ဒီမင်္ဂလာပွဲကို ငါ ဆန္ဒရှိလွန်းလို့ နွဲတော့မယ်လို့ မင်းမထင်ပါနဲ့. . .။ ငါ့စိတ်တွေ ဟိုဘက်ဒီဘက် ကူးရလွန်းလို့ လူလည်း ရူးချင်စိတ်ပေါက်လာပါပြီ"

နှစ်ယောက်စလုံး စိတ်မော၊ လူမော၊ သောကမောတွေ ဗလောင်ဆူဝေနေမိ၏။ တစ်ဦးကို တစ်ဦးကြည့်ပြီး ဘာဆက်ပြော၍ ဘာဆ ႇလုပ်ရမည်မှန်းပင် မတွေးတတ်ကြချင်တော့။

"ခင်ဗျား လက်ထပ်ရဲရင်ထပ်ကြည့်။ အဲ့ဒီမင်္ဂလာပွဲအခမ်းအနားမှာ ထိန်ထိန်သာရဲ့ရင်သွေးကို ကျုပ်ကိုယ်တိုင် လွယ်ပြီး လာလက်ဖွဲ့မယ်"

ကိုဇိုင်းက ဒေါသဖြင့် ကျွန်တော့်ပခုံးကို ပြန်ကိုင်လှုပ်လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ဘယ်လိုမှ ရှင်းပြလို့မရပါလားကွ. . .။ မင်း မကျေနပ်လို့ ငါ့ကို သတ်ချင်ရင် အခုသတ်သွား. . .။ ငါ့မှာ မဖြစ်မနေ ငဲ့ကွက်ယောက်ထားရမယ့်မျက်နှာတွေ. . . အရှက်ဖြန်းဖြန်းကွဲပြီး လဲသေရလောက်အောင်တော့ မလုပ်နဲ့"

ကျွန်တော်က ကိုဇိုင်းလက်တွေကို ပြန်တွန်းဖယ် ထုတ်ပစ်လိုက်ရင်း. . .

"ထိန်ထိန်သာကို လက်ထပ်ပြီး . . . ခင်ဗျား သမာဓိကြီးကြီးနဲ့ အမြင့်တပ်ပုတ်ကြီးပဲ ထိုင်နေခဲ့သလား. . .။ ဟိုလူဒီလူ တွေ့ချက် ဆုံးဖြတ်ချက် ချနိုင်ရလောက်အောင် ခင်ဗျားက အဲ့ဒီလိုင်းမှာ ကျွမ်းကျင်တဲ့ဆေးပါရဂူလား။ သုတေသနနဲ့ ဓာတ်ခွဲစမ်းသပ် ဆေးရာဇဌာနမှူးလား. . .။ မကြာခင် ထိန်ထိန်သာ မျက်နှာမြင်ရတော့မယ့်ကလေး. . . အဲ့ဒီကလေးလို အားလုံးထဲမှာ အထင်ထား ဝင့်ကြွားပေးတာ ခင်ဗျားပဲ. . .။ အဲ့ဒါကို ဘယ်တော့မှ မမေ့ ရတယ်. . . ခင်ဗျားတို့ အဲ့ဒီကလေးကို မမွေးမြူနိုင်ရင်လည်း တယ်. . .။ ကျုပ် မွေးမယ်. . . တစ်နေ့ အဲ့ဒီကလေး လူ့လား မြောက်လို့ ခင်ဗျားတို့ကို ပြန်ပေးလာမယ့် တစ်ပြန်တစ်လှည့် ဘာလဲဆိုတာ အခုကတည်းက နေရာတကာခေါင်းနဲ့ တွက်ထား တဲ့ပါရဂူကြီး ကြို့ပြီးတွက်ဆထား. ."





အက်ကွဲ ရှိန်းတောက်နေသော ခံစားချက်တွေကို စကားလုံးပေါင်း မြောက်များစွာအဖြစ် အားရပါးရ ပစ်သွန်ပစ်လိုက်ပြီး ကိုဇိုင်းရှေ့မှ ခပ်သွက်သွက် ထွက်လာဖြစ်လိုက်သည်။

ကံဆိုးလိုက်တဲ့ ကလေး. . .။

လူ့ဘဝထဲ မရောက်ခင်ကတည်းက. . .။

မိနှင့်ဖက စွန့်ကြဉ်ကြဖို့ စိုင်းပြင်းနေကြတာ ခံနေရရှာတယ်။ လူလိမ္မာသား ယဉ်ပါး၊ လူမိုက်သား ရမ်းကား။ လူလည် လူရှုပ်လူပွေ မိဘနှစ်ယောက်က ဖွားလာရတဲ့သားကျတော့. . . ဘဝမှာ . . .

. . . . . အို. . . . လူသစ်စိတ်သစ်. . . . . .

. . . . . ကဲ. . . . . ဖြစ်ချင်တာဖြစ်စမ်း ။ ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၀ )

'ဘွား' ခနဲ တွေ့လိုက်ရသူ တစ်ယောက်ကြောင့် . . .

လှမ်းခြေတုံ့ပြီး ကျွန်တော် ကျောက်ရုပ်ဖြစ်သွားရ၏။

မေဒီနီ။ သူမအပါးမှာ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ယောက်။ ကျွန်တော့်ကို မီးဝင်းဝင်းတောက်မတတ် မျက်လုံးတွေနှင့် လှမ်းကြည့်နေသော မေဒီနီ။ ပုဂ္ဂလိကဆေးရုံအဝင်မှာ ရှိသော လူနာနားနေခန်းမှာ ဆေးခန်းပြရမည့်အလှည့်တွေနှင့် ထိုင်စောင့်နေကြတာတွေ့ရ၏။

အဖော် ပါလာသောကြောင့် မယောင်မလည် အနားကပ်သွားလိုက်မိသည်။ မေဒီနီက အလိုက်သိစွာပင် အဖော်ကိုခေတ္တ



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ပြီး ဆေးခန်းအပြင်ဘက်ကို တစ်ယောက်တည်း လျှောက်ထွက်လာသည်။ ကျွန်တော် ကပ်ပါလာသောအခါ. . .

"မေနီ. . . ဆေးခန်းလာတာလား"

"ဟုတ်တယ်" (သံပြတ်)

"ဘယ်သူ ဘာဖြစ်လို့လဲ"

"ဆိုင်နားက အစ်မကြီး. . . သူ့အမျိုးသား ခရီးထွက်သွားလို့ (O.G) ဖြစ်ရာရှိနေတာနဲ့ မေနီ့ကို အဖော်ခေါ်လာခဲ့တာ ရှင်းရဲ့လား"

ကျွန်တော် အာရုံတွေ ညစ်နွမ်း ပင်ပန်းလာသည်မို့ အနားယူပစ်လိုက်ချင်သည်။ အနားယူ၍မရ။ အခန်းနံပါတ် (၁၀၂) မှာ ထိန်ထိန်ရဲ့ဒုက္ခကို ကူညီစောင်မရပါဦးမည်။ တာဝန်ခံယူပြီးမှတော့ တာဝန်ပြီးဆုံးသည်အထိ ဆက်လုပ်ပေးရပေတော့မည်။

"ရှင်ကကော ဘာလာလုပ်တာလဲ"

"ဟို. . . ကိုယ့်အသိတစ်ယောက်. . ."

"ခုန ဆေးရုံတစ်ပတ် လျှောက်ကြည့်တော့ အခန်းနံပါတ် (၁၀၂)က ယွန်းနာမည်ကို ပြောသံကြားတယ်. . .။ နာမည်တူ နားစွင့်ကြည့်လိုက်တော့ ယူ့အကြောင်းတွေ ထပ်ပြီး ကြားလိုက်တယ်. . .။ နာမည်တူလို့ တိုက်ဆိုင်လို့ တို့နဲ့ယူ အကာအကွ





ယူချင်သေးလား. . .။ အခုလို ယူ ဆေးရုံထဲ ရောက်လာတော့ ပြင်းရ ပိုခက်သွားမှာပေါ့နော်"

ကံမကောင်းချင်လျှင် ဒုက္ခနှင့် အခြေအနေဆိုးတွေ အတွဲလိုက် တရစပ် ဝင်လာတတ်၏။ အပ်နှစ်စင်း ထိပ်ချင်းပြေးတိုက်တာကမှ ထိချင်ထိဦးမည်။ ကြမ္မာပေးသော လက်ဆောင်က ကြံဖန်ဖြစ်တတ်လာ၍ ရှောင်ကွယ်မလွတ်။

"ကိုယ့်အသိ. . . အဲ. . . ကိုယ့်အစ်ကိုရဲ့ ဇနီးတစ်ယောက် မီးဖွားဖို့အတွက် ကူညီ လာစောင့်ပေးနေတာပါ"

"ယူ့ရဲ့ရှင်းပြချက်က ဒါအကုန်ပဲလား"

ကျွန်တော်တို့နှစ်ယောက် လက်ဖက်သုပ်ဆိုင်လေးမှာ ဝင်ထိုင်ဖြစ်တော့မှ ကျွန်တော် အစအဆုံး ရှင်းပြပါလေတော့သည်။ တစ်ကျော့ရှင်းလည်းနားမလည်၊ နှစ်ကျော့ရှင်းမှ နားလည်လွယ်သွားသော မေဒီနီက. . .

"ယူပြောတာ ရှင်းပါတယ်။ ဒါပေမဲ့. . . ယူဟာ ပြောင်းလဲနေသလိုပဲ"

"ကိုယ် မပြောင်းလဲဘူး မေနီ. . . ကိုယ့်မှာ မေနီပဲရှိတယ်"

"ယူတို့ဇာတ်လမ်းတွေ ကျွန်မ ဆက်နားမထောင်ချင်တော့ဘူး. . .။ ဒီဇာတ်လမ်းမှာ ယူက နာမည်ကြီးမင်းသားအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲသွားပြီပဲ. . .။ ကျွန်မကို မေ့လိုက်ပါတော့”

“မင်း အထင်လွဲနေပြီ မေနီ”

“အထင်မလွဲအောင် ဆက်ရှင်းခွင့်ထပ်ပေးတယ်။ ကဲ ရှင်း”

ကျွန်တော်က မေဒီနီရဲ့လက်ကို လှမ်းဆွဲပြီး ဆေးရုံထဲ ပြန်ဝင်လာလိုက်၏။

“ဟော့. . . ယူ၊ ဒါဘာလုပ်တာလဲ. . .။ ဟိုမှာ အသိမြင်သွားမယ်လေ”

“မြင်ပါစေ ဂရုမစိုက်ဘူး. . .။ မင်းကို ထိပ်တိုက်ရှင်းပြဖို့ အခန်းနံပါတ် (၁၀၂) ကို ခေါ်သွားမလို့”

ကျွန်တော်က လူအဝင်အထွက် များသည့်ကြားမှ ဆွဲခေါ်သွား၍ မေဒီနီ ဆက်ပြီး ရုန်းဆွဲငြင်းဆိုမနေတော့။

အဖော်လူနာမှာလည်း သူမအလှည့် ရောက်မရောက်သာ စိတ်ပူထား၍ ကျွန်တော်တို့ကို လှမ်းမကြည့်အား၊ မြင်လည်းမမြင်။

အခန်းနံပါတ် (၁၀၂) ထဲဝင်လိုက်သောအခါ ခုတင်မွေ့ရာပေါ်မှာ ပက်လက်လှဲနေသော ထိန်ထိန်သာကို တွေ့လိုက်ရ၏။

ကျွန်တော့်ကို တွေ့သောအခါ. . .

“သူလာပြီလား. . . ကိုဇိုင်း ပါလာပြီလားဟင်”

“ခဏလေး. . . ဒီကိစ္စကို အရင်ရှင်းရအောင်။ ဒါ ကျွန်တော့်





ရဲ့ကောင်မလေး မေဒီနီတဲ့”

ထိန်ထိန်သာက ဖျော့တော့စွာ ပြုံးပြ၏။ မေဒီနီက အလိုက်သင့် ပြန်ပြုံးပြ၏။

“သူ့နာမည်က. . . ထိန်ထိန်သာ”

ကိုဇိုင်းနဲ့ ပတ်သက်သ၍သာ ကျွန်တော် ထပ်မံရှင်းပြလိုက်၏ ပြီးလျှင်. . .

“မယုံရင် ကာယကံရှင်ဖြစ်တဲ့ ဟော့ဒီမဗိုက်ကိုသာ. . . မေးကြည့် မေနီ”

လွတ်လွတ်လပ်လပ် ပြော၍ရအောင် ကျွန်တော် အခန်းအပြင်ထွက်ပြီး လိုက်ကာစေ့၊ တံခါးပိတ် ပေးထားလိုက်၏။

တံခါးပိတ်ဆွေးနွေးမှု ဆယ်မိနစ်ခန့်အကြာမှာ မေဒီနီ ခပ်တည်တည်လေး ပြန်ထွက်လာ၏။

“ကိုယ်ပြောတာ ယုံနိုင်ပြီလား မေနီ”

ခေါင်းမညိတ်ချင်ညိတ်ချင် ညိတ်ပြ၏။ ပြီးလျှင်. . .

“မနက်ဖြန်နေ့လယ် ဆိုင်ဘက်လာခဲ့ဦး။ အရေးကြီးတာ ပြောစရာရှိလို့”

“အခုပြောလေ”

“ဟိုမှာ အဖော်ပါတယ်. . .။ အခုလောက်ဆို သူ့အလှည့်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လောက်ပြီ"

"ဘယ်လောက်တောင် အရေးကြီးလို့လဲ...။ ကိုယ့်မှာ ဒီ ဟာကြီးကလည်း တန်းလန်းနဲ့"

"မေနီနဲ့ယူတို့ နှစ်ယောက်လုံးအတွက် အရေးကြီးတယ်။ မေနီ့ကို အိမ်က နေရာချပေးဖို့ အပူတပြင်း စီစဉ်နေကြတယ်လေ။ ယူ့ဆီက ဖုန်းနဲ့ဆယ်သွယ်သေးတယ်...။ ယူ ဒါတွေနဲ့ ထွေးနေရ လို့ အိမ်မကပ်နိုင်တော့ အဆက်အသွယ် မရဘူးပေါ့...။ အဲ့ဒါ ယူနဲ့ တွေ့ရဖို့ မေနီ တစ်ခုခုလုပ်မှဖြစ်မယ်လို့ ကြံရွယ်ထားတုန်း အခု လိုက်ပို့ပေးရတဲ့အဖော်ကို ကူညီရမှာ ပေါ်လာတာနဲ့ လိုက် ကူညီလိုက်တာ...ယူနဲ့ မမျှော်လင့်ဘဲ လာဆုံတယ်။ သူတစ်ပါး ကို ကူညီခြင်းရဲ့ အကျိုးကျေးဇူးပေါ့"

"ကိုယ့်ရင်ထဲ အပူကို မီးထပ်စွဲသလိုပါပဲ မေနီရယ်။ ဘယ် လိုဖြစ်ပြီး မင်းအိမ်က အဆောတလျှင် စီစဉ်ဖို့ ပြင်ရတာတဲ့လဲ"

"အကြောင်းကြောင်းကြောင့်ပဲ ဆိုပါတော့...ဒါအတွက် သိပ်ပူမနေပါနဲ့။ မေနီ ချိန်းတဲ့အချိန်သာ ရောက်အောင်လာခဲ့။ ဒီမှာလည်း မလစ်ဟင်းအောင် ဂရုစိုက်ပေးလိုက်ပါ။ မထိန်ထိန်ယာ ခမျာ သနားစရာကောင်းပါတယ်။ သူ ငိုနေတယ်...ဘယ်သူ ချော့မလဲ"





"ခဏနေ သူ့အမေလာလိမ့်မယ်...။ မငိုသင့်ဘူး ပြောတာ လည်း မရဘူး"

"ရှင့်အစ်ကိုက လူဆိုးပဲ"

"ကိုယ်နဲ့ မတူပါဘူး"

မေဒီနီက မျက်စောင်းခဲရင်း ပြန်ပြောလိုက်သောစကား မှာ...

"ရှင်က ကြမ်းပိုး..."



www.burmeseclassic.com

www.burmeseclassic.com



အရိုင်းလေး…………

ငိုကြွေးခြင်းတေးကို မျက်ရည်နဲ့မရေးပါနဲ့

ဘဝတိုင်းမှာ

ဒုက္ခနဲ့ သုခဆိုတာ

ဝဲလုံတစ်လှည့် ငါးပျံတစ်လှည့်ပါ။

ဒုက္ခသစ္စာနဲ့ လူဖြစ်လာရပြီးမှတော့

သမုဒယအပူကို ထပ်၍ထပ်ခါ ထပ်ယူနေသင့်သလား

မင်းရဲ့တေးသွားကို

မုန်တိုင်းအဖြစ် ပြောင်းလဲရေးသားစေချင်တယ်……။





အရိုင်းလေး…………

ရေ့ဖြစ်လာမယ့်အရေးသာ

တို့ဆက်တွေးတာ ကောင်းမယ်။

အနိုင်လိုချင်သူတွေ ရှိသမျှ

အရှုံးတွေ ရှိနေကြဦးမှာပဲ

လူချင်းတူလည်း အရောင်ကွဲတဲ့

လမင်းလို တစ်ရောင်တည်းနဲ့ အသက်ရှင်သန်လို့ မဖြစ်တဲ့လောက။

အရောင်မရှိတဲ့ တို့ခံစားမှုကို ဘယ်ဘာသာဗေဒနဲ့ ပြောပြလို့ ရနိုင်မလဲ

ကိုယ့်ရင်ကွဲကြီးကို ကိုယ့်သံယောဇဉ်နဲ့ ကိုယ်ပြန်ချုပ်

ဘာမှမဟုတ်တဲ့ နိယာမမှာ

သဘာဝကျကျ နေတတ်ဖို့ပဲလိုတယ်……။

အရိုင်းလေး…………

ရင်ခုန်သံက လွဲရင်

ကိုယ်ဟာ

မုန်တိုင်းရဲ့ တေးပါ

မျက်ရည်များနဲ့ မင်း……ဆက်ရေးမှာ ကြောက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၃ )

"မင်းအစ်ကိုကို မုန်းတယ်. . .၊ ငါ သူ့ကို မုန်းတယ်ကွာ။ မုန်းတယ်. . . မုန်းတယ်. . . မုန်းတယ် တစ်လောကလုံး မုန်းနိုင်တာတွေထက်ကို ပိုမုန်းတယ်. . .။ သိလား ထွန်းထွန်း"

ကိုယ့် ပြစ်နဲ့ကိုယ်မို့ ငြိမ်နားထောင်ပေးနေရ၏။ ကိုဖိုင်းနှင့်ပတ်သက်ပြီး ထိန်ထိန်သာ တတွတ်တွတ် မေးခဲ့စဉ်က ဟိုလိုလို ဒီလိုလို ‌ဘောင်စဉ်ရေမရ အဖြေပေးခဲ့မိသည်။

ထိန်ထိန်သာက တာဝန်ကျနပ်(စ်)မ အကူအညီဖြင့် ဘီးတပ်ကုလားထိုင်ပေါ် တက်လိုက်ကာ တယ်လီဖုန်းရှိရာ သွားဆက်သည်။

ကိုဖိုင်းနှင့် မတွေ့။



www.burmeseclassic.com

www.burmeseclassic.com



အာခေျာ်၊ လျှာချောင်တတ်သော ကိုဇိုင်း၏အမျိုးအဆွေ (မင်္ဂလာပွဲ ကြိုရောက်နေသော နယ်မှအမျိုးအဆွေ) တစ်ယောက်က ကိုဇိုင်းတို့ သန်ဘက်ခါ မင်္ဂလာဆောင်ဖို့ အလုပ်ရှုပ်နေသဖြင့် အိမ်မှာ မရှိကြောင်းတွေ ဘုမသိ၊ ဘမသိ ပြောလိုက်တာကို ကြားခဲ့ဟန်တူ၏။

ဘီးတပ်ကုလားထိုင်ပေါ်က ထိန်ထိန်သာ ဆတ်ခနဲ ထရပ်ပြီး ကိုယ်ဝန်ကြီးဖြင့် အခန်းရှိရာ ပြန်လာကာ ကျွန်တော့်ကို စိတ်ရှိလက်ရှိ ထုထောင်း အော်ဟစ်ငိုယိုပါလေတော့သည်။

'မင်းအစ်ကိုကို မုန်းတယ်' ဟူသောစကားမှာ ဒေါသဖြစ်လွန်းပြီး အဖျားခတ် ကျန်နေခြင်းများပင်။

"မင်း. . . ဘာလို့ လှည့်ပတ်ညာနေရတာလဲ။ မင်း ဘာလို့ ပြောထားတဲ့စကားကို ဖြစ်အောင် မလုပ်နိုင်ရတာလဲ. . .။ အခု မင်းအစ်ကိုလုပ်ပုံက ဘယ်လောက် ရက်စက်လိုက်သလဲ။ မင်းတို့ နှစ်ယောက် ပေါင်းပြီး. . . ငါ့ကို ကောင်းကောင်းပညာပြခဲ့တယ်"

"ထိန်ထိန်သာ စိတ်ထိခိုက်နေရင် ဒုက္ခဖြစ်လိမ့်မယ်။ မွေးခါနီး. . . ဖွားခါနီးကြီးမှာဗျာ. . .။ ကိုဇိုင်းလည်း စိတ်ပါလွန်းလို့ လက်ထပ်ရရှာတာ မဟုတ်ပါဘူး"

"မယုံဘူး"





ထိန်ထိန်သာ့ထံမှ လိပ်ပြာလွင့်မတတ် ထအော်လိုက်သံ။ ထိန်ထိန်သာ ဒေါသ ပိုကြီးလာပြန်ပြီး. . .

"ဒင်းရဲ့ကလေးကို ဘယ်တော့မှ. . . မမွေးချင်ဘူး။ မလိုချင်ဘူး. . .။ လူလိမ်လူညာ လူယုတ်မာရဲ့သွေး. . .။ ကဲဟာ. . . ကဲဟာ"

ဗိုက်ကို လက်နှင့် ရိုက်ပုတ်နေ၍ ကျွန်တော် အတင်းတားရ၏။ ဆရာမလေးပါ ဝင်တား၏။ ထိန်ထိန်သာ့မိခင်နှင့်မောင်လေးမှာ ယနေ့မှာ အိမ်ဗာဟီရလုပ်တာ ကြာနေ၍ ရောက်မလာကြသေး။

သနားဖို့လည်း ကောင်း၊ အမြင်ကတ်ဖို့လည်း ကောင်းသော မိန်းမဆိုသည်မှာ ထိန်ထိန်သာကို တွေ့မှ ယုံရဲသွားရ၏။

"အား. . . နာတယ်. . . ဗိုက်ထဲက တစ်မျိုးကြီးနာတယ်။ အား. . . အ ၂မရေ. . . ကယ်ပါဦး။ ဘုရား. . . ကယ်တော်မူပါ အမယ်လေး. . . ."

"ကဲ. . . မပြောဘူးလား. . .။ မိုက်လိုက်တာဗျာ"

"သူ. . . မွေးခါနီးပြီနဲ့တူတယ်. . .။ ရှင် ဆရာဝန်ကို သွားခေါ်လိုက်. . ."

ကျွန်တော် ဆရာဝန် ပြေးခေါ်ပြီး စမ်းသပ်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



သားအိမ် ပွင့်နေလေပြီ။ ရေမွှာလည်း ပေါက်နေပြီ။ ချက်ချင်း ပြာယာခတ်ကုန်ကြပြီး ထိန်ထိန်သာ့ကို မွေးခန်းထဲ ခေါ်ဆောင်သွားကြ၏။

"ကလေးက အထဲမှာ. . . ကန့်လန့်ဖြစ်ချင်နေတယ်။ မွေးတဲ့အခါ အခက်တွေ့နိုင်တယ်။ ပြန်တည့်သွားအောင် ကြိုးစားကြည့်ရဦးမှာပဲ. . .။ မပေါ့နဲ့နော်. . . မွေးတဲ့အခါ လွယ်ကူအောင်လို့ အားများများ မွေးထား. . . ဟုတ်လားသမီး"

(OG) ဆရာမကြီးက ပြောခဲ့ဖူးတာ အမှတ်ရ၏။

ထိန်ထိန်သာ မွေးလို့ ဖွားလို့ လွယ်ပါ့မလား။

မွေးခန်းရှေ့မှာ ကျွန်တော်စောင့်နေစဉ် ထိန်ထိန်သာ့အမေ ရောက်ချလာ၏။ ထိန်ထိန်သာ့မောင်လေးမှာ အိမ်စောင့်ကျန်ခဲ့၏။

မျက်နှာငယ်နှင့် စိပ်ပုတီးလေးစိပ်ပြီး သမီးဖြစ်သူ ဖွားလွယ်အောင် သုံးလောကထွဋ်ထား၊ ရှင်တော်မြတ် ဗုဒ္ဓဘုရားအား ယုံကြည်လေးမြတ်၊ လက်ကြောင့် ရင်မှာကပ်၍ ဆုတောင်းစာတွေ တတွတ်တွတ် ရွတ်ဖတ်နေရှာ၏။

အင်္ဂုလိမာလသုတ်တော် အသံထွက်ဖြင့် ဆိုနေသံမှာ. . .

ပရိတ်တံ ယံ ဘဏန်တတ်သ





နိသိန်နတ်ထာန ဓောဝန့်
အုဒကပ်ပိ ဝိနာသေတိ
သာပ်ဗပေဝ ပရိတ်သယံ
သွတ်ထိနာ ဂတ်ဘ ဝုတ်ထာန့်
ယင်စ သာဓေတိ တင်ခဏေ
ထေရတ် သင် ဂုလိမာလတ်သ
တပ်ပတ်ယာယိန် မဟာတေဇံ
ပရိတ်တံ တံ ဘဏာမဟေ။
ယတော ဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော
နာဘိ ဇာနာမိ သင်စိတ်စ ပါဏံ ဇီဝိတာ ဝေါရောပေတာ
တေန သစ်စေန သွတ်ထိ တေ ဟောတု
သွတ်ထိ ဂတ်ဘတ်သ။

ညဉ့်ဦးရောက်လာသည်။ ဆေးရုံပြာတာတွေ ပြာယာခတ်အလုပ်ရှုပ်နေကြ၏။ နပ် (စ်) မတွေလည်း ဟိုပြေးဒီလွှား။ မွေးခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ ငယ်သံပါအောင် စူးစူးဝါးဝါး အော်ဟစ်သံ၊ အရှိုင်းမလေးရဲ့ ပြောင်းဆန်နေသံ။ လောကကို အရှုံးနဲ့ ဖြတ်သန်းပြီး စိတ်နွမ်းနယ်တဲ့အင်အားနဲ့ မွေးလမ်းမမှန်သောကလေးကြောင့် သေကောင်းပေါင်းလဲ ခံစားဟစ်အော်သံ။

ညလယ်ပိုင်း ရောက်လာသည်။ အော်သံတွေမောချ၍ တိတ်သွားလိုက်။ ထိတ်လန့်တကြား ပြန်ပေါ်လာလိုက်။

အချိန်မရွေး ဖြစ်ပျက်သွားနိုင်သော မိန်းမသားတို့ရဲ့ စိုးရိမ်စရာကောင်းလွန်းလှသည့် သေရေးရှင်ရေး အချိန်အခါ. . .။

နောက်နေ့မနက် စောဦးပိုင်းရောက်သည်အထိ ဆရာဝန်တွေ ကြိုးစားကြ၏။ နောက်ဆုံး မိုးလင်းခါနီးမှာ ခွဲစိတ်မွေးဖွားဖို့ ဆုံးဖြတ်လိုက်ကြပြီး တာဝန်ခံမိခင်ဖြစ်သူထံ လက်မှတ်ထိုးခိုင်းလိုက်၏။

လက်ကလေး တုန်တုန်၊ မျက်ရည်လေး စမ်းစမ်းဖြင့် လက်မှတ်ရေးထိုးရှာသော ယိန်ထိန်သာ့မိခင်ကိုကြည့်ပြီး ရင်မှာမချိ။

ခွဲစိတ်ခန်းဝင်ဖို့ ပြင်ဆင်နေကြ၏။ ခွဲစိတ်ခန်းဝင်ပြီး ကိုယ့်ရင်ခုန်သံကို ကိုယ်ပြန်ပြီး အကျယ်ကြီး ကြားရသောအချိန်။ တိုင်းထံ ဖုန်းပြောဆက်လျှင်လည်း အကြောင်းထူးမည် မထင်တော့။ ခွဲခန်းထဲ ရောက်သွားသူကို အားပေးလို့ မရနိုင်တော့။





နှစ်နာရီအတွင်းမှာ ခွဲစိတ်မှုပြီးစီးသွား၏။

ကလေးရော လူကြီးရော အခြေအနေကောင်းသည်ဟု သိရ၏။ ရှင်တော်မြတ်ဘုရား၏ ဂုဏ်ကျေးဇူးတော်ကို တဖွဖွရေရွတ်ပြောကြားနေရှာသော ထိန်ထိန်သာရဲ့မိခင်။

အင်္ဂလိမာသုတ်တော်ရဲ့ အစွမ်းထက်မြက်မှုကြောင့် အလွန်စိုးရိမ်ရသော အခြေအနေတွေကို အချိန်က တိုက်ဖယ် လွင့်ရှားထားခဲ့နိုင်စွမ်း ရှိသွားလေပြီ။

မနက်ဆယ်နာရီ ထိုးလာပြီမို့ အရေးတကြီး ချိန်းဆိုထားသော မေဒီနီဆီ ပြေးရန်လည်း အကြောင်းရှိနေလေသည်။ ထိန်ထိန်သာ့ကို ခွဲစိတ်ခန်းထဲက ပြန်ထုတ်လာတာ စောင့်ရင်းဖြင့် ဆယ့်တစ်နာရီထိုးသွား၏။ လိုအပ်သော ဆေးဝါးဝယ်ခြင်းနှင့်၊ ခွဲစိတ်ခန်းခ ကျသင့်ငွေကို သီးသန့်ရှင်းပေးနေရသည်နှင့် ဆယ့်နှစ်နာရီ ထိုးသွား၏။

မေဒီနီ့ထံ မသွားရ၍လည်း မဖြစ်။

ကျွန်တော် သွားရန်ပြင်သောအခါ ပြန်လည် သတိရလာသော ထိန်ထိန်သာတစ်ယောက် မိခင်ကို ဖက်ငိုရင်းဖြင့် သတိလစ်သလို ဖြစ်သွားပြန်၏။

အရေးပေါ် ကယ်ဆယ်ရေးအတွက် ဆရာဆရာမတွေ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရှုပ်သွားရပြန်၏။ ကျွန်တော်က ပြန်ငုတ်ပုတ်ထိုင်ပြီး အရေးပေါ် လိုအပ်တာမှန်သမျှ ဖြည့်ဆည်းပေးဖို့ စောင့်ဆိုင်းနေရပြန်သည်။

မွေးလာခါစ ကလေးကို သွားကြည့်လိုက်သောအခါ. . .

ဖြူဖြူရဲရဲ တုတ်တုတ်ခဲခဲကြီးနှင့် ချစ်မွေးပါမည့်ပုံရ၏။ ခုနစ်ပေါင် နီးပါးရှိ၏။ ကျေးဇူးရှင်လေးရဲ့မွေးချိန်ကိုလည်း ဖအေကြီးလို မှတ်မှတ်သားသား ရှိထားရပြန်၏။

တစ်နာရီထိုးသည်အထိ ထိန်ထိန်သာရဲ့ဒုက္ခပေးမှုက အမှုင်မပြတ်။ အများသုံးဖုန်းမှ အခန်းနံပါတ်၊ လူနာမည်နှင့် ဖုန်းလာ၍ ပြေးကိုင် နားထောင်လိုက်သောအခါ ဖုန်းလိုင်းပြတ်သွား၏။ ဘယ်လိုခေါ်ခေါ် ဖုန်းမလာတော့။ ကိုယ့်ဘက်က ဆက်သွယ်ကြည့်သေး၏။ မရ။

မေဒီနီ သိအောင် အကျိုးအကြောင်း ရှင်းပြချင်၍ အ[illegible] တစ်ဝိုက် ဖုန်းတွေ ငိုက်ဆက်ကြည့်သေး၏။ ဖုန်းလိုင်းပြတ်[illegible] သေချာသွားပြီ။ ကံဆိုးသူ သွားရာ၊ မိုးလိုက်လို့ ရွာသည့်အပြင် [illegible] သီးပါ ခွေချတာ ခံရသည့်အဖြစ်။

သေကောင်းပေါင်းလဲလူနာအတွက် ဆေးရုံပေါ် တစ်ခါ[illegible] ပြေးတက်ရပြန်၏။ သတိပြန်လည်လာသော အငုံမင်းသ[illegible]



သွေးနုသားနု တစ်ခုခု ဖြစ်သွားမှာစိုး၍ ဝိုင်းပြောနေရတာနှင့် သုံးနာရီ ထိုးသွားခဲ့လေပြီ။

ထိန်ထိန်သာ နေသားတကျ အိပ်ပျော်သွားချိန်မှာ ညနေငါးနာရီ။ မေဒီနီ အိမ်ပြန်သွားလောက်ပေပြီ။ ကျွန်တော့်ထံ အကြောင်းတစ်ခုခု ရှိ၍ ရောက်မလာဟန်တူ၏။

ကျွန်တော် ခြေပစ်လက်ပစ် ထိုင်ချ နားလိုက်ရသောအချိန်မှာ ညဘက် (၆) နာရီ. . .။

မေဒီနီတို့အိမ်ကို ဖုန်းခေါ်၍ မရ။

ကိုဇိုင်းကိုလည်း ဖုန်းဆက်ပြီး မွေးဖွားမှု အခြေအနေနှင့် သားရတနာလေးအကြောင်းကို ပြောပြခွင့်မရ။ ဖုန်းလိုင်း ပြန်ကောင်းမလာသေး။ စိတ်ရောလူရော ပင်ပန်းလွန်း၍ ထိုင်ခုံကြီးပေါ်မှာ ငုတ်တုတ် အိပ်ပျော်ခဲ့ရသည်။

မေဒီနီ ဘယ်မှာလဲ. . .။

ဘယ်သူ့ရင်ထဲကိုမှ အရောက်ခံလို့မဖြစ်. . .။

ကျွန်တော့်ချစ်သူကို ကျွန်တော်ပဲ အရယူမည်။

မေဒီနီကို လိုက်ရှာသည်။

ကမ္ဘာပေါ် တစ်ပတ်လည်သည့်တိုင် ရှာမတွေ့။

'အသေအချာ ချိန်းဆိုထားရဲ့နဲ့ အရေးကြီးသောအခါကျမှ



www.burmeseclassic.com

www.burmeseclassic.com



လုံးလုံးလျားလျား ရောက်မလာနိုင်ခဲ့သော ကျွန်တော့်ကို စိတ်အပျက်ကြီးပျက်ပြီး ရှောင်ပုန်းသွားပြီလား။ မုန်းမေ့ပြီး သွေ့ဖယ်စိမ်းကားသွားပြီလား။

ကိုဗိုင်းတို့စုံတွဲကို တွေ့၏။

သတို့သမီး အသစ်ကျပ်ချွတ်ကလေးနှင့် ပျော်မြူးနေ၏။ ကျွန်တော် ပြေးသွားပြီး ကိုဗိုင်းကို စိတ်ရှိလက်ရှိ ထိုးပစ်လိုက်၏။ လေကိုသာ ထိုးမိသည်။

ထိန်ထိန်သာ ငိုရင်းနှင့် သေသွား၏။

တစ္ဆေဖြစ်သွားပြီး ကျွန်တော့်ကို လည်ပင်း လိုက်ညှစ်သတ်၏။ ကျွန်တော်က ကလေးငယ်ကို ချီပွေ့ပြီး လွတ်ရာပြေးသည်။ လိုက်မီလာပြီး ကျွန်တော့်လက်ထဲမှ ကလေးကိုလုကာ လွှင့်ပစ်လိုက်၏။ ကျွန်တော် တားဆီးအော်ဟစ်သံက ရင်ခေါင်းထဲမှတင် ကျယ်လောင်သွား၏။

"ဒီမှာ. . . ဒီမှာရှင့်. . . ထပါဦး. . ."

လှုပ်နှိုးသံကြောင့် ကျွန်တော် လန့်နိုးသွား၏။ အိပ်မက်ဆိုးတွေ ကျွန်တော် မက်နေခြင်းပင်။ အိပ်မှုန်စုံဝါးဖြင့် ကျွန်တော် ယိုင်လဲမလိုလို ထရပ်လိုက်သောအခါ. . .

ညတာဝန်ကျဆရာမက. . .





"ရှင့်လူနာ မရှိတော့ဘူး. . .။ ကျွန်မ မနက်စာ သွားစားနေတုန်း သူတို့သားအမိ ထွက်သွားကြတာ. . .။ ဒီမှာ သူ့ခုတင်ပေါ်မှာ စာရေးထားခဲ့တယ်. . ."

ဆရာမ ပေးသောစာရွက်ကို ကမန်းကတန်း ယူဖတ်လိုက်၏။

(လူယုတ်မာရဲ့သွေးကို ရှင်ပဲ မွေးတော့)

စာတိုလေးတစ်ကြောင်းသာ တုံးတိတိ ရေးထားခဲ့၏။

ခွဲစိတ်ဒဏ်ရာတွေ မကျက်သေးဘဲ၊ တာဝန်ရှိသူ ဆရာဝန်ကြီးများ၏ ခွင့်ပြုချက်ကို မတောင်းခံဘဲ၊ ဆေးရုံမှ စိတ်ထင်သလို ဆင်းသွားသော ထိန်ထိန်သာ။

"ကလေး. . . ကလေးရော"

"ကလေးရှိတယ်၊ အိပ်ပျော်နေတယ်. . .။ အဲဒါကို ရှင် ဘယ်လိုလုပ်မလဲ"

ထိန်ထိန်သာရဲ့အမေက မတားဆီးခဲ့ဖူးလား။ အတန်တန် တားဆီးခဲ့မှာတော့ သေချာပါသည်။ သမီးလူမမယ်သည်ကြီးရဲ့ဆန္ဒဆိုးတွေ ပြင်းပြလွန်းနေတာကို မပယ်နှိုင်၍ မိခင်ဖြစ်သူမှာ ရင်နာနာနှင့် မြေးဦးလေးကို ထားခဲ့ရရှာဟန်တူ၏။

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



တကယ်ကြောက်ဖို့ကောင်းတဲ့ မိန်းမ။ ဒါ. . . မိခင်တဲ့လား။ အပြစ်မဲ့တဲ့ ကလေးမွေးကင်းစလေးအပေါ်မှာ ယုတ်မာသွားခဲ့တာ ဘယ်လောက် ရက်စက်မှုတွေက ကမ်းကုန်လိုက်သလဲ။

ရတယ်။ ဟော့ဒီကလေးကို ငါ့ရင်သွေးလို မွေးမယ်။ အခန်းထဲမှကလေးကို အသာအယာ ကောက်ယူပွေ့ချီလိုက်မိ၏။

ကံဆိုးလိုက်တာ ကလေးရယ်. . .။

မိခင်စိတ် မရှိတဲ့ မိန်းမ. . .။

ဖခင်စိတ် မရှိတဲ့ ယောကျ်ား. . .။

လောကမှာ လူဖြစ်ပေမယ့် လူမဆန်တဲ့ အယုတ်တမာမိန်းမ၊ ယောကျ်ားတွေရဲ့ ဝမ်းထဲကိုမှ မင်း ဝင်စားရရှာတယ်လို့ကွယ်။

အားမငယ်နဲ့သား. . .။

အဲ့ဒီလို လူစားတွေနဲ့ အဝေးဆုံး အရပ်ဟစ်ပါးမှာ. . .

ငါ့ဘဝကို မြှုပ်နှံပြီး. . .

ငါ့နှလုံးသားနဲ့ မင်းကို အကောင်းဆုံးဖြစ်အောင် မွေးမယ်။ မေဒီနီ. . . ကိုယ် ဘယ်လိုလုပ်မလဲ။

ရင်ထဲမှာ လှိုက်တက်လာသော ဝမ်းနည်းတစ်ဆို့မှုဖြင့်. . . ကလေးကို ရင်ဝယ်သားလို နမ်းရှိုက်လိုက်မိ၏။

ဒီသားလေးအတွက် ငါ့ရဲ့ရှေ့ဆက်လမ်းကို လှမ်းမြင်နိုင်





ပြီး. . .

ငါ့ချစ်သူ မင်းအတွက် ရှေ့ဆက်လမ်းကို လှမ်းမမြင်နိုင်တာ ဘာကြောင့်လဲ မေနီ။ လက်ရှိ သိနေတာက. . .

ငါ့ရင်အသည်းတွေ နှင်းမှုန်လို တစ်စစီ ကြွေပြီ. . . .။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၂ )

ကျွန်တော် အိမ်ကို ပြန်လို့မဖြစ်။ သူငယ်ချင်း ချစ်ခင်အောင် အိမ်မှာ ခဏဝင်တည်းခိုဖြစ်၏။ ချစ်ခင်အောင်က လူပျို လူလွတ် တစ်ယောက်တည်းသမား။ ချစ်ခင်အောင်တို့အိမ်နေရာကို ကိုဖိုင်း သိသည်။ ယခင်က ချစ်ခင်အောင်နှင့် ကျွန်တော်တို့ညီအစ်ကိုမှာ တွဲဖော်တွဲဖက်ဟောင်း။ ကိုဖိုင်းတို့နှင့် ဝေးရာမသွားမီ ခရီးတစ် ထောက် နားရခြင်းပင်။

"မင်းကတော့ လုပ်ချလိုက်ပြန်ပြီ. . . ထွန်းထွန်းရာ။ လူပျို လူလွတ်တွေက ဒီလိုမွေးခါစကလေးကို ဘယ်လိုဆက်မွေးလို့ရမှာ တဲ့လဲ. . .။ ခုန ကလေးငိုလို့ အိမ်ဘေးက ကလေးအမေနို့ကို ပေး



www.burmeseclassic.com

www.burmeseclassic.com



တိုက်လိုက်ရတာပဲ မင်းကြည့်ဦး။ နို့ဘူးလေးအားကိုးနဲ့ မရဘူး၊ ကလေးကာဟီရက ပိုးမွေးရတာထက် ပိုအလုပ်ပျားသေးတယ်။ အင်း. . . ငပိုင်းဆိုတဲ့ကောင်ကလည်း မပြောချင်ပါဘူးကွာ။ ငယ်နှီးတောင် မစင်သေးတဲ့ကလေးကို ဒီလိုပြုရက်တာ တရားမဲ့လွန်းပါတယ်"

"ငါတို့မှာ ညည်းတွားဖို့မလိုဘူး. . . ချစ်ခင်။ အဲဒီလူ မဟုတ်တဲ့ဟာတွေကို ထည့်မပြောနဲ့"

"မင်းစကားအရဆို မင်းရဲ့မေဒီနီကို. . . မင်း ဘယ်လိုဆက်လုပ်မလဲ. . .။ သူနဲ့သွားတွေ့မလား"

အေး. . . သွားချင်တယ်။ ဒါပေမဲ့ ကလေးကို မင်းနဲ့ ထားခဲ့လို့ မဖြစ်ပါဘူး။ ပြီးတော့ ကလေးချက်ကြွေဖို့ ရက်လိုသေးတယ်။ သွေးလည်းယိုနေတယ်. . . ကလေးအထူးကုဆီ သွားပြစရာရှိနေတယ်"

"အဲ့ဒီကပြီးရင် မေဒီနီ့ဆီ ပြေးတွေ့လိုက်ပေါ့"

ကျွန်တော်တို့ လူပျိုကလေးအဖေနှစ်ယောက် ကလေးကို ပွေ့ချီပြီး ကလေးအထူးကုဆီ ရောက်သွားခဲ့ရပြန်၏။ ကလေးကို ဆေးခန်းပြပြီးသော်လည်း အငိုလွန်သောကလေးကို ချော့မော့နေရတာနှင့်တင် မိုးချုပ်ရပြန်၏။ တို့တွေ တကာယ်ဝေးရပြီနဲ့ တူပါတယ်





မေနီရယ်။

အရပ်ကူပါ လူဝိုင်းပါ၍ ကလေးကို တစ်ညလုံး ချီပိုးကာ ချော့မသိပ်ရခြင်းဖြစ်၏။ ရပ်ကွက်ထဲမှ ကလေးအမေအချို့က လာရောက်ကူညီ နို့တိုက်ကာ သိပ်ပေးသည့်အတွက် အသက်ရှူချောင်ရ၏။ ကလေးအနှီး သေးစိုချီးစိုကို ကိုယ်တိုင်လျှော်ရ၏။ ညလယ်မှာ ဗိုက်ဆာလျှင်တိုက်ဖို့ နို့ဘူးကိုလည်း ကိုယ်တိုင်ဖျော်ရ၏။ နာရီခြားပြီး ကလေးအနာကို ဆေးမှုန့်ထည့်ရပြန်သည်။ နီတာရဲလေးမို့ ကိုင်တွယ်တာ ကြမ်းသွားလျှင်လည်း ကလေးမှာ မလန်းတော့။

ကလေးနိုးလျှင် ယရ၏။ တစ်နာရီခြား တစ်ခါနိုး၏။ အစားပုပ်ဟန်တူသောကလေးက နွားနို့ကို မိခင်နို့လောက် အားရတင်းတိမ်ဟန်မတူ။

ချစ် ခင်အောင်ကတော့ ဒုက္ခ. . . ဒုက္ခဟုသာ ညည်းတွားတရားမှတ်နေ၏။ မေဒီနီထံ သွားမတွေ့ဖြစ်ပြန်။ ချစ်ခင်အောင်နှင့် မေဒီနီတို့ကို ယခင်က တစ်ခါ မိတ်ဆက်ပေးဖူး၏။ မေနီ့ထံမှ အကျိုးအကြောင်း သိရရန် နောက်တစ်နေ့မနက်မှာ ချစ်ခင်အောင်ကိုပင် လွှတ်လိုက်ရ၏။

"မင်းသာ ကလေးမိခင်ကြီး ဖြစ်နေမှန်းသိရင် မေဒီနီ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုသဘောထားလာမလဲ မသိဘူးနော်"

"မင်း မြန်မြန်သွားစမ်းပါကွာ. . .။ ကလေးက ဘယ်လို ဖြစ်နေမှန်း မသိဘူး. . .။ ငိုသံတောင် အစ်အစ်ပဲ ထွက်ချင်တော့ တယ်။ ဆေးခန်း ထပ်ပြချင်ပြရဦးမှာ။ တောက်. . . ဒီနေ့. . . ဟိုအကုသိုလ်ကောင် ဇိုင်းကတော့ သူ့မင်္ဂလာပွဲကို ပျော်ပျော် ကြီး ကျင်းပနေလောက်ပြီပေါ့ကွ. . ."

ချစ်ခင်အောင် ထွက်သွား၏။ မနက်ဆယ်နာရီလောက်မှာ ပြန်ရောက်လာ၏။

"သူ့အိမ်အထိ လိုက်သွားရတယ်. . . ဒီနေ့ သူတို့ဆိုင်ပိတ် ရမယ်လေ။ အကြောင်းရှိနေတာကိုး. . . မေဒီနီ့ကို တွေ့ဖို့ သူ့အိမ် ဖော်ကောင်မလေးကို အကူအညီတောင်းရတယ်။ မေဒီနီ ထွက် လာတော့ မင်းဖြစ်နေတာတွေ ငါပြောပြလိုက်တယ်. . .။ မေဒီနီ အရမ်းစိတ်ညစ်သွားရှာတယ်ကွာ. . .။ သူ့အခြေအနေတွေကို ရှင်း ပြပြီး ငါ့ကို စာပြန်ရေးပေးလိုက်တယ်။ ကဲရော့ ဖတ်ကြည့်. . . ဒီနေ့ နေ့လယ်ဆယ့်နှစ်နာရီတိတိကို မေဒီနီ့ဆီ မင်း ရောက်အောင် သွားပေတော့"

မေဒီနီ ပေးလိုက်သောစာကို ဖတ်ကြည့်လိုက်ပြီး ရင်ထဲမှာ တရှိန်းရှိန်း တောက်လောင်သွားမိ၏။ ပြာဝေသောအမြင်နှင့် တုန်





လှုပ်ခြောက်ခြားသော စိုးရိမ်ပူပန်စိတ်တွေ ငယ်ထိပ်ထိတိုင် တက် လာမိ၏။

"ငါ ဘယ်လိုလုပ်ရမလဲ၊ ဒီမှာကြည့်ပါဦး။ ကလေးအသား တွေကလည်း ပူခြစ်နေတာပဲ. . .။ မီးခဲကို ပွေ့ထားရသလိုပဲ အချိန် မီ ဆေးရုံ အမြန်ပြေးမှဖြစ်တော့မယ်"

"ငါကလည်း နားမလည်ပါးမလည်ဆိုတော့ ဒုက္ခပါပဲ ထွန်း ထွန်းရာ။ ပြီးတော့. . . မင်းနဲ့လည်း ငါလိုက်လို့မဖြစ်ပြန်ဘူး။ ဒီနေ့ ခြံမြေအမွေကိစ္စနဲ့ တရားဆိုင်ထားတာ. . . တိုင်းတရားရုံးက ဒီနေ့ မှ ငါမသွားနိုင်ရင် အမှုရှုံးသွားနိုင်တယ်လို့ ရှေ့နေကြီးက ပြောထား တယ်"

ကျွန်တော် လုပ်သင့်တာကို လုပ်မှဖြစ်မည်။ လူ့အသက် တစ်ချောင်းအတွက် ဘယ်အရာက ပိုအရေးကြီးပါသလဲ။

"ငါ ဆေးရုံကို သွားပြမယ်၊ အချိန်မီရင် မေနီ့ဆီ သွားမယ်။ အချိန်မမီရင် မသွားတော့ဘူး. . .။ မေနီနဲ့တွေ့ဖို့က မဖြစ်မနေ အသည်းအသန် အရေးကြီးနေသလို ဒီကလေးအတွက်လည်း သေ ရေးရှင်ရေးလို အရေးကြီးနေပြီ။ ငါ ဒီကလေးကို ပထမဦးစားပေး လိုက်တော့မယ်"

"ဒါဆိုလည်း. . . ဆေးခန်း မြန်မြန်သွားပြဖို့သာလုပ်ပါကွာ။



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့နှလုံးသားရေးရာအတွက် အနုတ်လက္ခဏာ မဖြစ်ပါစေနဲ့လို့ ငါဆုတောင်းပါတယ်။ အခု ဆယ့်တစ်နာရီ ရုံးချိန်သွားရမယ့် ငါ့ ဒုက္ခအပေါ်လည်း နားလည်ပေးပါ။ ဆိုးတယ်ကွာ၊ အခြေအနေ က တကယ့်ကို အကျဉ်းအကျပ်ပဲ"

ကျွန်တော် ကလေးကို ချီပွေ့ပြီး (TAXI) ငှားကာ အထူး ကုဆေးခန်းဆီ ပြေးရလေတော့သည်။ ဆေးခန်းရောက်ပြီး ကလေး အထူးကုဆရာဝန်ထိုင်နေကျအချိန် မဟုတ်၍ ဖုန်းနှင့် လှမ်းဖုန်း ခေါ်နေတာကို စောင့်နေရ၍ ဆယ့်တစ်နာရီ ထိုးသွား၏။ ဆရာဝန် ရောက်လာသောအခါ ဆယ့်တစ်နာရီခွဲနေလေပြီ။ ကလေးစမ်းသပ် ခ၊ ဆေးဖိုးဝါးခ၊ ဆရာဝန် အသွားအပြန်ခြေကြွခတွေ အားလုံး ကျွန်တော် စိုက်ရှင်းရမှာဖြစ်သည်။

အသပြာဆရာဝန်၏ငွေကြေးအရ ကြင်နာမှုဖြင့် ကုသ၍ ကလေးမှာ မှိန်းပြီးငြိမ်နေရာမှ ပြန်လည် လှုပ်ရှားလာ၏။

ကလေးဆရာဝန်က လိုအပ်တာတွေ အသေးစိတ် မှာပြီး ပြီး မိခင်မဲ့ကလေးရဲ့ဘဝကို ကျွတ်စုတ်သပ်နေရှာ၏။

ဆေးခန်းပြနေသရွေ့ ကလေးအဖေ အမည်နေရာမှာ ကျွန်တော့်နာမည် ထည့်ပေးလိုက်၏။

မိခင်အမည် ကွက်လပ်မထား။ သေပြီဟု စိတ်ပေါက်သော်



နှင့် မဆီမဆိုင်တာ ရေးထည့်ပစ်လိုက်၏။

ဆရာဝန်နှင့် ဆေးခန်းပြပြီးသောအခါ ဆယ့်နှစ်နာရီ ထိုး သွားလေပြီ။ ရင်တစ်ခုလုံး စိတ်မှာပိုင်းစ ပျက်သုဉ်းသွားသလို ခံစား လိုက်ရ၏။

မေဒီနီ နောက်ဆုံးမျှော်လင့်နေမည့် ဆယ့်နှစ်နာရီတိတိ အချိန်မှာ ပြီးဆုံးသွားခဲ့ပါလေပြီ။

ကျွန်တော့် မျှော်လင့်ချက် မျှော်စင်ကြီး အပိုင်းပိုင်း ပျက်ပြို သွားတာ မျက်ရည်ဝဲရင်း မြင်ယောင်လာ၏။

ကလေးကို နူးနူးကျစ်ကျစ်လေး ပွေ့ဖက်ထားလိုက်မိ၏။

ဆေးရုံမှ ပြန်အထွက်မှာ ဆယ့်နှစ်နာရီဆယ်မိနစ်။ ဘယ် လိုမှ လိုက်သွား၍ မမီနိုင်တော့။ တချို့သောအဖြစ်တွေက ပြောင်း လဲမှု မြန်ဆန်လွန်းလှ၏။ မြန်ဆန်သော ပြောင်းလဲမှုတစ်ခုကြောင့် ကျွန်တော့် ရင်အသည်းတွေ ပျက်ပြုန်းကြေကွဲအောင် ထုခွဲခံလိုက် ရလေပြီ။

အိမ်ပြန်ရောက်သောအခါ အိမ်ပေါက်ဝမှာ ထိုင်စောင့်နေ ကြသော လူသုံးလေးယောက်ကိုကြည့်၍ ကျွန်တော် ကြက်သေသေ သွားမိ၏။

ထိန်ထိန်သာ. . .။

www.burmeseclassic.com

www.burmeseclassic.com



ကိုဇိုင်း. . .။

ထိန်ထိန်သာ့မိခင်နှင့် ထိန်ထိန်သာ့မောင်လေး။

"သား"

ထိန်ထိန်သာ လှမ်းလာပြီး ကလေးကို မွတ်သိပ်တောင့်တ သံဖြင့် လာခေါ်၏။

"သွား. . . ခင်ဗျား အနားမကပ်နဲ့"

"ထွန်းထွန်းရယ်. . . တို့မှားပါတယ်။ တို့ အခုမှ အမှန်ကို မြင်တတ်သွားပါပြီ. . .။ တို့ အာဃာတ ဒေါသမာန်မာနတွေ အားလုံး ခဝါချလိုက်ပါပြီ၊ ငါ တောင်းပန်ပါတယ်ဟယ်. . . ငါ့သား လေး ငါ့ကိုပေးပါ။ ငါ့သားလေးနဲ့ ခွဲနေလိုက်မိတာ ငါ့ရင်ကို ဆုပ်ကိုင် ဆွဲညှစ်ခံလိုက်ရသလိုပါပဲ"

"တော်တော်ရယ်ဖို့ကောင်းတဲ့ မိန်းမ . . . ခင်ဗျားလိုမိန်းမ က မိခင်စကား ပြောတတ်သေးသတဲ့လား"

ကိုဇိုင်းက အနားရောက်လာပြီး. . .

"ငါ့မင်္ဂလာပွဲကို ဖျက်လိုက်ပြီထွန်းထွန်း. . .။ လူငယ်ချင်း ညှိနိုင်းပြီး ငါနဲ့လက်ထပ်မယ့် ခင်ပပစိုးကို သူ့ဘက်က စတင်ရှာ သိမ်းဖို့ အကြံပေးလိုက်တယ်။ ငါ့အကြောင်းတွေလည်း ဖွင့်ဟ ဝန်ခံလိုက်တယ်၊ ခင်ပပစိုးကိုယ်၌က ဖျက်သိမ်းလိုက်လို့ တကယ်





ကို ပျက်သွားပြီ၊ တကယ်တော့ မင်း. . . အဲ့ဒီမင်္ဂလာပွဲကို ဖျက်မှာ စိုးလို့ ဖော်ဒင်ဖောကို မားစာခံပြီး ငါလုပ်ဇာတ်ခင်းခဲ့မိတာ။ အဲ့ဒီ တုန်းက အဲ့ဒီစိတ်နဲ့ပြောမိခဲ့တာပါကွာ. . . နောက်မှ မင်းပြောခဲ့ တဲ့စကားတွေက ငါ့အသိတရားကို လှုန့်နှိုးလိုက်သလို ဖြစ်သွားလို့ ငါနောင်တရသွားခဲ့တယ်. . .။ အခု ငါ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ထိန်ထိန်သာကို လက်ထပ်မယ်. . .။ ငါ့အိမ်အတွက် သိပ်မငဲ့လည်း ဖြစ်တာမို့ ဒီလို အစီအစဉ်ကို ပြောင်းလိုက်တာပါ. . .။ ငါ့အမှား ကိုပြင်ပြီးတာနဲ့ ထိန်ထိန်တို့သားအမိရှေ့မှာ ဝန်ချတောင်းပန်ခဲ့ တယ်၊ အခု ငါ ထိန်ထိန့်ကို ဝင်ခေါ်ပြီး သားကို လာခေါ်တာပါ။ ငါတို့မိသားစုလေးကို တစ်သက်လုံး ဥမကွဲ သိုက်မပျက် ချစ်ချစ် ခင်ခင်ကြင်ကြင်နာနာနဲ့ လက်တွဲတည်ဆောက်သွားတော့မယ်။ ငါ့အမှားတွေအတွက် မင်းကိုလည်း တောင်းပန်ပါတယ် ထွန်းထွန်း ရာ"

ထိန်ထိန်သာက တစ်ဖန်ဝင်၍. . .

"ဟုတ်ပါတယ် ထွန်းထွန်းရယ်၊ ငါ့ကိုလည်း ခွင့်လွှတ်ပါ။ ငါ မိုက်မိ မှားမိပါတယ်. . .။ ငါ့အမေ ဆုံးမလိုက်လို့ လိမ္မာတဲ့ အသိကို ငါရခဲ့ပါပြီ။ နောင်တလည်းရတယ်၊ ဝမ်းလည်းနည်းတယ်၊ သားလေးကို စွန့်ခဲ့မိလို့ ကိုယ့်ဘာသာ. . . ယူကျုံးမရ ခံစားရတယ်။



www.burmeseclassic.com

www.burmeseclassic.com



နင် ဒီမှာ ရှိမယ်မှန်းကို ကိုဗိုင်းက သိလို့ခေါ်လာတော့ ကိုချစ်ခင် အောင် အိမ်ပြင်အတွက်မှာ တွေ့တယ်။ သားလေး နေမကောင်း ဘူးဆိုလို့ စိတ်ပူလိုက်ရတာဟယ်. . . ငါ့သားလေး ငါ့ကို ပေးပါ။ ဆေးခန်းပြတာ သက်သာရဲ့လားဟင်"

ကျွန်တော် မလှုပ်။ ကလေး ချီပိုးထားဆဲ။ ကျွန်တော့် မျက်နှာ တင်းမာနေတာကို ကြည့်ပြီး ထိန်ထိန်သာလည်း ကပ်မလာ ရဲ။ ထိန်ထိန်သာရဲ့မိခင်က မျက်ရည်လည်ရွဲနှင့် သမီးနှင့်သမက် တို့ရဲ့ မိုက်ပြစ်တွေအတွက် တောင်းပန်သောအခါကျမှ ကလေးတို့ ဘွားအေလက်ထဲ ထည့်ပေးလိုက်မိ၏။

အားလုံးက ကျွန်တော့်ကို ကျေးဇူးစကား တောင်းပန် စကားတွေ ဝိုင်းဝန်းပြောဆိုနေကြသည်။

ရှိပါစေတော့။ ကျွန်တော် ဝမ်းသာကြည်နူးလိုက်ပါမည်။ မောင်တနှင့် ဘဝသစ်ကို စတင်မည့် မိဘများရဲ့ရင်ခွင်မှာ သား လေး ပျော်ရွှင်ချမ်းမြေ့ပါစေ။ ငြိမ်းချမ်း ပျော်ရွှင်စရာကောင်းသည့် မိသားစုဘဝလေးကို သက်ဆုံးတိုင် အမှန်တကယ် တည်ဆောက် အောင်မြင်သွားနိုင်ကြပါစေ။

သူတို့အားလုံးကို ကျောခိုင်းပြီး ကျွန်တော် လှည့်ထွက်လာ ခဲ့လိုက်သည်။





လက်မှ နာရီကိုကြည့်လိုက်သောအခါ နေ့လယ်တစ်နာရီ ခွဲနေလေပြီ။ မေဒီနီတို့မင်္ဂလာပွဲက တစ်နာရီတိတိမှာ စမည်။

ကျွန်တော် ဘယ်လိုမှ မေဒီနီကို လက်တွဲခေါ်ယူဖို့ မမီနိုင် တော့။ မေဒီနီ ပေးခဲ့သောစာကို ပြန်ဖတ်ကြည့်လိုက်၏။

ယု

ဒေါ်ကြီးတောင်းထားပြီး ကြိုတင်ပြင်ဆင်ချိန်ရှိအောင် ပျော်ချိန်ကြိုပေးပြီး

ယုကို တိုင်အောင့်မျှော်နေခဲ့တယ်။

ယု မလာဘူး။

ယုဒီကို အကြွယ်ဝကိုလည်း မရဘူး၊ ဒီကိုရှိတင် ဂီတကမ်းဝဝကို လွှတ် တမ်းမှီဝဖို့ကို၊ အနာဂတ်တို့ ဒီနေ့ပဲ သူ့ကို လက်ထပ်ရတော့မှာ။ မင်္ဂလာပွဲချိန်က နေ့ခင်းတစ်နာရီ။ တို့ ဒီဘဝမှာ ဘာတွေဖြစ်ခဲ့မှန်း မသိလောက်အောင်ကို ယုဘက်က လှူဒါန်းမှုတွေ ရှိခဲ့တယ်။ တို့နဲ့ယု စတွေ့ကြတုန်းကလည်း ဂီတရေးကြီးလှတာပါပဲ။ ဒါကို ယုနားလည်ရင်. . ဒီနေ့ ဘယ်နှနာရီရောက်အောင်လာခဲ့ပါ. . . တို့ အရင်က ယုနဲ့သွားခဲ့ဖူးတဲ့ ဂီတပြင်ဆိုင်က စောင့်နေမယ်. . ယုနဲ့ နီးရာလိုက်ခဲ့မှ ဖြစ်တော့မှာမို့ ဂီတလို အမြဲကပ်ချိန်လိုက်ရတာ. . .

ယု အကြောင်းကြားပြီးပြန်မျှော်နေလာပါ

ချစ်မိသူဖြစ်တဲ့

မေဒီနီ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



စာရွက်လေးကို အပိုင်းပိုင်း ဆုတ်ဖြဲပစ်လိုက်၏။ စာရွက် အပိုင်းအစတွေကို လေထဲလွှင့်မြှောက်လိုက်၏။

ရစ်ဝဲမျက်ရည်နှင့် ခြေဦးတည့်ရာလမ်းမမှ တစ်ပါး၊ အခြား မမြင်၊ မကြား၊ မသိနိုင်တော့။

ရင်အသည်းတွေ အပိုင်းပိုင်းအစလို လွင့်ကွဲကြွေကျနေရာ အောက်မှ သက်မဲ့လူတစ်ယောက်လို ကျွန်တော် လှမ်းလျှောက်လိုက် မိ၏။

ငါဟာ. . .
အရိုင်းလေးက ရေးတဲ့ မုန်တိုင်းရဲ့တေးသွားပါ
ခြေဦးတည့်ရာ တိုက်ခတ်လွင့်ပါလာမယ်
မေနီ. . .

ဒီကောင်ရဲ့ မုန်တိုင်းတေးမှာ
မျက်ရည်စက်လက် သံစဉ်တွေ ရေးသွင်းထားတယ်။
မင်းမကြားနိုင်လည်း နားထောင်နေမယ်အထင်နဲ့
အဲ့ဒီတေးကို ငါရှိုက်ငိုပြီး သီကြွေးလိုက်ပါတယ်. . .။





အဲ့ဒါဟာ မင်းအတွက်. . .
ငါ့ရဲ့အခန်းနားဆုံး 'လက်ဖွဲ့' ဖြစ်ပါစေ။

အရာရာသည် မြင်ကွင်းထဲမှာ မှုန်ဝါးပျောက်ကွယ်သွား ကြလေသတည်း။

ပြီး

၁၄. ၆. ၂၀၀၂

BURMESE CLASSIC .com

www.burmeseclassic.com